ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ကဆုန်လဆန်း ၇ရက်၊ တနင်္ဂနွေနေ့၊ (25-4-2004)(၄၂၁၄)

ယနေ့ထုတ်စောင်ရေ ၁၉၇၆၅၁

တပေါ စ
တော် မင်္ဂလ မုတ္တမံ။

ဖြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အစိုးရသည် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ ရှင်သန်ဖြစ်ထွန်းအောင် အားပေးနေ
မိခင်နှင့်ကလေးများကို ပြုစုစောင့်ရှောက်ခြင်းသည် မျက်မှောက်အကျိုးကို လက်တွေ့ဖော်ဆောင်နိုင်
အမျိုးသားရေးအဓိပ္ပာယ်၊ အနှစ်သာရတို့ ပြည့်လျှမ်းနေသည့် မွန်မြတ်သော လူမှုစောင့်ရှောက်ရေးလုပ်ငန်းဖြစ်

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအစည်းအဝေးခန်းမဌကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ညီလာခံဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယကများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယကများ၊ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုကောင်စီဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❀

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၅-၄-၂၀၀၄
(တနင်္ဂနွေနေ့)

အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဦးစားပေးလုပ်ငန်းအဖြစ် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

တစ်ချိန်တည်းတွင် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းပြီး နိုင်ငံတော်ကြီးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေး၊လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပေါ်ထွန်းလာစေရန် အမျိုးသားစီမံကိန်းအဆင့်ဆင့်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူတို့၏ တက်ကြွသောပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် နိုင်ငံတော်တည်ဆောက်မှုလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်လျက်ရှိသည်။ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးအညွှန်းကိန်းများသည် လျာထားမျှော်မှန်းသည်ထက် ပိုမိုတိုးတက်လျက်ရှိသည်။

ယင်းသို့ နိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ပြီး ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးအခြေခံများ ဖြစ်ထွန်းရေး၊ လူနေမှုအဆင့်အတန်း မြင့်မားစေရေးတို့ကို ဆောင်ရွက်နေခြင်းသည် ဒီမိုကရေစီစနစ်အတွက် အခြေခံအုတ်မြစ်များပင်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ယင်းသို့မူဝါဒလမ်းစဉ်(၇)ရပ်ကို အဆင့်ဆင့်အကောင်အထည်ဖော်ရာတွင် ပထမအဆင့်အနေဖြင့် ၁၉၉၆ခုနှစ်ကစတင်ပြီး ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကို မေလ ၁၇ ရက်နေ့မှစတင်၍ မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကွင်းစခန်း၌ ပြန်လည်ကျင်းပတော့မည်ဖြစ်သည်။ အမျိုးသားညီလာခံသို့ တက်ရောက်ကြရမည့် ကိုယ်စားလှယ်များကို စိစစ်ရွေးချယ်ပြီး အမျိုးသားညီလာခံသို့ တက်ရောက်နိုင်ရေးအတွက် ၎င်းကိုယ်စားလှယ်များထံသို့ ဖိတ်စာများကြိုတင်ပေးပို့ထားပြီး ဖြစ်သည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဧပြီလ ၁၉ ရက်နေ့က ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကွင်းစခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားခဲ့သည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် **အမျိုးသားညီလာခံကြီးကို ယခင်အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ထုတ်ပြန်ထားသည့် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း အမျိုးသားညီလာခံ၏ ဦးတည်ချက်(၆)ချက်နှင့်အညီ ကျင်းပပြုလုပ်သွားမှာဖြစ်သည့်အတွက် မိမိတို့ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့အနေဖြင့် အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ရေးအတွက် မိမိတို့ဘက်မှ ချို့ယွင်းချက်၊ ဟာကွက်မရှိရအောင် ကိုယ်စားလှယ်တော်ကြီးများ နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ ကျန်းမာပျော်ရွှင်ရေးနှင့် အစည်းအဝေးကျင်းပနိုင်ရေးတို့ အပါအဝင် အဘက်ဘက်မှ ပြည့်ပြည့်စုံစုံ လိုလေသေးမရှိရအောင် စေတနာထား၍ ကြိုးပမ်းဆောင်ရွက်ပေးကြရန်** ပြောကြားခဲ့သည်။

ယခုအခါ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို ခံယူပြီး အမျိုးသားညီလာခံကျင်းပနိုင်ရေးအတွက် လိုအပ်သည့် အဆောက်အအုံ၊ ညီလာခံခန်းမ၊ အစုအဖွဲ့အလိုက် ဆွေးနွေးမည့် အစည်းအဝေးခန်းများ၊ အိပ်ဆောင်၊ ထမင်းစားဆောင်၊ ဆေးရုံ၊အားကစားရုံ၊ စားသောက်ဆိုင်များနှင့် အပန်းဖြေအနားယူ စခန်းများကိုပါ ပြည့်ပြည့်စုံစုံ ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် လုပ်ငန်းကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့သည် အဘက်ဘက်က ပြည့်ပြည့်စုံစုံ လိုလေသေးမရှိ ဆောင်ရွက်ထားရှိပြီးဖြစ်သဖြင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပသွားနိုင်မည်ဟု ကြေးမုံကယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆွမ်းစားကျောင်းဆောင်သစ်ရေစက်ချပွဲနှင့် မွေးနေ့ပူဇော်သဘင် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာကြီး၏ နာယက၊ ပုသိမ်မြို့ သဒ္ဓမ္မသီတဂူသာသနာ့ရိပ်သာ၏ ပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ ပါဠိပါရဂူ ဘဒ္ဒန္တတေဇိန္ဒာသဘဆရာတော်၏ သက်တော်(၆၆)နှစ်ပြည့် မွေးနေ့ပူဇာနှင့် ဓမ္မာဘိသေကမဟာစည် ရွှေရတုဗိမာန်တော် အုတ်မြစ်စီ အခမ်းအနား၊ အာယုပါလဆွမ်းစားကျောင်းဆောင်သစ်ကြီး ရေစက်ချပွဲကို ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၇ရက် (ဧပြီ ၂၅ရက်)တနင်္ဂနွေနေ့နံနက်ရနာရီတွင် ပုသိမ်မြို့ သဒ္ဓမ္မသီတဂူရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ တပည့်ယောဂီများနှင့် အလှူရှင်များထံ ဖိတ်ကြားနိုးဆော်ထားပြီး ပါဝင်လှူဒါန်းလိုသော အလှူရှင်များသည် ဖုန်း ၀၄၂-၂၁၁၀၁/၂၄၂၂၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။(က-ပ)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၉)လမ်း၊ အမှတ်(၆၇)နေ ကွယ်လွန်သူ နှစ်ဖက်သောမိဘများအားရည်စူး၍ လောက်ဂိုစိန်(ယုန်တံဆိပ်မုန့်ဆိုင်)၊ ဦးကျော်စိုး-ဒေါ်ခင်နှောင်း၊ သားမောင်အောင်ကျော်မိုး၊ သမီး မကြည်လဲ့ဝင်း မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်ရှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ဧပြီ ၁၉ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အကောက်ခွန်ဥပဒေနှင့် ဆက်နွယ်နေသည့် ကောက်နုတ်ချက်များ စာအုပ်ထုတ်ဝေ

ရန်ကုန် ဧပြီ ၂၄

ဦးရွှေမင်း (တရားရုံးချုပ်ရှေ့နေ) ရေးသားသည့် အကောက်ခွန်ဥပဒေနှင့်ဆက်နွယ်နေသည့် အခြားတည်ဆဲဥပဒေများမှ ကောက်နုတ်ချက်များ စာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က စာစဉ်(၂၁)အဖြစ် ထုတ်ဝေလိုက်သည်။ ဆိပ်ကမ်း၊ လေဆိပ်နှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် စစ်ဆေးကြီးကြပ်ရေးတာဝန် ထမ်းဆောင်လျက်ရှိကြသော အကောက်ခွန်အရာရှိများသာမက အကောက်ခွန်ဥပဒေနှင့် ပတ်သက်ဆက်စပ် တာဝန်ထမ်းဆောင်ရသော ဝန်ထမ်းများ၊ ပြည်ပမှတင်သွင်းသူ၊ ပြည်ပသို့တင်ပို့သူများပါ လေ့လာဆည်းပူးသင့်သော အကြောင်းအချက်များကို စုစည်းဖော်ပြထားသော အဆိုပါစာအုပ်ကို မဂ္ဂဇင်းဆိုက်အရွယ်၊ စာဖောင် ၂၅ဖောင်၊ ရောင်းဈေးကျပ် ၁၈၀၀ဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၏ ကိုယ်စားလှယ်ဆိုင်ကြီးများ အပါအဝင် ရန်ကုန်၊ မန္တလေး စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (က-ပ)

ချစ်ကြည်ရေးခရစ်ကက် ပြိုင်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖြစ်မြောက်ရေးကော်မတီက ကြီးမှူး၍ ချစ်ကြည်ရေး ခရစ်ကက်အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ရနာရီခွဲတွင် ပန်းလှိုင်ဂေါက်ကွင်း (လှိုင်သာယာ)၌ကျင်းပရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ အကယ်ဒမီ ဦးညွန့်ဝင်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးကျော်နိုင်၊ ဦးကျော်ကျော်၊ ဦးမောင်မောင်၊ အထွေထွေ အတွင်းရေးမှူး အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်နှင့် အမှုဆောင်များ၊ အကြံပေးပုဂ္ဂိုလ် ဦးကြီးမြင့်၊ ပန်းလှိုင်ဂေါက်ကွင်းမှ အထူး ဖိတ်ကြားထားသူများနှင့် ခရစ်ကက် အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပန်းလှိုင်ဂေါက်ကွင်း ဒါရိုက်တာ Mr. Mark-A-Tippettsက နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ အကယ်ဒမီ ဦးညွန့်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် Myanmar Cricket Association (XI)အသင်းနှင့် Ex-patriate Invitational (XI) အသင်းတို့ ချစ်ကြည်ရေးပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ Myanmar Cricket Association (XI)အသင်းက ၁၂၅မှတ်၊ ၁၀၁မှတ်ဖြင့် အနိုင်ရရှိသွားသည်။ (သတင်းစဉ်)

အီလက်ထရွန်နစ်နည်းစနစ်သုံးပညာရေးစီမံခန့်ခွဲမှုသင်တန်းအတွက်ထုတ်လွှင့်မည့်အစီအစဉ်

၂၇-၄-၂၀၀၄(အင်္ဂါနေ့)

Day -2

စဉ်	အချိန်	ပို့ချမည့်အကြောင်းအရာ	ကြာမြင့်ချိန်	မှတ်ချက်
၁။	နံနက်[illegible]	[illegible]	၃၅မိနစ်	[illegible]
၂။	[illegible]	[illegible]	၅မိနစ်	
၃။	[illegible]	[illegible]	၂၅မိနစ်	[illegible]
၄။	[illegible]	[illegible]	၅မိနစ်	
၅။	[illegible]	[illegible]	၃၅မိနစ်	[illegible]
၆။	[illegible]	[illegible]	၁၅မိနစ်	
၇။	[illegible]	နေ့လယ်စာစားချိန်		
၈။	[illegible]	[illegible]	၂၀မိနစ်	[illegible]
၉။	[illegible]	[illegible]	၃မိနစ်	
၁၀။	[illegible]	[illegible]	၂၅မိနစ်	[illegible]
၁၁။	[illegible]	[illegible]	၃မိနစ်	
၁၂။	[illegible]	[illegible]	၂၂မိနစ်	[illegible]
၁၃။	[illegible]	[illegible]	၃မိနစ်	
၁၄။	[illegible]	[illegible]	၃မိနစ်	
၁၅။	[illegible]	NIPPE	၂၂ မိနစ်	[illegible]
၁၆။	[illegible]	[illegible]		

ဒေ၀သာဂရရဟန္တာသိမ်ဖြူတော်ကြီး ဒသမအကြိမ်ပဌာန်းပွဲ

ရန်ကုန် ဧပြီ ၂၄

မင်္ဂလာတောင်ညွန့်မြို့နယ် မီးရထားရပ်ကွက်ရှိ ဒေ၀သာဂရ ရဟန္တာသိမ်ဖြူတော်ကြီးတွင် ဆရာတော် အရှင်ဥေယျသာဂရ ဦးဆောင်၍ သံဃာတော်အရှင်သူမြတ်များက ဒသမအကြိမ်မြောက် အသံမစဲမဟာပဌာန်း ရွတ်ဖတ်ပူဇော်ပွဲကြီးကို ဧပြီ ၂၇ရက်မှ မေ ၁ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ကျားတို့မြေ (သို့မဟုတ်) ဟူးကောင်းချိုင့်ဝှမ်း ကျားထိန်းသိမ်းရေးနယ်မြေ

အောင်ဒင်
(သစ်တောပညာ)

အာရှတိုက်ဇာတိဖြစ်သည့် အကြီးဆုံးကြောင်မျိုးရင်း၀င်ဖြစ်သော ကျားမျိုးစိတ်ရှစ်မျိုး ကမ္ဘာပေါ်တွင် နေထိုင်ကျက်စားခဲ့ကြောင်း သိပ္ပံဆိုင်ရာမှတ်တမ်းများကဆိုသော်လည်း ယခုအခါ ငါးမျိုးသာလျှင် သက်ရှိထင်ရှား တွေ့မြင်နိုင်ကြရသည်။ Bali Tiger, Caspian Tiger နှင့် Javan Tiger တို့ မျိုးသုဉ်းပျောက်ကွယ်သွားကြပြီ ဖြစ်သည်။ South China Tiger, Siberian Tiger ခေါ် Amur Tiger, Sumatran Tiger, Indo-chinese Tiger နှင့် Bangal Tiger တို့ကိုသာ ယနေ့တွေ့မြင်နိုင်တော့သည်။

ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ရန်ပုံငွေအဖွဲ့ (World Wildlife Fund-WWF)က ၂၀၀၄ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာချက်အရ Bali Tiger မျိုးများသည် ၁၉၄၀ ပြည့်နှစ်များအတွင်းကလည်းကောင်း၊ Caspian Tiger မျိုးများသည် ၁၉၇၀ပြည့်နှစ်များအတွင်းကလည်းကောင်း၊ Javan Tiger မျိုးများသည် ၁၉၈၀ ပြည့်နှစ်များ အတွင်းကလည်းကောင်း ကမ္ဘာမြေပေါ်မှ အသီးသီးမျိုးသုဉ်း ပျောက်ကွယ်သွားကြပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် South China Tiger မျိုးများသည် အကောင်ရေ ၂၀ မှ ၃၀ အတွင်း၊ Siberian Tiger ခေါ် Amur Tiger မျိုးများသည် အကောင်ရေ ၃၆၈ မှ ၄၀၆ ကောင်အတွင်း၊ Sumatran Tiger မျိုးများသည် အကောင်ရေ ၄၀၀မှ ၅၀၀ အတွင်း၊ Indo-chinese Tiger မျိုးများသည် ၁၂၂၀ မှ ၁၇၈၅ ကောင်အတွင်းနှင့် Bangal Tiger မျိုးများသည် ၃၁၇၆ မှ ၄၅၅၆ ကောင်အတွင်းရှိနိုင်ကြောင်း ခန့်မှန်းထားသဖြင့် ကမ္ဘာပေါ်တွင်ကျားစုစုပေါင်း ၅၁၈၄ မှ ၇၂၇၇အတွင်းသာကျန်ရှိပြီး အရေအတွက်ကျဆင်းလျက်ရှိကြောင်းသိရသည်။

အဆိုပါ ကျားငါးမျိုးအနက် မြန်မာနိုင်ငံတွင် နေထိုင်ကျက်စားသော ကျားနှစ်မျိုးမှာ Indo-chinese Tiger နှင့် Bangal Tiger တို့ဖြစ်သည်။ ကျားများ သဘာ၀အလျောက် နေထိုင်ကျက်စားသော ၁၄ နိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ တရုတ်၊ အိန္ဒိယ၊ နီပေါ၊ လာအို၊ ကမ္ဘောဒီးယား၊ ကိုရီးယား၊ ရုရှား၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံတို့ဖြစ်သည်။ ယခင် လေ့လာတွေ့ရှိချက် မှတ်တမ်းများအရ အာရှတိုက်တွင် မြန်မာနိုင်ငံသည် အိန္ဒိယပြီးလျှင် ကျားအများဆုံး နေထိုင်ကျက်စားသော တိုင်းပြည်ဖြစ်သည်။ ကျွမ်းကျင်ပညာရှင်များ၏ အဆိုအရ ၁၉၈၀ ပြည့်နှစ်၀န်းကျင်က ကျားကောင်ရေ ၃၀၀၀ ခန့်၊ ၁၉၉၆ ခုနှစ်၀န်းကျင်က ကောင်ရေ ၆၀၀ မှ ၁၀၀၀ ကြားရှိမည်ဟု ခန့်မှန်းခဲ့ကြသည်။ ၁၉၉၈ခုနှစ် ကျားများနှစ်ညီလာခံတွင် သစ်တောဦးစီးဌာန၏ သုတေသနစာရင်းကောက် ခန့်မှန်းထုတ်ပြန်ချက်အရ ၁၇၈ ကောင်နှင့် ၄၉၅ ကောင်အကြား ရှိနိုင်ကြောင်း သိရှိရသည်။ သစ်တောသမားများ၊ သစ်တောစာရင်းကောက်သူများ၊ အမဲလိုက်မုဆိုးများနှင့် သုတေသနပညာရှင်များ၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံမြောက်ဖျားအလွန်မြင့်မားသောဒေသမှအပ ကျားများကို နေရာအတော်များများ၌ တွေ့ရှိရကြောင်း သိရသည်။

ရှေးယခင်က ကျက်စားရာအရပ်ဒေသများ၌ ပေါများစွာတွေ့မြင်ရလေ့ရှိသော ကျားများသည် ယခုအခါ လူနှင့်ဝေးရာတွင် ပုန်းအောင်းနေကြရသော ကျားများဘ၀ သက်ဆင်းနေကြရပြီဖြစ်ပါသည်။ ယင်းသို့ ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းတချို့မှာ တိုးတက်လာသော လူဦးရေများအတွက် မြေအသုံးချမှုပုံစံများ ပြောင်းလဲလာရခြင်းကြောင့် ကျားများနေထိုင်ပေါက်ပွားရန်နေရာနှင့် ကျားများစားသောက်ရန် သားကောင်များ ရှားပါးလာခြင်း၊ ကျား၏သဘာ၀အလျောက် ပေါက်ပွားနှုန်းထက် အမဲလိုက်သတ်ဖြတ်နှုန်းက ပိုများလာခြင်း၊ ကျားများကို အမဲလိုက်ခြင်းအား ထိန်းချုပ်နိုင်မှုအားနည်းခြင်း၊ အာရှနိုင်ငံအချို့၏ ရိုးရာဆေး၀ါးများတွင် ကျားအစိတ်အပိုင်းများ ထည့်သွင်းအသုံးပြုရန် ဈေးကွက်လိုအပ်ချက် တိုးပွားလာသဖြင့် စီးပွားဖြစ်အမဲလိုက်ခြင်းတို့ဖြစ်သည်။

သစ်တောရေးရာ၀န်ကြီးဌာန သစ်တောဦးစီးဌာနသည် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society-WCS)နှင့်ပူးပေါင်း၍ မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေကြရသော ကျားမျိုးများ မပျောက်ကွယ်သွားစေရေးအတွက် ပဏာမလုပ်ငန်းအနေဖြင့် ကျားစာရင်းကောက် လုပ်ငန်းစီမံကိန်းကို ၁၉၉၈ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၂ ခုနှစ် ဧပြီလအထိ သုံးနှစ်ငါးလကြာ ဆောင်ရွက်ခဲ့သည်။

ကျားကျွမ်းကျင်သူ ပညာရှင်များနှင့် သစ်တော၀န်ထမ်းများသည် မြန်မာနိုင်ငံ၌ ကျားများ တွေ့ရှိနိုင်သေးသည်ဟု ယူဆရသောဒေသ ၁၈ နေရာတွင် ယင်းလုပ်ငန်းကိုကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ ထိုဒေသများမှာ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ထမံသီဘေးမဲ့တော၊ သောင်ဒွတ်ကြိုးဝိုင်း၊ မဟာမြိုင်ကြိုးဝိုင်း၊ နန်းခမူကြိုးဝိုင်း၊ စာရာမေတိတောင် နန်းသလိတ်ကြိုးဝိုင်း၊ လွဲကြီး-ပေါင်းလောင်း ရေဝေရေလဲဒေသ၊ ပန်းလောင်းနှင့်ပြဒါးလင်းဂူ ဘေးမဲ့တော၊ ပဲခူးရိုးမ၊ ရခိုင်ရိုးမ ဆင်ဘေးမဲ့တော၊ ဟူးကောင်းချိုင့်ဝှမ်းဒေသ၊ ဆွမ်ပရာဘွမ်ဒေသ၊ ပလက်ဝနှင့် ကုလားတန်ဒေသ၊ ခေါင်လန်ဖူးဒေသ၊ မိုးမိတ် မဘိန်းဒေသ၊ မြင်းမိုရ်လက်ခတ်တောင်ဒေသ၊ တနင်္သာရီ သရက်ချောင်းဖျားဒေသနှင့် ဖုန်ကန်ရာဇီဘေးမဲ့တောတို့ဖြစ်သည်။

ကျားစာရင်းကောက်လုပ်ငန်းကို အဆိုပါဒေသများအတွင်း ကင်မရာထောင်ချောက်များ (Camera Trap) အသုံးပြု၍ ကျားနှင့် ကျားအစာသားကောင်များ အခြေအနေကိုလေ့လာခြင်း၊ ဒေသခံများအား မေးမြန်းစုံစမ်းခြင်း၊ ကျားခြေရာလမ်းကြောင်းနှင့် အမှတ်အသားလက္ခဏာများကို လေ့လာမှတ်သားခြင်း၊ တောအခြေအနေကို မှတ်တမ်းတင်ခြင်း စသည့်နည်းလမ်းများသုံး၍ ဆောင်ရွက်ခဲ့သည်။ လေ့လာမှုများအရ ဟူးကောင်းချိုင့်ဝှမ်းဒေသ၊ ထမံသီဘေးမဲ့တောတွင် ကျားအကောင်ရေ ၅၀ ခန့်နှင့် တနင်္သာရီ သရက်ချောင်းဖျားဒေသများ၌ အကောင်ရေ ၅၀ ကျော်ခန့်ရှိသည်ဟု ခန့်မှန်းကြသည်။ သို့သော် အရှေ့တောင် အာရှတွင် မြန်မာနိုင်ငံ၌ ကျားအများဆုံး နေထိုင်ကျက်စားနိုင်သည့် ကျားနေရင်း ဒေသများ(Tiger Habitat) များစွာ ကျန်ရှိနေသေးကြောင်း တွေ့ရှိရသည်။ လေ့လာခဲ့သောနေရာများမှ ကျားရှိကြောင်း မှတ်တမ်းဓာတ်ပုံများ မရရှိခဲ့သော်လည်း ပတ်၀န်းကျင်နေ ဒေသခံပြည်သူများထံမှ ကျားနှင့်ပတ်သက်သော သတင်းအချက်အလက်များ ရရှိနေဆဲဖြစ်သည်။ သစ်တောဦးစီးဌာနအနေဖြင့် ကွင်းဆင်းလေ့လာမှုများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။ သစ်တော ၀န်ထမ်းများပေးပို့သော အစီရင်ခံစာများအရ ကျားစာရင်းကောက်လုပ်ငန်း မဆောင်ရွက်နိုင်သေးသော ရှမ်းရိုးမနှင့် ကချင်ပြည်နယ်တောင်ပိုင်း ဒေသများတွင်လည်း ကျားအနည်းငယ်ရှိကြောင်း သိရသည်။

လက်တွေ့ကွင်းဆင်းရာမှ ရရှိသောအချက်အလက်များ၊ကင်မရာထောင်ချောက်မှ ရရှိသောပုံများနှင့် အခြားနည်းလမ်းများအရ မြန်မာ့ကျားအရေအတွက်မှာ ၁၅၀ခန့်သာရှိနိုင်ကြောင်း ခန့်မှန်းရသည်။ ထို့ကြောင့် ထိရောက်သောနည်းလမ်းများဖြင့် မြန်ဆန်စွာ ထိန်းသိမ်းကာကွယ်မှုမပေးနိုင်လျှင် မြန်မာ့မြေပေါ်မှ ကျားများ မကြာမီ ပျောက်ကွယ်တော့မည်ဖြစ်သည်။

ထို့ကြောင့် သုံးနှစ်ခွဲကြာ ဆောင်ရွက်ခဲ့ပြီးသော လေ့လာတွေ့ရှိချက်များ အပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏ အမျိုးသားကျားစီမံကိန်း (National Tiger Action Plan) ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သစ်တောဦးစီးဌာနသည် ရေတိုစီမံကိန်းလုပ်ငန်းအနေဖြင့် ကျားများသဘာ၀အလျောက် ကောင်းစွာ ရှင်သန်နေထိုင်ပေါက်ပွားလျက်ရှိသော နေရင်းဒေသဖြစ်သည့် ဟူးကောင်းချိုင့်ဝှမ်းနှင့် တနင်္သာရီဒေသတို့အား ဦးစားပေး၍ သဘာ၀ထိန်းသိမ်းရေးနယ်မြေများအဖြစ် သတ်မှတ်တည်ထောင်ကာကွယ်ခြင်း၊ ကျားနှင့်ယင်း၏အစာဖြစ်သော သားကောင်များကို ထိန်းသိမ်းကာကွယ်ပေးနိုင်မည့် နည်းလမ်းများ၊ အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊ ကျားအစာဖြစ်သည့် ချေ၊ ဆတ်၊ စိုင်ကဲ့သို့သော သားကောင်များအားသတ်ဖြတ်ခြင်း၊ရောင်း၀ယ်ခြင်းတို့အား လျှော့ချခြင်း၊ ၀န်ထမ်းများအား စနစ်တကျကင်းလှည့်စေ၍ တရားမ၀င်အမဲလိုက် သတ်ဖြတ်ခြင်း၊ မှောင်ခိုရောင်း၀ယ်ခြင်းများကို ဖော်ထုတ်ခြင်း၊ ၀န်ထမ်းများကို ကျားထိန်းသိမ်းကာကွယ်ရေး နည်းလမ်းများကို လေ့ကျင့်ပေးခြင်း၊ နည်းမျိုးစုံဖြင့် ကျားများ၊ ကျားအစိတ်အပိုင်းများနှင့် ယင်းတို့ပါ၀င်သော ကုန်ပစ္စည်းများ ရောင်း၀ယ်ခြင်းကို တားဆီးခြင်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့်လိုက်လျောညီထွေရှိမည့် ဥပဒေများ ပြဋ္ဌာန်းကျင့်သုံးခြင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများကို တိကျစွာလိုက်နာကျင့်သုံးဆောင်ရွက်ခြင်း၊ ကျားထိန်းသိမ်းကာကွယ်ရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းပါ၀င်မှုရရှိစေရန် သင်တန်းများ၊ ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ကျားများနေထိုင်ကျက်စားရာ နေရင်းဒေသရှိ သစ်တောများအား ထိန်းသိမ်းကာကွယ်ခြင်းတို့ကို စီမံဆောင်ရွက်လျက်ရှိသည်။

ရေရှည်လုပ်ငန်းများအနေဖြင့်လည်း ပြည်သူလူထုတစ်ရပ်လုံးအားပညာပေးအစီအစဉ်များ တိုးတက်ဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများမှ ပူးပေါင်းဆောင်ရွက်လာစေရန် တိုးချဲ့ပညာပေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ကျားများ၏ နေရင်းဒေသများ ဆက်လက်လျော့ပါးမှု မဖြစ်ပေါ်စေရန်နှင့် ပိုမိုထိန်းသိမ်း

ဟူးကောင်းချိုင့်ဝှမ်း ကျားထိန်းသိမ်းရေးနယ်မြေအတွင်း ၂၀၀၃ ခုနှစ် ဒီဇင်ဘာလအတွင်းက ကင်မရာထောင်ချောက်ဖြင့် ရိုက်ကူးရရှိခဲ့သော ကျားပုံ။

ကာကွယ်ပေးနိုင်ရန် သစ်တောစီမံအုပ်ချုပ်မှုများမြှင့်တင်ခြင်း၊ ကျားများနေထိုင်ရာ နေရင်းဒေသများအတွင်းသို့ ကျူးကျော်၀င်ရောက်မှုများ မပြုစေရန် သစ်တောဧရိယာများကို သတ်မှတ်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ကျားနှင့်ကျားများ၏ နေရင်းဒေသများကို နယ်နိမိတ်ဖြတ်ကျော်လျက် ထိန်းသိမ်းကာကွယ်စီမံအုပ်ချုပ်ခြင်း လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မည်ဖြစ်သည်။

သစ်တောရေးရာ၀န်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် လေ့လာတွေ့ရှိမှုများအပေါ်အခြေခံ၍ အမျိုးသားကျားစီမံကိန်းအား အကောင်အထည်ဖော်သည့်အနေဖြင့် ကျားများ ပေါများစွာ ကျက်စားလျက်ရှိသော ဟူးကောင်းချိုင့်ဝှမ်းဒေသကို မြန်မာနိုင်ငံ၏ ပထမဆုံးသော ကျားထိန်းသိမ်းရေးနယ်မြေအဖြစ် တည်ထောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ ဧရိယာအကျယ်အ၀န်း ၂၄၉၄ စတုရန်းမိုင်ကို ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ဖွဲ့စည်းရန်ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ကာ ကြေးတိုင်လုပ်ငန်းများအား ဆောင်ရွက်ထားရှိပြီး ဖြစ်သည်။ ယခုထပ်မံ၍ ၅၉၅၈ စတုရန်းမိုင်အား ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တိုးချဲ့ဧရိယာအဖြစ် တိုးချဲ့ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။ ထို့ကြောင့် စုစုပေါင်း ၈၄၅၂ စတုရန်းမိုင် ကျယ်၀န်းလာမည်ဖြစ်ပြီး ကျားထိန်းသိမ်းနယ်မြေအဖြစ် သတ်မှတ်ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်သည်။

ကျားထိန်းသိမ်းရေးနယ်မြေအဖြစ် တည်ထောင်ရန် ကျားများနေထိုင်ကျက်စား ရွှေ့ပြောင်းသွားလာနိုင်သည့် တောအမျိုးအစားနှင့် ဧရိယာအကျယ်အ၀န်း လုံလောက်စွာရှိခြင်း၊ ကျားများ၏အစာဖြစ်သော ပြောင်၊ ချေ၊ ဆတ်တို့ကဲ့သို့သောသားကောင်များ ပေါများစွာနေထိုင်ကျက်စားသော နေရာဖြစ်ခြင်း၊ နေရာဒေသအတွင်း လူများ အမြဲတမ်း အခြေချနေထိုင်မှုမရှိခြင်း၊ နည်းပါးခြင်း၊ ဒေသပတ်၀န်းကျင်ရှိ ကျားများနေထိုင်ကျက်စား ရှင်သန်နိုင်သော ကျားနေရင်းဒေသ (Tiger Habitat)များသို့ ကျားများအခက်အခဲမရှိ ကူးသန်းသွားနိုင်သောနယ်မြေ (Corridor)များရှိခြင်း စသည့်အချက်များကို အဓိကထားဦးစားပေးစဉ်းစားရွေးချယ် ဆုံးဖြတ်ရန် လိုအပ်သည်။

ဟူးကောင်းချိုင့်ဝှမ်း ကျားထိန်းသိမ်းရေးနယ်မြေသည် အထက်ပါ လိုအပ်ချက်များအားလုံးနှင့် ပြီးပြည့်စုံလျက်ရှိသည်။ လေ့လာသိရှိရသော ကိန်းဂဏန်းအချက်အလက်များအရ အိန္ဒိယနိုင်ငံတွင် ကျားထိန်းသိမ်းရေးနယ်မြေ ၁၁ ခု တည်ထောင်ထားပြီး အရေအတွက်နှင့် ဧရိယာအကျယ်အ၀န်း အများဆုံးဖြစ်သော်လည်း ထိုနယ်မြေများ၏ စုစုပေါင်းအကျယ်အ၀န်းမှာ ၅၁၁၅ စတုရန်းမိုင်သာရှိသည်။ ယခုဖွဲ့စည်းတည်ထောင်သည့် မြန်မာနိုင်ငံ၏ ဟူးကောင်းချိုင့်ဝှမ်း ကျားထိန်းသိမ်းရေး နယ်မြေအကျယ်အ၀န်းမှာ ၈၄၅၂ စတုရန်းမိုင်ရှိသဖြင့် သဘာ၀အတိုင်း ကျားများနေထိုင် ကျက်စားမှုရှိသော တိုင်းပြည် (Tiger State)များ၌ တည်ထောင်ပြီး ကျားထိန်းသိမ်းရေး နယ်မြေများတွင် အကြီးမားအကျယ်အ၀န်းဆုံး ဖြစ်သည်။

ဟူးကောင်းချိုင့်ဝှမ်း ကျားထိန်းသိမ်းရေးနယ်မြေအတွင်း ၂၀၀၃ ခုနှစ် ဒီဇင်ဘာလအတွင်းက သစ်တောဦးစီးဌာန ၀န်ထမ်းများ ကွင်းဆင်းလေ့လာခဲ့ရာ ကျားများနေထိုင်ကျက်စားမှုအထောက်အထားများအဖြစ် ကင်မရာထောင်ချောက်များမှ လှပ၀ဖြိုးလျက်ရှိသော ကျားဓာတ်ပုံ ၁၀ ပုံကို ရိုက်ကူးရရှိခဲ့သည်။

သဘာ၀အလျောက် ကျားများနေထိုင်ကျက်စားသော တိုင်းပြည် (Tiger State) တိုင်း၌ ကျားထိန်းသိမ်းရေးနယ်မြေ (Tiger Reserve) တည်ထောင်ထိန်းသိမ်းထားနိုင်မှု မရှိသေးပေ။ မြန်မာနိုင်ငံသည် ကျားများ သဘာ၀အလျောက် နေထိုင်ကျက်စားသော တိုင်းပြည်တစ်ပြည် ဖြစ်သည့်အပြင် သိပ္ပံနည်းကျ ရွေးချယ်သတ်မှတ်၍ စနစ်တကျ တည်ထောင်ထိန်းသိမ်းအုပ်ချုပ်မည့် ဟူးကောင်းချိုင့်ဝှမ်း ကျားထိန်းသိမ်းရေးနယ်မြေကြီး တည်ရှိခြင်းအားဖြင့် နိုင်ငံတကာအလယ်တွင် ဂုဏ်ယူ၀င့်ကြွားနိုင်မည် ဖြစ်သည်။

ထို့အပြင် ယင်းကျားထိန်းသိမ်းရေးနယ်မြေသည် မြန်မာပြည်မြောက်ဖျား ဆက်စပ်သစ်တောနယ်မြေကြီး (Northern Forest Complex)၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။

ထိုဆက်စပ်သစ်တောနယ်မြေကြီးသည် ဒေသအတွင်း သဘာ၀အခြေအနေများ ပျက်စီးမှုမရှိသေးသည့် သစ်တော နယ်မြေကြီးဖြစ်သည့်အပြင် နိုင်ငံတော်၏ အသက်သွေးကြော ဧရာ၀တီမြစ်နှင့်ချင်းတွင်းမြစ်တို့ စတင်မြစ်ဖျားခံ စီးဆင်းရာ အဓိကရေဝေရေလဲ ဒေသကြီးလည်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျားများကို တောရိုင်းတိရစ္ဆာန်နှင့် သဘာ၀အပင်များ ကာကွယ်ရေးနှင့် သဘာ၀နယ်မြေများ ထိန်းသိမ်းရေးဥပဒေ(၁၉၉၄)အရလည်း အထူးကာကွယ်မှု ပေးထားသည်။ ကျားနှင့်ပတ်သက်၍ ဥပဒေအရ ကာကွယ်ထားမှုများအား ကျူးလွန်သူကို ငွေဒဏ် ကျပ်၅၀၀၀၀ သို့မဟုတ် ထောင်ဒဏ် ခုနစ်နှစ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်နိုင်သည်။ မြန်မာနိုင်ငံက အဖွဲ့၀င်အဖြစ် ပါ၀င်သော မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့်သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်း(CITES)၏ ထိန်းချုပ်ကန့်သတ်ထားသော အပင်နှင့်တိရစ္ဆာန်များစာရင်း နောက်ဆက်တွဲ(၁)၌လည်း ကျားမျိုးစိတ်များကို ထည့်သွင်းထားသဖြင့် ကျားနှင့် ယင်း၏အစိတ်အပိုင်းများ၊ ယင်းအစိတ်အပိုင်းများ ပါ၀င်သောဆေး၀ါးများ၊ ပစ္စည်းများ ကူးသန်းရောင်း၀ယ်မှုကို ကန့်သတ်ထားသည်။ အချို့နိုင်ငံများတွင် စည်းကမ်းသတ်မှတ်ချက်ဖြင့် CITESအတွင်း၀န်ရုံး၌ မှတ်ပုံတင်၍ ကျားများကို မွေးမြူလျက်ရှိကြောင်း သိရသည်။ ထို့ပြင် ကျားနှင့်ပတ်သက်သော တရားမ၀င်ကူးသန်းရောင်း၀ယ်မှုများကို လေ့လာစောင့်ကြည့်ရန် CITES အဖွဲ့အနေဖြင့် Tiger Enforcement Task Force တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအခြေစိုက် ကမ္ဘာ့ကျားထိန်းသိမ်းရေးအဖွဲ့ (Global Tiger Forum-GTF) တွင်လည်း ၁၉၉၄ ခုနှစ်ကတည်းက ပါ၀င်၍ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာတွင် ကျင်းပသော ကျားထိန်းသိမ်းရေးဆိုင်ရာ ဆွေးနွေးပွဲများ၊ သင်တန်းများတွင်လည်း မြန်မာနိုင်ငံမှ တက်ကြွစွာပါ၀င်ဆောင်ရွက်လျက်ရှိသည်။

ဟူးကောင်းချိုင့်ဝှမ်း ကျားထိန်းသိမ်းရေးနယ်မြေကြီးအား ကျားများ သဘာ၀အလျောက် ရှင်သန်ပေါက်ပွား နေထိုင်ရေးကို ဦးတည်၍ ယင်းဒေသ၏ သဘာ၀၀န်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ နိုင်ငံတော်၏ အမွေအနှစ်တစ်ရပ်အဖြစ် ထိန်းသိမ်းစီမံ အုပ်ချုပ်ကာကွယ်သွားမည် ဖြစ်သည်။ ထိုနယ်မြေကြီးသည် မြန်မာတို့၏ ယဉ်ကျေးမှု၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများအတွက် အသက်သွေးကြောပမာ အရေးကြီးလှသော မြန်မာတို့ကိုယ်ပိုင်ဖြစ်သည့် ကမ္ဘာ့တန်း၀င် ဧရာ၀တီမြစ်ကြီး၏ မြစ်ဖျားခံရာဒေသအဖြစ် ထာ၀စဉ်တည်တံ့ရန် အလွန်အရေးပါသော ဒေသကြီးလည်းဖြစ်သည်။ ဖော်ပြပါ အချက်အလက်များကြောင့် ဟူးကောင်းချိုင့်ဝှမ်း ကျားထိန်းသိမ်းရေးနယ်မြေကြီးကို မြန်မာ့ဂုဏ်ဆောင် ကျားသတ္တ၀ါများနှင့်အတူ နိုင်ငံသူ၊နိုင်ငံသား တိုင်းရင်းသားလုပ်သားပြည်သူများအားလုံးက ၀ိုင်း၀န်းထိန်းသိမ်း စောင့်ရှောက်သင့်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

အီရတ်မှ တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရန် ပိုလန်စဉ်းစားလျက်ရှိ

ဝါဆော မေ ၂၃

စပိန်နိုင်ငံက ၎င်း၏တပ်ဖွဲ့ဝင်များအား ဌာနေပြန်ခေါ်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် ပိုလန်နိုင်ငံကလည်း ၎င်း၏တပ်ဖွဲ့ဝင်များအား အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းရန် စဉ်းစားလျက်ရှိကြောင်း ပိုလန် ဝန်ကြီးချုပ် လက်စ်ဇက်မီလာက ဝါဆောတွင် ပြောကြားလိုက်သည်။ စပိန်နှင့် အခြားနိုင်ငံများမှတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ ပြန်လည်ထွက်ခွာနေသည့်အချက်ကို မိမိတို့ မျက်ကွယ်ပြု မထားနိုင်ကြောင်း မီလာ၏ပြောကြားချက်ကို ပိုလန် ပီအေပီသတင်းဌာနက ကိုးကားဖော်ပြသည်။

တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးနှင့် စပ်လျဉ်း၍ မိမိတို့ မဆင်မခြင်မပြုလုပ်လိုကြောင်း၊ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေး နောက်ဆုံး ဆုံးဖြတ်ချက်ကို သဘောတူချမှတ်ပြီး ပြန်လည်စဉ်းစားရမည်ဖြစ်ကြောင်း၊ သို့ရာတွင် ယင်းပြဿနာမှာ ဆက်လက် တည်ရှိနေမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မီလာက ဆက်လက်ပြောကြားသည်။ စပိန်ဝန်ကြီးချုပ် ဇာပါတီရိုက တပ်ဖွဲ့ဝင် ၁၄၀၀ ကို မေ ၃၀ ရက်မတိုင်မီ အီရတ်နိုင်ငံမှ ရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးနောက် မီလာက ဖော်ပြပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ဒိုမီနီကန်နှင့် ဟွန်ဒူးရပ်စ်နိုင်ငံတို့ကလည်း ၎င်းတို့၏တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံမှ အမြန်ဆုံးရုပ်သိမ်းရန် ကြေညာခဲ့သည်။

ပိုလန်နိုင်ငံက တပ်ဖွဲ့ဝင် ၉၀၀၀ရှိ နိုင်ငံတကာတပ်ဖွဲ့ကို အီရတ်နိုင်ငံတောင်ပိုင်းဒေသတွင် ကြီးကြပ်ကွပ်ကဲနေသည်။ ယင်းတပ်ဖွဲ့တွင် ပိုလန်တပ်ဖွဲ့ဝင် ၂၄၀၀ နှင့် ဒိုမီနီကန်၊ ဟွန်ဒူးရပ်စ်နှင့် အယ်ဆာဗေဒိုတို့ ပါဝင်သည့် စပိန်ဦးဆောင်တပ်မဟာလည်းပါဝင်သည်။

အီရတ်နိုင်ငံ၏ ပြဿနာ ရေရှည်ဆုံးဖြတ်ချက် ချမှတ်ရေးသည် စစ်ရေးနည်းထက် နိုင်ငံရေးဖြင့် ဖြေရှင်းခြင်းပင်ဖြစ်ကြောင်း မီလာက ပြောကြားသည်။ မိမိ၏ဝန်ကြီးချုပ်ရာထူးကို ဆက်ခံ ဖွယ်ရှိသည့် ဘဏ္ဍာရေးဝန်ကြီးဟောင်း မာရက်ဘယ်လ်ကာသည် ရာထူးရရှိပြီးနောက် အီရတ်နိုင်ငံနှင့် ပတ်သက်သည့် မူဝါဒကို ချမှတ်မည်ဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နေရာယူ

မေ ၂၃ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အီရတ်ပြောက်ကျားများနှင့် တိုက်ခိုက်ရန်နေရာယူနေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ပျောက်ဆုံးနေသော ဂျာမနီနိုင်ငံသားနှစ်ဦး သေဆုံးဟုယူဆ

ဘာလင် မေ ၂၃

ယခုလဆန်းပိုင်းက အီရတ်တွင် ယာဉ်တန်းတစ်ခု ချောင်းမြောင်းပစ်ခတ်ခံရစဉ် ဂျာမနီနိုင်ငံသား လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူနှစ်ဦး သေဆုံးခဲ့သည်ဟု ယူဆကြောင်း ပြည်ထဲရေးဝန်ကြီး အော်တိုရှီလီက ကြာသပတေးနေ့တွင် ပြောကြားသည်။

အဆိုပါ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကျွမ်းကျင်သူ နှစ်ဦးတို့သည် ဂျော်ဒန်နိုင်ငံမှ အီရတ်သို့ ကုန်းလမ်းခရီးဖြင့် ဦးတည်ထွက်ခွာစဉ် ၎င်းတို့လိုက်ပါလာသော မော်တော်ယာဉ် ဖော်လူဂျာမြို့အနီးတွင် လွန်ခဲ့သော သီတင်းနှစ်ပတ်က တိုက်ခိုက်ခံခဲ့ရသည်။ အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ စုံစမ်းရေးကော်မရှင်အား တာဝန်ပေးထားပြီးဖြစ်သော်လည်း စုံစမ်းမှုအပြီးမသတ်သေးကြောင်း ပြည်ထဲရေးဝန်ကြီးက နိုင်ငံခြားသတင်းထောက်များအား ပြောကြားသည်။

အဆိုပါ လုံခြုံရေးကျွမ်းကျင်သူ နှစ်ဦးတို့သည် အီရတ်နိုင်ငံဆိုင်ရာ ဂျာမနီသံရုံး၌ လုံခြုံရေးတာဝန် အလှည့်ကျ ထမ်းဆောင်ရန် ဂျော်ဒန်မြို့တော် အမ္မာန်မှ ဘဂ္ဂဒက်သို့ ခရီးထွက်ခွာခဲ့ကြခြင်းဖြစ်သည်။ ဂျာမနီသည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ လွန်ခဲ့သောနှစ်အတွင်း အီရတ်နိုင်ငံသို့ ဝင်ရောက်ခဲ့ခြင်းကို အပြင်းအထန်ဆန့်ကျင်ကန့်ကွက်ခဲ့ပြီး အီရတ်တွင် ဂျာမနီတပ်ဖွဲ့ လုံးဝမရှိချေ။

အီရတ်သို့ တပ်ဖွဲ့စေလွှတ်ရေးကိစ္စကို ဂျာမနီက ထည့်သွင်းစဉ်းစားခြင်းလည်းမရှိချေ။***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံရောက် ဘူလ်ဂေးရီးယားတပ်ဖွဲ့ အင်အားလျှော့ချရန် စဉ်းစားနေ

ဆိုဖီယာ မေ ၂၃

အီရတ်နိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်သစ်တစ်ရပ်ကို ကုလသမဂ္ဂက ချမှတ်ပေးပြီး အီရတ်နိုင်ငံထံသို့ အချုပ်အခြာအာဏာ လွှဲပြောင်းပေးမည်ဆိုပါက ဇွန်လကုန်တွင် အီရတ်နိုင်ငံမှ မိမိတို့နိုင်ငံ၏ တပ်ဖွဲ့ဝင်အချို့ကို ပြန်လည်ရုပ်သိမ်းရန် စဉ်းစားလျက်ရှိကြောင်း ဘူလ်ဂေးရီးယားကာကွယ်ရေးဝန်ကြီး နီကိုလိုင်ဆဗီနာရော့ဗ်က ပြောကြားသည်။

အီရတ်နိုင်ငံမှနေ၍ စပိန်နှင့် အခြားသောနိုင်ငံများမှ တပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းရန် ပြင်ဆင်နေလင့်ကစား ဘူလ်ဂေးရီးယားနိုင်ငံသည် အီရတ်နိုင်ငံတောင်ပိုင်း ကာဘာလာမြို့တွင် တပ်ဖွဲ့ဝင်အင်အား ၄၅၀ ရှိ ၎င်း၏ခြေလျင်တပ်မကို ဆက်လက်ထားရှိမည်ဟု ကတိပြုခဲ့သည်။ သို့ရာတွင် အီရတ်နိုင်ငံတွင် ကုလသမဂ္ဂ၏အခန်းကဏ္ဍရှိရန် ဘူလ်ဂေးရီးယားနိုင်ငံက တောင်းဆိုခဲ့ပြီး ကုလသမဂ္ဂ ဆုံးဖြတ်ချက်ပေါ်ထွက်လာသည်နှင့် တစ်ပြိုင်နက်တည်း အီရတ်နိုင်ငံမှ ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင်အချို့ကို ပြန်လည်ရုပ်သိမ်းဖွယ်ရှိသည်ဟု ဆဗီနာရော့ဗ်က ပြောကြားသည်။ ဇွန်လကုန်ဝန်းကျင်တွင် အီရတ်ရှိ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များ၏ ဖွဲ့စည်းပုံကို ပြန်လည်ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် တပ်အင်အားလိုအပ်ချက် ပိုမိုလျော့နည်းလာမည်ဟု မိမိထင်မြင်ကြောင်း ဆဗီနာရော့ဗ်က ဘီတီဗွီရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်ခုခံရေးသမားများက စက်ဘီးဗုံးသုံး၍ အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်

ဘဂ္ဂဒက် မေ ၂၃

အီရတ်နိုင်ငံတွင် ခုခံရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များအကြား တင်းမာမှုများတိုးပွားလာပြီး တိုက်ခိုက်မှုများ မြင့်တက်လာသည်။ တိုက်ပွဲဝင်ကြရာ၌ ခုခံရေးသမားများသည် စက်ဘီးဗုံးကဲ့သို့သော နည်းသစ်များကိုသုံးစွဲပြီး တိုက်ခိုက်လာကြသည်ဟု ကြာသပတေးနေ့ထုတ် အာဇမာသတင်းစာက ဖော်ပြသည်။

ပြီးခဲ့သောနှစ်ရက်က ဟတ်စ်ဝါမြို့တွင် သွားလာနေသော အမေရိကန်စစ်ယာဉ်တန်းတစ်ခုကို အီရတ်ခုခံရေးသမားများက စက်ဘီးဗုံး အသုံးပြုပြီး တိုက်ခိုက်ခဲ့သည့် အဖြစ်အပျက်တစ်ရပ်ပေါ်ပေါက်ခဲ့သည်။ ဟတ်စ်ဝါမြို့သည် ဘဂ္ဂဒက်မြို့၏ တောင်ဘက် ကီလိုမီတာ ၅၀ အကွာတွင် တည်ရှိသည်။

လမ်းဘေးတွင်ထားရစ်

စက်ဘီးဗုံးကို ဖောက်ခွဲလိုသော နေရာ၌ အမှတ်မထင်လမ်းဘေးတွင် ထားရစ်ခဲ့ပြီး ဖောက်ခွဲမှုပြုလုပ်ခြင်းဖြစ်သည်။ အပျက်အစီးများစွာ မဖြစ်သော်လည်း တစ်မြို့လုံးကြားနိုင်လောက်အောင် ကျယ်လောင်သော ပေါက်ကွဲသံကြီး ဖြစ်ပေါ်စေကြောင်း သိရသည်။

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များကို နည်းမျိုးစုံအသုံးပြုပြီး နေ့စဉ်နေ့တိုင်း တိုက်ခိုက်လျက်ရှိသည်။ ထိုသို့ တိုက်ခိုက်ရာ၌ မသုံးစဖူး စက်ဘီးဗုံး သုံးစွဲလာခြင်းသည် တိုက်ခိုက်ပုံ တိုက်နည်း ပြောင်းလဲလာသည့်သဘောကို ဖော်ပြသည်ဟု ဆိုသည်။

အမေရိကန်တို့ကို တိုက်ခိုက်ရာ၌ နည်းမျိုးစုံသုံးသည်ဟု ဆိုရာတွင် လှည်းများ၊ တိရစ္ဆာန် အသေကောင်များစသည့် ယာဉ်များနှင့် အခြားအမျိုးအမည်စုံတို့တွင် ပေါက်ကွဲစေတတ်သော ပစ္စည်းများ ထည့်သွင်းမြှုပ်နှံထားကာ ဖောက်ကွဲစေလိုသောအခါ ဖောက်ခွဲတိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်၏ ဒုတိယအကြီးဆုံးမြို့ လော့စ်အိန်ဂျလိစ် ကမ္ဘာ့ပြည့်တန်ဆာ မှောင်ခိုဌာနတစ်ခုဖြစ်နေ

လော့စ်အိန်ဂျလိစ် မေ ၂၃

နှစ်စဉ် ပြည်ပမှပြောင်းရွှေ့လာသည့် အမျိုးသမီး ၁၀၀၀၀ တို့ကို ခေါ်လာပြီး အဓမ္မပြည့်တန်ဆာလုပ်ခိုင်းလျက် လော့စ်အိန်ဂျလိစ်မြို့မှာ အကြီးဆုံးပြည့်တန်ဆာမှောင်ခိုဌာန တစ်ခုဖြစ်နေကြောင်းဖြင့် လော့စ်အိန်ဂျလိစ် မြို့တော်ကောင်စီဝင် တိုနီကာဒီနတ်က ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံ၌ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် လော့စ်အိန်ဂျလိစ်မြို့တွင် ယင်းပြဿနာကိုကိုင်တွယ်ရေးအတွက် လုပ်ငန်းအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန် တိုနီကာဒီနတ်က အဆိုပြုလိုက်သည်။ လော့စ်အိန်ဂျလိစ် နိုင်ငံတကာ လေဆိပ်နှင့် ဆိပ်ကမ်းများတွင် ပြောင်းရွှေ့နေထိုင်သူများဖြင့် စည်ကားလျက်ရှိရာ ကမ္ဘာပေါ်တွင် အမျိုးသမီးများ မှောင်ခိုဖြတ်သန်းရာ အဓိကရနေရာ တစ်ခုဖြစ်နေပြီဟု တာဝန်ရှိသူများက ပြောဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မေ ၂၂ ရက်က အီရတ်နိုင်ငံ တောင်ပိုင်းဘာဆရာမြို့တွင် ရှီးယိုက်ခေါင်းဆောင် အယ်ဆာဒါးအား ထောက်ခံသူများက အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ထိန်းသိမ်းထားခြင်း ခံရသူများအနက် နိုင်ငံခြားသားသုံးဦး ပြန်လွှတ်လာ

ဘဂ္ဂဒက် မေ ၂၃

အီရတ်နိုင်ငံတွင် ထိန်းသိမ်းဖမ်းဆီးထားခြင်းခံနေရသော နိုင်ငံခြားသားသုံးဦးကို ပြီးခဲ့သည့် ကြာသပတေးနေ့က ပြန်လည်လွှတ်ပေးခဲ့သည်ဟု ကာတာနိုင်ငံအခြေစိုက် အလ်ဂျာဇီးရား ရုပ်သံသတင်းက ဖော်ပြခဲ့သည်။ ပြန်လည်လွှတ်လိုက်သူများတွင် ဆွစ်ဇာလန်နိုင်ငံသားနှစ်ဦးနှင့် အစ္စရေးနိုင်ငံသား အာရပ်လူမျိုးတစ်ဦးတို့ ပါဝင်သည်။

အီရတ်နိုင်ငံတောင်ပိုင်းတွင် နှစ်ရက်ကြာမျှ ဖမ်းဆီးထိန်းသိမ်း ထားခြင်းခံရပြီးနောက်မှ ပြန်လည်လွှတ်လာကြခြင်းဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံသားနှစ်ဦးမှာ ဇနီးမောင်နှံနှစ်ဦးတို့ဖြစ်ကြပြီး အစိုးရမဟုတ်သော အဖွဲ့အစည်းအတွက် အလုပ်လုပ်နေကြသူများဖြစ်သည်ဟုဆိုသည်။ ၎င်းတို့ကို အုပ်စုငယ်တစ်စုက အင်္ဂါနေ့၌ ဖမ်းဆီးသွားခဲ့ပြီးနောက်မှ ပြန်လည်လွှတ်ပေးခဲ့ကြခြင်းဖြစ်ကြောင်း ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီး မက္ကလင်းကာလ်မီရေးက ပြောကြားသည်။ ပြန်လွှတ်လာသော အစ္စရေးနိုင်ငံသား အာရပ်လူမျိုး၏ အမည်မှာ နဘီလ်ဂျော ရာဇောဖြစ်သည်။ ၎င်းကိုလည်း ပြီးခဲ့သောကြာသပတေးနေ့ကပင် ပြန်လည်လွှတ်ပေးလိုက်ကြခြင်းဖြစ်သည်။ ရာဇောသည် အီရတ်ရှိ အမေရိကန်ကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်နေသူဖြစ်သည်။ ၎င်းသည်ပါလက်စတိုင်းလူမျိုး အစ္စရေးနိုင်ငံသားတစ်ဦးဖြစ်သည်။ အီရတ်ခုခံရေးသမားများက ထိုသူကို သူလျှိုဟု ထင်မှတ်မှား၍ ဖမ်းဆီးခဲ့ကြခြင်းဖြစ်ကြောင်းသိရသည်။ နိုင်ငံရေးအရ ဖိအားပေးနိုင်ရန်အတွက် နိုင်ငံပေါင်း ၁၂ နိုင်ငံတို့မှ နိုင်ငံခြားသားပေါင်း ၄၀ ခန့်တို့ကို အီရတ်နိုင်ငံတွင် ဖမ်းဆီးထားကြောင်း အပေါင်းပါတပ်ဖွဲ့မှ တာဝန်ရှိသူများက ဆိုကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘာဆာရာမြို့ တိုက်ခိုက်မှုများ၏ နောက်ကွယ်၌ မည်သူမည်ဝါရှိသည်ကိုပြောရန် စောလွန်းသေးဟုဆို

နိုင်ငံတကာ သတင်းများ

ဘာဆာရာ ဧပြီ ၂၂

အီရတ်ပြည်သူ ဒါဇင်နှင့်ချီ၍ သေဆုံးရသည့် ဘာဆာရာမြို့တွင်း၌ တစ်ပြိုင်တည်းလိုပင် အသေခံဗုံးခွဲတိုက်ခိုက်မှုများအတွက် အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့ကို အပြစ်တင်ရန် အချိန်စောလွန်းသေးကြောင်း အမေရိကန်ဦးဆောင်သည့်တပ်များမှ အရာရှိများက ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

အီရတ်နိုင်ငံအတွင်း ဆူပူတိုက်ခိုက်မှုများတွင် နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများ မည်မျှပါဝင်ပတ်သက်သည်ဆိုခြင်းကို ပြန်လည်ဆန်းစစ်ရမည်ဟု ဆိုသည်။

ဘာဆာရာမြို့၌ ဗုဒ္ဓဟူးနေ့က ဖောက်ခွဲမှုများတွင် ကလေးသူငယ် ၂၀ ဦး အပါအဝင် သေဆုံးသူစုစုပေါင်း ၅၀ ဦးသာရှိကြောင်းဖြင့် ဘာဆာရာဒေသကို ထိန်းချုပ်ထားသည့် ဗြိတိန်တပ်များ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီး ဟာလာဝီက ပြောကြားလိုက်သည်။ ၎င်းပြောကြားသည့် သေဆုံးသူဦးရေမှာ သေဆုံးသူပေါင်း ၆၈ ဦးရှိသည်ဆိုသော ဘာဆာရာအုပ်ချုပ်ရေးမှူး အဗ္ဗဒူလာစတစ်၏ စာရင်းထက် နည်းနေသည်။

ထိုအတောအတွင်း ဖော်လူဂျာမြို့နှင့် နာဂျက်ဖ်မြို့တို့တွင် ရက်သတ္တသုံးပတ်ကြာ မြို့ကိုဝိုင်းကာ တိုက်ပွဲများဖြစ်နေစဉ် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ ရာခိုင်နှုန်းသည် အမေရိကန်တပ်ဖွဲ့ဝင်များအား ဆန့်ကျင်ကြောင်းဖြင့် အမေရိကန် ထိပ်တန်းတပ်မှူးတစ်ဦးဖြစ်သူ အမေရိကန်ကြည်းတပ် အမှတ်(၁)သံချပ်ကာတပ်မမှူး ဗိုလ်ချုပ်မာတင်ဒင်ဆီက ပြောကြားလိုက်သည်။ ယင်းမှာ အီရတ်စစ်တပ်နှင့် ရဲတပ်ဖွဲ့ကို အမေရိကန်က ဖွဲ့စည်းပေးရာ၌ မည်မျှခက်ခဲသည်ကိုပြသသည့် လက္ခဏာတစ်ခုဖြစ်သည်ဆို၏။

ထို့ပြင် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင် ၄၀ ရာခိုင်နှုန်းက အီရတ်အချင်းချင်း မတိုက်ခိုက်လိုသည့်အတွက် တာဝန်ကို ပီပီပြင်ပြင် မလုပ်ကြဟုလည်း ဗိုလ်ချုပ်မာတင်ဒင်ဆီက ပြောဆိုသည်။

ထို့ကြောင့် အီရတ်လုံခြုံရေးတပ်များအား ယုံကြည်စိတ်ချရန် များစွာခက်ခဲကြောင်း ၎င်းက ထည့်သွင်းပြောကြားလိုက်သည်။

မှုတည်

အီရတ်လုံခြုံရေးတပ်များ တိုက်ခိုက်ရန် ပျက်ကွက်ခြင်းမှာ ထည့်တွက်ရမည့် အရေးတကြီး အချက်တစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမေရိကန်အစိုးရ၏ အီရတ်မှ ထွက်ခွာရေးမဟာဗျူဟာမှာ အမေရိကန်တပ်ဖွဲ့ဝင်များ မြို့ကြီးများမှ ထွက်ခွာပြီးနောက် လုံခြုံရေးတာဝန်ကို အီရတ်တပ်များအား လွှဲအပ်ရမည့် လုပ်ငန်းအပေါ်တွင် မူတည်နေခြင်းကြောင့်ဖြစ်သည်ဆို၏။

ဘာဆာရာ တိုက်ခိုက်မှုများ၏ နောက်ကွယ်တွင် မည်သူရှိသည်ဆိုခြင်းကို ပြောပြရန် စောလွန်းသေးသည်ဟု ဗြိတိန်တပ်များ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီးဟာလာဝီက ကြာသပတေးနေ့တွင် ပြောဆိုသည်။

အင်တာနက်။

ဧပြီ ၂၃ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ပြောက်ကျားတို့၏ တိုက်ခိုက်မှုကြောင့် မီးလောင်နေသည့် အမေရိကန် စစ်ကားတစ်စီးအနီး၌ အောင်ပွဲခံနေသော အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စားစာခံသုံးဦး အသက်ရှင်လျက်ရှိကြောင်း အီတလီထောက်လှမ်းရေးသတင်းအရ သိရ

ရောမ ဧပြီ ၂၃

အီရတ်တွင် ဓားစာခံအဖြစ် ဖမ်းဆီးထားခြင်းခံထားရသော အီတလီလူမျိုးသုံးဦး လွတ်မြောက်ရေးအတွက် ပြုလုပ်နေသော ညှိနှိုင်းမှုမှာ ပျက်ပြားခဲ့ရပြီးဖြစ်၍ နောက် ၄၈ နာရီအချိန်မှာ အလွန်စိုးရိမ်ဖွယ်ရာ အခြေအနေပင်ဖြစ်သည်ဟု ဒေသခံ သတင်းမီဒီယာများက ဆိုကြသည်။

အီတလီဓားစာခံသုံးဦး လွတ်မြောက်ရေးကိစ္စ ဆွေးနွေးပွဲပျက်ခဲ့ပြီးနောက် ၄၈ နာရီ အချိန်ကာလမှာ အရေးကြီးသော အလှည့်အပြောင်း အချိန်ကာလပင်ဖြစ်သည်ဟု အီတလီထောက်လှမ်းရေးဘက်မှလာသော သတင်းက ဆိုသည်။ အဖမ်းခံ အီတလီသုံးဦးစလုံးမှာ ဆွေးနွေးပွဲ ပျက်သွားသည့်အချိန်တိုင်အောင် အသက်ရှင်လျက်ပင် ရှိနေသေးကြောင်း သိရသည်။

အီရတ်နိုင်ငံတွင်ရှိနေသော အီတလီကြက်ခြေနီအဖွဲ့သည် အီတလီသုံးဦးကို ဖမ်းဆီးထားသူများထံသို့ ပြန်ပေးငွေများ သယ်ဆောင်ပေးခဲ့သည်ဆိုသော သတင်းမှာ မဟုတ်မမှန်ဟု ကြက်ခြေနီအဖွဲ့၏ခေါင်းဆောင် မာအူရီဇောဆီလီက ပြောကြားသည်။

အထက်ပါသတင်းကို ရေးသားဖော်ပြသူသည် အီတလီကြက်ခြေနီအဖွဲ့ဝင်များကို အသက်အန္တရာယ် ကျရောက်စေရန် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ မိမိတို့သည် ဖော်လူဂျာသို့သွားလျှင် အသက်ဘေး ကျရောက်နိုင်ကြောင်း သိလျက်နှင့် စွန့်၍ အလုပ်လုပ်နေကြခြင်းဖြစ်သည်။ မိမိတို့သည် ငွေကို သယ်ဆောင်သွားခြင်းဖြင့် ကိုယ့်ကိုယ်ကို အန္တရာယ်ဖြစ်အောင် လုပ်ကြမည် မဟုတ်ဟု ဆီလီက ဘဂ္ဂဒက်မှ ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တစ်နေ့တခြား တိုးမြင့်လာသည့် အန္တရာယ်များကြောင့် အီရတ်ရှိ ပြည်ပကုမ္ပဏီများ ပြန်လည်ထွက်ခွာရန် စဉ်းစားနေ

ဘူခါရက် ဧပြီ ၂၃

ရိုမေးနီးယားနိုင်ငံ ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီမှ လုပ်သားတစ်ဦး အီရတ်တွင် သေဆုံးခဲ့ပြီး အခြားတစ်ဦးသည် ဘဂ္ဂဒက်မြို့တော်အနီး ယခုလအတွင်း ခြုံခိုတိုက်ခိုက်မှုခံခဲ့ရကာ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီးနောက် ၎င်းတို့၏လုပ်သားများကို အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း အဆိုပါကုမ္ပဏီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် အီရတ်နိုင်ငံတွင် လုပ်ငန်းဆောင်တာ လုပ်ကိုင်လျက်ရှိသည့် ပြည်ပကုမ္ပဏီ လုပ်သားများသည် ထောင်ချီ၍ ရှိနေပြီး အချို့သော အလုပ်သမားများက တိုးမြင့်ပေါ်ပေါက်လာသည့် အန္တရာယ်များကြောင့် အီရတ်နိုင်ငံမှ ထွက်ခွာရန် စဉ်းစားနေကြကြောင်း ပြောကြားကြသည်။

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)အဖွဲ့ဝင်အသစ်ရိုမေးနီးယားသည် အမေရိကန်ဦးဆောင်အပေါင်းပါတပ်ဖွဲ့ဝင်အောက်မှ တာဝန်ထမ်းဆောင်ရန် ၎င်း၏တပ်ဖွဲ့ဝင် ၇၃၀ ကို အီရတ်နိုင်ငံတွင် ဆက်လက်ထားရှိရန် တာဝန်ယူနေသည်။

ရိုမေးနီးယားနိုင်ငံမှ ဘီဒီပါအမည်ရှိ လုံခြုံရေးကုမ္ပဏီသည် အီရတ်နိုင်ငံတွင် လုံခြုံရေး အခြေအနေ တိုးတက်မှုကောင်းမွန်လာချိန်အထိ ၎င်း၏ဝန်ထမ်းများကို ပြန်လည် ရုပ်သိမ်းထားသည်။

— ဆောင်ရွက် —

၎င်းကုမ္ပဏီမှ ဝန်ထမ်းရှစ်ဦးသည် အီရတ်အသွင်ကူးပြောင်းရေး ယာယီအပေါင်းပါ အာဏာပိုင်အဖွဲ့ဝင်များ၏ ကိုယ်ရံတော်အဖြစ် သုံးလ ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်နေသည်။

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေကြောင့် ပြည်ပလုပ်ဖော်ကိုင်ဖက် နိုင်ငံများနှင့် ယာယီ လက်မှတ်ရေးထိုးထားသည့် ကန်ထရိုက်လုပ်ငန်းစာချုပ်အား ယာယီအားဖြင့် ရပ်ဆိုင်းထားကြောင်းဖြင့် ဘီဒါကုမ္ပဏီ ညွှန်ကြားရေးမှူး နီကိုလေးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ အီရတ်မှ မိမိတို့ဝန်ထမ်းများ ရိုမေးနီးယားနိုင်ငံသို့ ပြန်ရောက်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီ ၂၃ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့ ဆင်ခြေဖုံးတွင် အီရတ်ပြောက်ကျားများအား ရှာဖွေရေးအတွက် အိမ်တစ်အိမ်ကို ဝင်ရောက်ရန် ပြင်ဆင်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာဆာရာ၌ အသေခံ ဗုံးခွဲမှုများကြောင့် သေဆုံးသူ ၇၃ ဦးရှိ

ဘာဆာရာ ဧပြီ ၂၂

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် အသေခံဗုံးခွဲမှုများကြောင့် သေဆုံးသူ ၇၃ ဦးတို့အတွက် ကြာသပတေးနေ့တွင် ဆွေမျိုးမိတ်သင်္ဂဟ မြို့သူ၊ မြို့သားများက ပူဆွေးလျက်ရှိသည်။ သေဆုံးသူ ၇၃ ဦးအနက် ကျောင်းသို့အသွား မီးလောင်ကျွမ်း သေဆုံးသွားသည့် ကလေး ၁၇ ဦး ပါဝင်သည်။

ဒဏ်ရာရသူ ၉၉ ဦးအနက် ငါးဦးမှာ ညတွင်းချင်း သေဆုံးသွားကြောင်း ဆေးရုံတာဝန်ရှိသူများက ပြောဆိုသည်။ သို့ဖြင့် သေဆုံးသူ စုစုပေါင်း ၇၃ ဦး ရှိသွားပြီဖြစ်သည်။ ရဲစခန်းများကို ဗုဒ္ဓဟူးနေ့က ညှိနှိုင်းဗုံးခွဲတိုက်ခိုက်ပြီးနောက် ဘာဆာရာမြို့၏ လမ်းများတွင် အသွားအလာမရှိ ခြောက်ကပ်ကုန်ပြီး စာသင်ကျောင်းများလည်း ပိတ်ထားလိုက်ရသည်။

သေဆုံးသူများတွင် မူကြိုကျောင်းသား၊ ကျောင်းသူကလေး ရှစ်ဦးနှင့် အခြားကျောင်းသူ ကလေးကိုးဦးတို့ ပါဝင်ပြီး ၎င်းတို့မှာ ကျောင်းသို့ ကျောင်းဘတ်စ်ကားဖြင့်သွားစဉ် ဗုံးပေါက်ကွဲ မီးလောင်သေဆုံးကြရခြင်းဖြစ်သည်။

ရဲစခန်းသုံးခုနှင့် ရဲသိပ္ပံတို့တွင် ဗုံးခွဲတိုက်ခိုက်မှုများ သည်အမေရိကန်ဦးဆောင်သည့်တပ်များ လွန်ခဲ့သည့်နှစ်က အီရတ်ကို စတင်ကျူးကျော်တိုက်ခိုက်သည့်နောက်ပိုင်း ဗြိတိန်တပ်များ ထိန်းချုပ်သည့်ဒေသအတွင်း အသေအပျောက် အများဆုံး တိုက်ခိုက်မှုဖြစ်သည်။ *အင်တာနက်။*

ဖေဖော်ဝါရီ ၂ရက်က အီရတ်နိုင်ငံ အာဘီးလ်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အဆောက်အအုံနှင့် ကား ထိခိုက်ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



မတ် ၁၇ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံးရှိ အယ်လ်ဒူရာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် နေအိမ်တစ်လုံး ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၄ရက်က ဖော်လူဂျာမြို့တွင် အမေရိကန်တို့၏ ပစ်ခတ်မှုကြောင့် အဆောက်အအုံ တစ်လုံးပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁၄ရက်က အီရတ်နိုင်ငံ ဆမ်မာရာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် နေအိမ်အဆောက်အအုံ များ ပြိုကျပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲကာလအတွင်း အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် မြို့တော်ဘဂ္ဂဒက် ရှိမိခင်နှင့် ကလေးဆေးရုံ အဆောက် များ ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ် မြင်ကွင်း

ဒီဇင်ဘာ ၁၉ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော အဆောက်အအုံတစ်လုံး၏ရှေ့တွင် ဝမ်းနည်းပူဆွေးနေသော အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၃ရက်က ဘဂ္ဂဒက်မြို့ရှိ အမေရိကန်တပ်ဖွဲ့၏ ခဲယမ်းမီးကျောက် သိုလှောင်ရုံ ပေါက်ကွဲမှုကြောင့် အနီးရှိနေအိမ်များ ပြိုကျပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

စနဲပေါက်တံတား

ရန်ကုန်-ကျောက်ဖြူလမ်းမကြီးပေါ်တွင်တည်ရှိပြီး စနဲပေါက်ချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် စနဲပေါက်တံတား (အရှည် ၇၈၉ပေနှင့်လေးလက်မ)ကို ဖွင့်ပွဲအခမ်းအနားကျင်းပသည့် ၁၇-၁၁-၂၀၀၃ရက်နေ့က တွေ့ရစဉ်။



ရွှေအင်ကြင်းအိမ်ရာ

ရန်ကုန်မြို့တော်ကို အဆင့်မြင့်မြို့တော်အဖြစ် တည်ဆောက်မှုများကို ပြုလုပ်လျက်ရှိရာ အဆင့်မြင့်အိမ်ရာစီမံကိန်းများကိုလည်း ဖော်ထုတ်တည်ဆောက်လျက်ရှိသည်။ ပုံတွင် သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့်ရှိ ရွှေအင်ကြင်း အဆင့်မြင့်အိမ်ရာများကို တွေ့မြင်နိုင်သည်။

ကျောက်ဆည်မြို့ ခုတင် ၂၀၀ဆံ့ အထူးကုဆေးရုံကြီး

ဧပြီ ၈ရက်က ဖွင့်လှစ်လိုက်သော မန္တလေးတိုင်း ကျောက်ဆည်မြို့ ခုတင် ၂၀၀ဆံ့ အထူးကုဆေးရုံကြီးကို တွေ့ရစဉ်။

ဝါးခယ်မ အထက(၂) သုံးထပ်ကျောင်းဆောင်သစ်

ဧပြီ ၁၁ရက်က ဖွင့်လှစ်လိုက်သော ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း သုံးထပ်ကျောင်း ဆောင် သစ် ကို တွေ့ရစဉ်။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ အစည်းအဝေးခန်းမ၌ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ပြည်နယ်၊တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီများ၏ လှုပ်ရှားမှုဓာတ်ပုံများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရ အနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တစ်ချိန်တည်းမှာပင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်ကောင်းများကို တိုင်းရင်းသားပြည်သူအပေါင်း ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်စေရေးအတွက် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ တည်ဆောက်ပေးလျက်လည်းရှိကြောင်း။

ယနေ့သည် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းကြီး၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံဖွင့်ပွဲ အခမ်းအနားနေ့ ဖြစ်ခြင်းကြောင့် နိုင်ငံတော်အတွက်ရော အသင်းကြီးအတွက်ပါ အလွန်မင်္ဂလာရှိသောနေ့ဟု ဆိုနိုင်ကြောင်း။

ယခုကဲ့သို့ မင်္ဂလာရှိသောနေ့ဖြစ်သည်နှင့်အညီ အသင်းကြီးအတွက် ရှေ့ဆက်ပြီးအောင်မြင်မှုအပေါင်းနှင့် ရရှိဖြစ်ထွန်းပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း၊ ယခုဆိုလျှင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ လူမှုရေးဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ စွမ်းဆောင်ပေးနေသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းကြီး အရှိန်အဟုန်မပျက် ထက်ထက်မြက်မြက်လှုပ်ရှားဆောင်ရွက်နိုင်အောင် တစ်ဖက်ကလည်း အားပေးထောက်ကူပေးလျက်ရှိနေကြောင်း။

အဓိကတည်မှီ

မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးသည် မိမိတို့၏ကိုယ်ပိုင် အမျိုးသားရေး စွမ်းအားစုများ၏ ကြိုးပမ်းစွမ်းဆောင်မှု အပေါ်မှာသာ အဓိကတည်မှီနေသည်ဟုလည်း နိုင်ငံတော်အစိုးရက ခံယူထားကြောင်း။

ဤခံယူချက်နှင့်လျော်ညီစွာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လူမှုရေး အသိစိတ်ဓာတ် ထက်သန်ပြင်းပြစွာဖြင့် ဆောင်ရွက်နေကြသည့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ကြိုးပမ်းစွမ်းဆောင်မှုများသည် အရေးပါသော အခန်းကဏ္ဍမှာရှိသည်ဟုလည်း နိုင်ငံတော်အစိုးရက အသိအမှတ်ပြုထားပြီးဖြစ်ကြောင်း။

အထူးသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအလိုက် သီးသီးသန့်သန့် အာရုံစူးစိုက် ဆောင်ရွက်နေကြသည့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများ၏ ကြိုးပမ်းစွမ်းဆောင်မှုများသည် သက်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍ၏ တိုးတက်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို သိသာစွာ တိုးမြှင့်ပေးနိုင်သည်သာမက အခြားသောဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍများ၏ တိုးတက်ဖြစ်ထွန်းမှုကိုပါ ဆက်စပ်မြှင့်တင်ပေးနိုင်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ ရှင်သန် ဖြစ်ထွန်းနေစေရအောင် အားပေးထောက်ကူ ဆောင်ရွက်ပေးနေခြင်းပင် ဖြစ် ကြောင်း။

အခြေခံအကျဆုံး

နိုင်ငံတော်၏ လူဦးရေအများဆုံးဖြစ်သည့် မိခင်နှင့်ကလေးများကို ပြုစုစောင့်ရှောက်မြှင့်တင်ပေးခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် လွန်စွာမှအရေးပါလှသည့်အပြင် အခြေခံအကျဆုံးလည်းဖြစ်သည့် လူမှုရေးပြုစုပျိုးထောင်မှုတစ်ရပ်ဖြစ်ကြောင်း။

အထူးသဖြင့် မိသားစုကို အခြေခံပြီးဖွဲ့စည်းဖြစ်တည်နေသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် မိသားစု၏ အမြုတေဟုဆိုရမည့် မိခင်နှင့်ကလေးများကို ပြုစုစောင့်ရှောက်ပေးခြင်းသည် မျက်မှောက်ကာလ အကျိုးဖြစ်ထွန်းမှုများကို လက်တွေ့ ဖော်ဆောင်ပေးနိုင်သည်သာမက မိမိနိုင်ငံ၊ မိမိလူမျိုး မိမိအမျိုးအနွယ်အတွက် ခိုင်မာပြည့်စုံသော အနာဂတ်ကို ကြိုတင် ပျိုးထောင်ပေးခြင်းလည်းဖြစ်ခြင်းကြောင့် အမျိုးသားရေးအဓိပ္ပာယ်၊ အမျိုးသားရေး အနှစ်သာရတို့နှင့် ပြည့်လျှမ်းနေသည့် မွန်မြတ်သော လူမှုစောင့်ရှောက်ရေး လုပ်ငန်းတစ်ရပ်လည်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မိခင်နှင့်ကလေးများ၏ ကျန်းမာရေး စောင့်ရှောက်မှုအပါအဝင် လူမှုဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို မေတ္တာ၊ ကရုဏာ၊ စေတနာတို့ပေါင်းစပ် ပါဝင်ဆောင်ရွက်ပေးနေသည့် လူမှုရေးအသင်းအဖွဲ့ တစ်ရပ်ဖြစ်သော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကို သီးခြားဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီးဖွဲ့စည်းထူထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ဖြန့်ကြက်ဆောင်ရွက်

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့်လည်း နိုင်ငံတော်၏ မျှော်လင့် အားထားချက်နှင့် ထိုက်တန်သည့် စုစည်းညီညွတ်သော လူမှုရေးအသင်းအဖွဲ့တစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ပြီး အသင်းကြီး၏ သက်တမ်း ၁၃နှစ်ကျော်ကာလအတွင်း မိခင်နှင့်ကလေးများ၏ ကျန်းမာကြံ့ခိုင်ရေး၊ပညာရေးနှင့် အခြားသော လူမှုရေး၊ စီးပွားရေး၊ မိသားစုဘဝ လုံခြုံရေးကအစ လူမှုရေး ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းအသွယ်သွယ်ကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက်ဆောင်ရွက်ပေးနေသည်ကို အားရဂုဏ်ယူဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ မိခင်ကလေးစောင့်ရှောက်ရေးအသင်းကြီးသည် ယခုအခါတွင် ဗဟိုကောင်စီဝင် ၆၁ဦး၊ ဗဟိုအလုပ်အမှုဆောင် ၁၅ဦး၊ မြို့နယ်အသင်း ၃၂၄သင်း၊ ကျေးရွာ၊ရပ်ကွက်အဆင့်နှင့် စက်ရုံ၊ အလုပ်ရုံ၊ တပ်ရင်းတပ်ဖွဲ့များ၌ အသင်းခွဲ ၁၄၄၀၀ကျော်၊ ရာသက်ပန်အသင်းဝင် ၈၆၄၀၀၀ကျော်၊ သာမန်အသင်းသား ၂ဒသမ ၉သန်းကျော်၊ စုစုပေါင်းအသင်းသား ၃ဒသမ ၇သန်းကျော်ကို ဖွဲ့စည်းစည်းရုံးလျက် စေတနာ့ဝန်ထမ်းလှုပ်ရှားနိုင်လျက်ရှိသည်ကို တွေ့ရကြောင်း။

လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတွင်လည်း အသင်းစတင်ဖွဲ့စည်းစဉ်က မိခင်နှင့် ကလေးများကိုသာ ဦးတည်ပြီး လုပ်ငန်းများ ဆောင်ရွက်ခဲ့သော်လည်း ယခုအခါတွင် လုပ်ငန်းတာဝန်များကို အမျိုးသားရေးအနှစ်သာရရှိရှိ တိုးချဲ့ပြီး မိခင်ဝမ်းအတွင်းရှိစဉ်အချိန်ကစ၍ သက်ကြီးရွယ်အိုဘဝအထိ အသက်အရွယ်အဆင့်ဆင့်အတွက် စောင့်ရှောက်မှုပေးလျက်ရှိသည့်အတွက် လူ့ဘဝအစမှအဆုံးအထိ(From womb to tomb) ပြုစုစောင့်ရှောက်မှုပေးနိုင်နေပြီဟု ဆိုရမှာဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်နေ

ကျန်းမာရေးကဏ္ဍတွင် မိခင်နှင့်ကလေးများအတွက် အဓိကကျသည့် မိခင်သေနှုန်းနှင့် ကလေးသေနှုန်းကျဆင်းရေးကို ဦးတည်ဆောင်ရွက်လျက်ရှိရာမှာ ကျန်းမာရေးဝန်ကြီးဌာန၏ နည်းပညာ ပံ့ပိုးမှုများကိုရယူပြီး ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် သားဖွားခန်းများဖွင့်လှစ်ပြီး ကိုယ်ဝန်စောင့်ရှောက်မှုနှင့် အန္တရာယ်ကင်းစွာ မွေးဖွားပေးမှုများ ဆောင်ရွက်နေမှုများ၊ ကလေးသူငယ် ရှင်သန်ဖွံ့ဖြိုးရေးအတွက် အာဟာရဖြည့်ပျိုးထောင်ပေးမှုလုပ်ငန်း၊ အိုင်အိုဒင်းချို့တဲ့မှု ကြောင့် ကလေးသူငယ်များ ဉာဏ်ရည်မမီဖြစ်ရခြင်းကို ကာကွယ်နိုင်ရန် ပညာပေးမှု၊ အိုင်အိုဒင်းဆား ဖြန့်ဝေပေးမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေသည်ကို တွေ့ရကြောင်း။

ရောဂါများ တားဆီးကာကွယ်ရေးအတွက်လည်း ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ၊ အဆုတ်တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ၊ တိုင်းရင်းဆေးပညာ သင်တန်းများ ဖွင့်လှစ်ပေးမှုများအပြင် စိတ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်မှုလုပ်ငန်းများကို အင်ပြည့်အားပြည့်ဆောင်ရွက်နိုင်နေသည်ကို တွေ့ရကြောင်း။

စမ်းသပ်ရှာဖွေ

အမျိုးသမီးဆိုင်ရာ ရောဂါရှာဖွေရေးဌာနကိုလည်း အသင်းရုံးချုပ်၌ ဖွင့်လှစ်ပြီး အမျိုးသမီးများတွင် အဖြစ်များသည့် ကင်ဆာရောဂါများနှင့် နှလုံးရောဂါတို့ကို စမ်းသပ်ရှာဖွေပေးလျက်ရှိသည်ကို တွေ့ရကြောင်း။

အထူးသဖြင့် မွေးရာပါနှုတ်ခမ်းကွဲ၊အာခေါင်ကွဲနှင့် အခြားချို့ယွင်းမှုများကြောင့် ဘဝဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရသည့် လူကြီးလူငယ်များကို ၂၀၀၁ခုနှစ်က စတင်ပြီး ပြည်နယ်နှင့်တိုင်းများတွင် အလှည့်ကျ သွားရောက်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ပညာရှင်များနှင့် ပူးပေါင်းကာ အခမဲ့ကုသပေးလျက်ရှိရာမှာ ယနေ့အထိ ဝေဒနာရှင် ၃၅၀၀ကျော်ကို ကုသနိုင်ခဲ့ပြီးဖြစ်သည်ကို အားရကျေနပ်ဖွယ် တွေ့ရှိရကြောင်း။

ထို့အပြင် UNAIDS အပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး HIV/AIDS ရောဂါတားဆီးကာကွယ်ရေး၊ ပညာပေးရေးနှင့် ပံ့ပိုးကူညီမှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သက်ပြီး အသိပညာဗဟုသုတများ ရရှိရုံမက ရရှိသည့်ဗဟုသုတအပေါ် အခြေခံပြီး အပြုအမူပြောင်းလဲရေး (Behaviour change) အတွက်ပါ UNFPA, UNHCR တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရကြောင်း၊ မိသားစုဘဝတွင်

မျိုးဆက်ပွားကျန်းမာရေးနှင့် ပြည့်စုံစေရေးအတွက် အမျိုးသမီးများသာမက အမျိုးသားများပါ ပူးပေါင်းပါဝင်လာစေရန် ဦးတည်ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။

လူငယ်ရိပ်မြုံများဖွင့်လှစ်

ဆယ်ကျော်သက် မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သက်၍လည်း ပညာပေးမှုလုပ်ငန်းများနှင့် လူငယ်လူရွယ်ပညာပေးလေ့ကျင့်ရေး စခန်းဖွင့်လှစ်မှုတို့ကို ၂၀၀၀ပြည့်နှစ်မှ စတင်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၃ခုနှစ်တွင် UNFPA, International Planned Parenthood Federation, Marie Stope International အဖွဲ့အစည်းတို့နှင့် ပူးပေါင်းပြီး မြို့နယ်ငါးခု၌ လူငယ်ရိပ်မြုံ (Youth Centre)၁၀ ခု ဖွင့်လှစ်ကာ လူငယ်လူရွယ် ၄၀၀၀ ခန့်ကို စည်းရုံးလေ့ကျင့်ပညာပေးနိုင်သည်ကို တွေ့ရကြောင်း။

ပညာရေးကဏ္ဍနှင့်ပတ်သက်ပြီး ကြည့်မည်ဆိုလျှင်လည်း ဝင်ငွေနည်းသည့် မိသားစုများ၏ ကျောင်းနေအရွယ်ကလေးများ ပညာဆုံးခန်းတိုင်အောင် သင်ကြားနိုင်ရေးအတွက် ပညာသင်စရိတ် ထောက်ပံ့ပေးခဲ့ရာတွင် ၁၉၉၆ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ မူလတန်းအဆင့်ကျောင်းသူ၊ ကျောင်းသား ခြောက်သိန်းခန့်၊ အလယ်တန်းအဆင့် နှစ်သိန်းငါးသောင်းခန့်၊ အထက်တန်းအဆင့် တစ်သိန်းငါးသောင်းကျော်နှင့် တက္ကသိုလ်အဆင့် ခြောက်ထောင်ခန့်၊ စုစုပေါင်းကျောင်းသူကျောင်းသား ဆယ်သိန်းကျော်ကို ပညာသင်စရိတ်ထောက်ပံ့ပေးလျက်ရှိသည်ကို တွေ့ရကြောင်း၊ ဤလုပ်ငန်းများတွင် အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများဖြစ်သည့် Asia Maternal and Child Welfare Association, 2050 Organization,U LAW, Korean Embassy Women

Organization စသည့် နိုင်ငံတကာလူ…
ဆောင်ရွက်မှုကိုလည်း ရယူနိုင်ခဲ့သည်ကို…
ရေး လုပ်ငန်းအနေဖြင့် လုပ်ငန်းစတင်ခဲ့…
စာမတတ်သူ ငါးသိန်းလေးသောင်းခန့်ကို…
စာတတ်ပြီးသူများ စာဖတ်ရှိန် မပျက်စေ…
ကျော်နှင့် စာကြည့်တိုက် တစ်သောင်းနီး…
တွေ့ရကြောင်း၊ စာတတ်မြောက်ရေးနှင့်အ…
ရပ်ရွာပညာပဒေသာဌာနပေါင်း (Comm…
ကျော်ကိုလည်း ပညာရေးဝန်ကြီးဌာနန…
တွေ့ရကြောင်း။

မိသားစုဝင်…

ငါးနှစ်အောက်ကလေးငယ်များ ဘက…
တစ်လမ်းမှ မိသားစုအတွက် ဝင်ငွေရှာဖွေ…
ရေးအတွက် မူကြိုကျောင်းများ၊ ကလေ…
ဖွင့်လှစ်နိုင်ခဲ့သည်ကိုတွေ့ရကြောင်း။

မိသားစုဘဝအဆင့်အတန်း မြင့်မာ…
လောက်သည့် မိသားစုများမှ အမျိုးသမီး…
ဝင်ငွေရရှိနိုင်စေရန် စက်ချုပ်၊ မုန့်ဖုတ်…
အိမ်တွင်းမှု သင်တန်းများလည်း စီစဉ်ဆောင်…
ပစ္စည်းကိရိယာများ ထောက်ပံ့ပေးမှုများ…
ထုတ်ကုန်ပစ္စည်းများအတွက် ဈေးကွက်ရှ…
တစ်ပိုင်တစ်နိုင် ငွေကြေးအရင်းအနှီး ထုတ်…
ပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ထို့အပြင် မြန်မာနိုင်ငံမိခင်နှင့်ကလေး…
သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်…
ဆောင်ရွက်နေသည့်ကျေးလက်ဒေသဖွံ့ဖြိုးရေ…
များတွင် နိုင်ငံတော်အစိုးရဌာနများ၊ အခြာ…
အတူ ပူးပေါင်းပါဝင် ဆောင်ရွက်နေသ…

ဂုဏ်ယူဖွယ်…

အထူးသဖြင့် မြန်မာနိုင်ငံမိခင်နှင့်…
အဆင့်ဆင့်အနေဖြင့် စံပြကျေးရွာများထူ…
မူကြိုကျောင်းများ၊ ရပ်ရွာပညာပဒေသာဌ…
ဖွင့်လှစ်ပေးပြီး ရပ်ရွာဖွံ့ဖြိုးရေး လုပ်ငန်းများက…

ဖဲကြိုးဖြတ်…

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှေ…
ဒေါ်ခင်ဝင်းရွှေ (၁၄)ကြိမ်မြောက် နှစ်ပ…
ဈေးပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေ…

နှင့်အညီ တိုးတက်ဖြစ်ထွန်းလာစေရန်…
များစွာ ဂုဏ်ယူဖွယ်ပင်ဖြစ်ကြောင်း။

ခြုံငုံပြီး ကြည့်မည်ဆိုလျှင် မြန်မာနိုင်…
အသင်းကြီး၏ လုပ်ငန်းဆောင်ရွက်မှုမ…
အခြေခံသောမိသားစုဘဝ မြှင့်တင်ရေးမှသ…
များအထိ ပါဝင်သော မြန်မာ့လူ့ဘောင်အ…
ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုသောစေ…
များစွာကို ဆောင်ရွက်လျက်ရှိခြင်းကြော…
ကြောင်း။

တက်ညီလက်ညီ…

ထို့ကြောင့် မြန်မာနိုင်ငံ မိခင်နှင့်…
အဆင့်ဆင့်နှင့် အသင်းဝင်များအားလုံးက…
အကောင်အထည်ပေါ် ဖြစ်ထွန်းလာသည်…
ကျန်းမာကြံ့ခိုင်သန်စွမ်းမှု၊ မိသားစုဘဝလုံ…

စီးပွားကူးသန်း ရှေ့သို့လှမ်း

Organization စသည့် နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ရယူနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ စာမတတ်သူပပျောက်ရေး လုပ်ငန်းအနေဖြင့် လုပ်ငန်းစတင်ခဲ့သည့် ၁၉၉၆ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထိ စာမတတ်သူ ငါးသိန်းလေးသောင်းခန့်ကို အသုံးလုံးသင်တန်းများပို့ချခြင်း၊ စာတတ်ပြီးသူများ စာဖတ်ရှိန် မပျက်စေရေးအတွက် စာဖတ်ဝိုင်း ၁၉၀၀၀ ကျော်နှင့် စာကြည့်တိုက် တစ်သောင်းနီးပါးတို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ စာတတ်မြောက်ရေးနှင့်အတူ မိသားစုဘဝ ဘက်စုံဖွံ့ဖြိုးစေရန် ရပ်ရွာပညာပဒေသာဌာနပေါင်း (Community Learning Centre) ၁၈၀၀ ကျော်ကိုလည်း ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

မိသားစုဝင်ငွေ

ငါးနှစ်အောက်ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးရေးနှင့် မိခင်များ တစ်ဖက်တစ်လမ်းမှ မိသားစုအတွက် ဝင်ငွေရှာဖွေနိုင်အောင် အထောက်အကူပြုနိုင်ရေးအတွက် မူကြိုကျောင်းများ၊ ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာနများ ဖွင့်လှစ်နိုင်ခဲ့သည်ကိုတွေ့ရကြောင်း။

မိသားစုဘဝအဆင့်အတန်း မြင့်မားလာစေရေးအတွက် ဝင်ငွေမလုံလောက်သည့် မိသားစုများမှ အမျိုးသမီးများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိနိုင်စေရန် စက်ချုပ်၊ မုန့်ဖုတ်၊ ရွှေချည်ထိုး၊ ရက်ကန်း စသည့် အိမ်တွင်းမှု သင်တန်းများလည်း စီစဉ်ဆောင်ရွက်ပေးနေသည့်အပြင် လိုအပ်သော ပစ္စည်းကိရိယာများ ထောက်ပံ့ပေးမှုများ၊ အလုပ်အကိုင်ရှာဖွေပေးမှုများ၊ ထုတ်ကုန်ပစ္စည်းများအတွက် ဈေးကွက်ရှာပေးမှုများ၊ ရင်းနှီးလုပ်ကိုင်နိုင်ရန် တစ်ပိုင်တစ်နိုင် ငွေကြေးအရင်းအနှီး ထုတ်ချေးပေးမှုများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ထို့အပြင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆင့်ဆင့်သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအရ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်၏ လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရဌာနများ၊ အခြားသော လူမှုရေးအသင်းအဖွဲ့များနှင့် အတူ ပူးပေါင်းပါဝင် ဆောင်ရွက်နေသည်ကိုလည်း တွေ့ရကြောင်း။

ဂုဏ်ယူဖွယ်

အထူးသဖြင့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဆင့်ဆင့်အနေဖြင့် စံပြကျေးရွာများထူထောင်ပြီး နေ့ကလေးထိန်းဌာန၊ မူကြိုကျောင်းများ၊ ရပ်ရွာပညာပဒေသာဌာနများ၊ စာကြည့်တိုက်စသည်များ ဖွင့်လှစ်ပေးပြီး ရပ်ရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို စံပြကျေးရွာ တစ်ခု၏ အင်္ဂါရပ်များ

ဖဲကြိုးဖြတ်ဖွင့်လှစ်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ အထိမ်းအမှတ် ဈေးပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နှင့်အညီ တိုးတက်ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်နေခြင်းသည် များစွာ ဂုဏ်ယူဖွယ်ပင်ဖြစ်ကြောင်း။

ခြုံငုံပြီး ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းကြီး၏ လုပ်ငန်းဆောင်ရွက်မှုများသည် မိခင်နှင့်ကလေးများကို အခြေခံသောမိသားစုဘဝ မြှင့်တင်ရေးမှသည် လူငယ်လူကြီးသက်ကြီးရွယ်အိုများအထိ ပါဝင်သော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံး၏ လူမှုရေး ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုသောစေတနာ့ဝန်ထမ်း ကရုဏာရှင် လုပ်ငန်းများစွာကို ဆောင်ရွက်လျက်ရှိခြင်းကြောင့် အလွန် ဂုဏ်ယူစရာကောင်းကြောင်း။

တက်ညီလက်ညီကြိုးပမ်း

ထို့ကြောင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဆင့်ဆင့်နှင့် အသင်းဝင်များအားလုံးက မိမိတို့အသင်းကြီး၏ လုပ်ငန်းများ အကောင်အထည်ပေါ် ဖြစ်ထွန်းလာသည်နှင့်အမျှ မိခင်နှင့် ကလေးများ၏ ကျန်းမာကြံ့ခိုင်သန်စွမ်းမှု၊ မိသားစုဘဝလုံခြုံမှု၊အမျိုးသမီးကဏ္ဍအလုပ်အကိုင်

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ လူငယ်လူရွယ်ပညာပေးလှုပ်ရှားမှုပြခန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)နှင့် ပြည်နယ်၊ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီများက ဖွင့်လှစ်ထားသော ဆိုင်ခန်းများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းမှုနှင့် ဝင်ငွေတိုးပွားမှု၊ စီးပွားရေး၊လူမှုရေးဘဝ တိုးတက်မြင့်မားမှု၊ ကလေးသူငယ်များ၊ လူငယ်လူရွယ်များနှင့်တကွ သက်ကြီးရွယ်အိုများအပါအဝင် မြန်မာ့လူ့ဘောင် အဖွဲ့အစည်းတစ်ရပ်လုံး၏ လူမှုရေးဘက်စုံဖွံ့ဖြိုးတိုးတက်မှုစသော အကျိုးပြုစေတနာ့ဝန်ထမ်း ကရုဏာရှင် လုပ်ငန်းများစွာကို ဖန်တီးဖော်ဆောင်ပေးနိုင်လျက်ရှိသည်ကို နားလည်သဘောပေါက်ခံယူပြီး မိမိတို့အသင်းကြီး၏ မွန်မြတ်မြင့်မားသော လူမှုစောင့်ရှောက်ရေး လုပ်ငန်းတာဝန်များ အရှိန်အဟုန်မပျက် ဆက်လက်အောင်မြင်ဖြစ်ထွန်းစေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

ယခုကဲ့သို့ လူမှုရေးဘက်စုံဖွံ့ဖြိုးတိုးတက်မြင့်မားလာမှုမှသည် မိခင်များအပါအဝင် အမျိုးသမီးထုကြီး တစ်ရပ်လုံး၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများပါ တစ်ပါတည်းဖြစ်ထွန်းလာမှာ မလွဲဧကန်ပင်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာအမျိုးသမီးထုကြီးသည်လည်း နိုင်ငံ့တာဝန်၊ အမျိုးသားရေးတာဝန်များကို ပီပြင်စွာ ထမ်းရွက်နိုင်သည့် စွမ်းဆောင်ရည်ထက်မြက်သော အမျိုးသားရေး အင်အားစုကြီးအဖြစ် ခိုင်ခိုင်မာမာဖြစ်ထွန်းလာမည်ဟု ယုံကြည်မိပါကြောင်း ပြောကြားလိုကြောင်း။

တက်ညီလက်ညီပါဝင်

ယနေ့အချိန်အခါတွင် မြန်မာအမျိုးသမီးထုကြီး၏ ကောင်းမြတ်သော သမိုင်းအစဉ်အလာနှင့် ထက်မြက်သော စွမ်းဆောင်ရည်တို့ကို စုစည်း ညီညွတ်သော တိုင်းကျိုးပြည်ဆောင် အမျိုးသားရေး စွမ်းအားစုကြီးအဖြစ် စုစည်းဖော်ဆောင်ပေးနိုင်စေရန်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးက စည်းရုံးဦးဆောင်လျက်ရှိသည့်အချိန်အခါဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဆင့်ဆင့်က အသင်းဝင်များအားလုံးကလည်း အမျိုးသမီးကဏ္ဍ၏ ဦးဆောင်အဖွဲ့အစည်းကြီးဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ ဦးဆောင်မှုအောက်တွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်သွားကြလိမ့်မည်ဟုလည်း ယုံကြည်ထားပြီးဖြစ်ပါကြောင်း။

ယနေ့အချိန်ကာလ၏ ပဓာနအကျဆုံး အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ပေါ် အောင်မြင်ဖြစ်ထွန်းရေးအတွက်လည်း မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီး၏ ဦးဆောင်မှုအောက်မှာရှိသည့် စွမ်းအားစုများကို စည်းရုံးဦးဆောင်ပြီး မိမိတို့ကျရာကဏ္ဍက တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါဟု တစ်ဆက်တည်းမှာပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် မိခင်နှင့် ကလေးများအပါအဝင် မိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊စီးပွားရေး ဘက်စုံဖွံ့ဖြိုး တိုးတက်စေရအောင် အရှိန်အဟုန်ဖြင့် ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **အမျိုးသမီးကဏ္ဍဆိုင်ရာဦးဆောင်အဖွဲ့ကြီးဖြစ်သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီး၏ အမျိုးသားရေးကြိုးပမ်းဆောင်ရွက်မှု လုပ်ငန်းများနှင့် ဆက်စပ်ပါဝင်ဆောင်ရွက်သွားကြပါ၊**
- **မိမိနိုင်ငံ၊ မိမိလူမျိုး၏ တည်ငြိမ်ခိုင်မာသော အနာဂတ်နှင့် တကွ အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မားခိုင်ကျည်မှု၊ ပြည်ထောင်စုကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲမှုတို့ကို အာမခံနိုင်မည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည် ပေါ်လာစေရေး အတွက် ကျရာတာဝန်ကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

ညီလာခံဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အစည်းအဝေး ခန်းမ၌ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ပြည်နယ်/တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီများ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ထုတ်ဝေသော ကျန်းမာရေးပညာပေးစာစောင်များ၊ ဗီဒီယိုအခွေများနှင့် မဂ္ဂဇင်းများကို ကြည့်ရှုကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံအထိမ်းအမှတ်ဈေးပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များသည် လူငယ်လူရွယ်ပညာပေးလှုပ်ရှားမှုပြခန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)နှင့် ပြည်နယ်/တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီများက ဖွင့်လှစ်ထားသော ဆိုင်ခန်းများ၊တိုင်းရင်းဆေးပြခန်းနှင့် အသင်းကြီး၏ လုပ်ငန်းများနှင့် ဆက်နွယ်သော တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဆိုင်ခန်းများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပါရမီခုံးကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်း တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၂၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ကမ္ဘာအေးစေတီလမ်းနှင့် ဝေဇယန္တာလမ်းကြား၊ ပါရမီလမ်းနှင့် မြို့ပတ်ရထားလမ်းဆုံ ခုံးကျော်တံတား စတင်တည်ဆောက်ခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

တက်ရောက်

အခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဖေသန်းနှင့် သူရဦးသောင်းလွင်၊ အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် တာဝန်ရှိသူများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာမင်္ဂလာအချိန်တွင် ၁၂လက်မ X ၁၂ လက်မ လေးထောင့် သံကူကွန်ကရစ်ပိုင်တိုင်များကို ပိုင်ရိုက်စက်များဖြင့် စတင်ရိုက်၍ ပါရမီ ခုံးကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်း စတင်ရာ ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ပြောကြား

ထို့နောက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဒုတိယဝန်ကြီးဦးဖေသန်းက ပါရမီခုံးကျော်တံတား တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လုပ်ငန်းများဆောင်ရွက်မည့် အခြေအနေများကိုရှင်းလင်းပြသရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ပါရမီခုံးကျော်တံတားကြီး အမြန်ပြီးစီးရေးအတွက် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြောကြားကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၄-၂၀၀၄ (တနင်္ဂနွေနေ့)
၁၃၆၆ခုနှစ်၊ ကဆုန်လဆန်း ၇ရက်
(အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀ ၆။ အဆိုပြိုင်ပွဲ
၈:၂၀ ၇။ ရွှေလောင်းတံတား
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Say it in English .
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ (အပိုင်း-၃၆)**
၁၂:၁၅ ၅။ **အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ (အပိုင်း-၂)**
၁၂:၃၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း ကျော်နီချက်ဖောင်း (ဝေဠုကျော်၊မြတ်ကေသီအောင်၊ လှအဥ္ဇလီတင့်၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-ဒီအေးလွင်)**
၂:၃၀ ၇။ ယူးချောင်းတံတား
၂:၄၅ ၈။ International News.
၃:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ရက္ခဗေဒ၊သတ္တဗေဒအထူးပြုများ) (ရက္ခဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၃၀ ၇။ တေးဂီတအစီအစဉ်
၅:၄၀ ၈။ စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
၅:၅၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်" (အပိုင်း-၆)**
၇:၃၅ ၁၃။ တေးဂီတအစီအစဉ်
၇:၄၅ ၁၄။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **မြန်မာဗီဒီယိုဇာတ်လမ်း "ကွန်" (အပိုင်း-၂) (ကျော်ဟိန်း၊ နန္ဒာလှိုင်၊ ချိုပြုံး) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ၏ မွေးနေ့အလှူတော် အဘိဓဇမဟာရဋ္ဌဂုရု ဂုဏဝိသိဋ္ဌပူဇာနှင့် တိပိဋကဓရ စာမေးပွဲအောင်အရှင်သူမြတ်များအား ဂုဏပူဇာ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်မြို့ ကမ္ဘာအေးတိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသု မင်္ဂလာလင်္ကာရ (Ph.D)၏ မွေးနေ့အလှူတော် မင်္ဂလာ၊ ကျေးဇူးတော်ရှင်ဖြစ်တော်မူသော စစ်ကိုင်းတောင်ရိုးသဒ္ဓမ္မနောဒယ ဆရာတော်ကြီးအား အဘိဓဇမဟာရဋ္ဌဂုရု ဂုဏဝိသိဋ္ဌ ပူဇာမင်္ဂလာနှင့် တိပိဋကဓရ စာမေးပွဲအောင် အရှင်မြတ်များအား ဂုဏပူဇာ မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် အဆိုပါ မဟာဂန္ဓာရုံကျောင်းတိုက် သီရိမင်္ဂလာအနန္တဂုဏ်ရည်ငါးထပ်ကျောင်းတော်ကြီး၌ ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညိုသည်။

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ၊ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ကြီး၏ ဩဝါဒါစရိယ စစ်ကိုင်းတောင်ရိုး ရတနာဓုဝံချောင်နှင့် သဒ္ဓမ္မနောဒယချောင်တို့၏ ဦးစီးပဓာန မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သဒ္ဓမ္မနာဘိဝံသတို့အမှူးပြုသော ပင့်သံဃာတော်များ၊ မွေးနေ့ရှင် ရန်ကုန်မြို့ကမ္ဘာအေးတိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက ဆရာတော်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မ ပါဠိပါရဂူ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D) နှင့် ကျောင်းတိုက်နာယက ဆရာတော်များ၊ အပူဇော်ခံစာအောင်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်–ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့ဝင်များ၊ သီလရှင်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ကြီး၏ ဩဝါဒါစရိယ စစ်ကိုင်းတောင်ရိုး ရတနာဓုဝံချောင်နှင့် သဒ္ဓမ္မနောဒယချောင်တို့၏ ဦးစီးပဓာန မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သဒ္ဓမ္မနာဘိဝံသ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ၊ စစ်ကိုင်းတောင်ရိုး ရတနာဓုဝံချောင်နှင့် သဒ္ဓမ္မနောဒယချောင်တို့၏ ဦးစီးပဓာန မဟာနာယက ဘဒ္ဒန္တ သဒ္ဓမ္မနာဘိဝံသနှင့် ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မ ပါဠိပါရဂူ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာ လင်္ကာရ (Ph.D)ဆရာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

လျှောက်ထား

ထို့နောက် မွေးနေ့ရှင် ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကအဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ(Ph.D)က မွေးနေ့ပူဇော်ပွဲအကြောင်း လျှောက်ထားတော်မူသည်။

ဂုဏ်ပြုပူဇော်

ဆက်လက်၍ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ တိုက်အုပ်နာယက မဟာဂန္ထဝါစက ပဏ္ဍိတ အရှင်ကဝိဓဇက အပူဇော်ခံ အရှင်မြတ်များ၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်နှင့် အလှူရှင်စာရင်း အကျဉ်းချုပ်ကို ဖတ်ကြားသည်။ ယင်းနောက် အင်္ဂတ္တိုရ်ကျမ်းပြုအကျော် ကမ္ဘာအေး ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညိဿရာ ဘိဝံသ ရေးသားသည့် ဂါထာတော်များဖြင့် ဓမ္မကထိက ဗဟုဇနဟိတဓရ နိုင်ငံတော် ဓမ္မကထိက တွံတေးအရှင်ဉာဏ္ဍကက အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ သဒ္ဓမ္မနောဒယ ဆရာတော်ကြီးအား လည်းကောင်း၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် မင်္ဂလာဗိမာန်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီ ဘိဝံသ ရေးသားသော ဂါထာတော်များဖြင့် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒက တိပိဋကဓရ စာမေးပွဲအောင် အရှင်ဝေပုလ္လာ လင်္ကာရ၊ အရှင်ဝိသိဋ္ဌာလင်္ကာရ၊ အရှင်ဩဘာသာ လင်္ကာရနှင့် အရှင်သုဇာတာလင်္ကာရ စာချဘုန်းကြီးများအား လည်းကောင်း ဂုဏ်ပြုပူဇော်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ်အစရှိသော ပရိတ်တော်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မကွေး ဆရာတော် ဘဒ္ဒန္တ ကုမာရက အနုမောဒနာ တရားဟောကြား ချီးမြှင့်တော်မူကာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (Ph.D) ၏ မွေးနေ့အလှူတော်မင်္ဂလာ၊ ကျေးဇူးတော်ရှင် စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မနောဒယ ဆရာတော်အား အဘိဓဇမဟာရဋ္ဌဂုရုဂုဏဝိသိဋ္ဌပူဇာနှင့် တိပိဋကဓရ စာမေးပွဲအောင် အရှင်သူမြတ်များအား ဂုဏပူဇာမင်္ဂလာအခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျော်ဖုံးမှ

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပါရမီခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းဆိုင်ရာ အချက်အလက်များ၊တည်ဆောက်ရေးလုပ်ငန်းများစတင် ဆောင်ရွက်နေမှု၊ သတ်မှတ်ချိန်အပြီး တည်ဆောက်ရန်ကြိုးပမ်းဆောင်ရွက်နေမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ပါရမီခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ Pileရိုက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ Pile Cap လုပ်ငန်း၊ တံတားလက်ရန်းလုပ်ငန်း၊ ပလက်ဖောင်းလုပ်ငန်း၊ ချဉ်းကပ်လမ်းလုပ်ငန်း၊ ပင်မတံတားလုပ်ငန်းအပါအဝင် တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တံတားလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီပြီး သတ်မှတ်ချိန်ထက်စော၍ ပြီးစီးအောင် ဆောင်ရွက်ကြရေးမှာကြားသည်။

ရန်ကုန်မြို့တော်သို့ရေပေးရေး

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ငမိုးရိပ်ရေလှောင်ကန်မှ ရန်ကုန်မြို့တော်သို့ ရေပေးရေး စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်းက ငမိုးရိပ်ရေလှောင်ကန်မှ ရန်ကုန်မြို့သို့ ပိုးမွှားကင်းစင်သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဝေနိုင်ရန် အဆင့်မြင့်နည်းပညာများအသုံးပြု၍ ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ပါရမီခုံးကျော်တံတား တည်ဆောက်ရေး စီမံကိန်း Pile ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်မြို့တော်ကို မြို့တော်အင်္ဂါရပ်နှင့်အညီ ပြုပြင်ဆောင်ရွက်လျက်ရှိရာ ယာဉ်သွားလာမှုများပြားသည့် မြို့တွင်းလမ်းများတိုးချဲ့ခြင်း၊ မြို့အဝင်အထွက် လမ်းမကြီးများ တိုးချဲ့ခြင်းကို ဆောင်ရွက်လျက်ရှိသည်။

အဆင့်လိုက်တည်ဆောက်

ထို့အပြင် ရန်ကုန်မြို့တော်အတွင်း ယာဉ်သွားလာမှု ပိုမိုများပြားလာပြီး မြို့ပတ်နှင့် ဆင်ခြေဖုံး လော်ကယ်ရထားများသည် ၁၅မိနစ်လျှင်တစ်ကြိမ် သွားလာနေခြင်းတို့ကြောင့် ကားလမ်းကူး ဂိတ်တံခါးများ ပိတ်ထားရ၍ ယာဉ်များ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ရထားခုံးကျော်တံတားများကို အဆင့်အလိုက် တည်ဆောက်သွားရန် စီမံဆောင်ရွက်လျက်ရှိသည်။

ပါရမီ ခုံးကျော်တံတားမှာ မြို့ပတ်ကားလမ်းနှင့် ပါရမီလမ်းမကြီးဆုံသော ကားလမ်းကူးနေရာတွင် တည်ရှိပြီး အလျား၁၁၇၅ပေ၊ ၄၈ပေအကျယ် လေးလမ်းသွား တံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။ တံတား၏ တစ်ဖက်တစ်ချက်တွင် လေးပေအကျယ်လူသွားလမ်းများ ပါရှိမည်ဖြစ်ပြီး တံတားအမြင့်မှာ ၁၄ပေ ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ငမိုးရိပ် ရေလှောင်ကန်မှ ရန်ကုန်မြို့တော်သို့ ရေပေးရေး စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ စတင်ကျင်းပ

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ ပထမနေ့အစီအစဉ်ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

တက်ရောက်

ညီလာခံသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဗဟိုကောင်စီဝင်များ တက်ရောက်ကြသည်။

ညီလာခံတွင် သဘာပတိအဖြစ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဒေါက်တာ နွယ်ဦးက ဆောင်ရွက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားသည်။

အဖွင့်အမှာစကားပြောကြား

ထို့နောက် ညီလာခံအစီအစဉ်ကို စတင်ကျင်းပရာ သဘာပတိဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့် ရှောက် ရေး အသင်းအတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက ၂၀၀၃ခုနှစ် လုပ်ငန်းအစီရင်ခံစာကိုလည်းကောင်း၊ အကျိုးဆောင် စာရင်းစစ် ဒေါ်သင်းသင်းက ၂၀၀၃-၂၀၀၄ ခုနှစ် စာရင်းစစ် အစီရင်ခံစာကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်ယုဇနက ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးရှင်းတမ်းနှင့် ၂၀၀၄-၂၀၀၅ ရသုံးမှန်းခြေစာရင်းတို့ကို လည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက်ပြည်နယ်နှင့်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြရာ ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာမြင့်မြင့်သန်းကလည်းကောင်း၊ ကယားပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို အတွင်းရေးမှူးဒေါ်ခင်ညိုက လည်းကောင်း၊ ကရင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ် အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာပပက လည်းကောင်း၊ ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါ်မေရီက လည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြပြီး နံနက်ပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

အမှာစကားပြောကြား

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံတွင် သဘာပတိအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အစီရင်ခံစာဖတ်ကြား

ဆက်လက်၍ ညီလာခံ နေ့လယ်ပိုင်း အစီအစဉ်များကို ကျင်းပရာ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ် အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာ ရီရီလွင်ကလည်းကောင်း၊ တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာ စန်းစန်းသီကလည်းကောင်း၊ ပဲခူးတိုင်းရေးကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာ စမ်းစမ်းကြည်က လည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာ နွယ်နီအုန်းက လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ် အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာ နန်းဆိုင်ဇင်က လည်းကောင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို ဒေါက်တာ တင်တင်ဝင်းက လည်းကောင်း အသီးသီး ဖတ်ကြား တင်သွင်းကြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာများကို ဆက်လက်၍ ဖတ်ကြားတင်သွင်းကြရာ မကွေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါ်တင်တင်ထွေးက လည်းကောင်း၊ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ် အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာဝင်းဝင်းခိုင်က လည်းကောင်း၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာ ခင်မေသစ်ကလည်းကောင်း၊ ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာနန်းကိန်ဖောင်းတစ်ကလည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာနန်းကိန်ဖောင်းတစ်ကလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာ ဇင်မာဦးက လည်းကောင်း၊ ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာအေးအေးမူက လည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြရာ သဘာပတိ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး ညီလာခံပထမနေ့ အစီအစဉ်ကို ညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။

ညီလာခံကို ဧပြီ ၂၆ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံတွင် အသင်းအတွင်းရေးမှူး ဒေါက်တာ ဝေဝေသာက ၂၀၀၃ခုနှစ် လုပ်ငန်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံတွင် အခမ်းအနားမှူးအဖြစ် အသင်းတွဲဖက်အတွင်းရေးမှူး ဒေါက်တာ နွယ်ဦးက ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံတွင် အသင်းအကျိုးဆောင် စာရင်းစစ် ဒေါ်သင်းသင်းက ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်၏ စာရင်းစစ် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံတွင် အသင်းဘဏ္ဍာရေးမှူး ဒေါ်ယုဇနက ၂၀၀၃-၂၀၀၄ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းနှင့် ၂၀၀၄-၂၀၀၅ခုနှစ် ရသုံးမှန်းခြေစာရင်းကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မီးသုံးစွဲလျှင်
အသိယှဉ်
အစဉ်သတိ
အမြဲရှိ

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံတွင် ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာမြင့်မြင့်သန်းက တင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံတွင် တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာစန်းစန်းသီက တင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံတွင် မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာဝင်းဝင်းခိုင်က တင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်းက တင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံတွင် ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ နှစ်ချုပ်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာအေးအေးမူက တင်သွင်းစဉ်။ (သတင်းစဉ်)

✻ ဆားလင်းကြီးမြို့နယ်မှ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များ၊ မင်္ဂလာ စည်တော် အကအဖွဲ့ဝင်များ စုစုပေါင်း အင်အား ၄၈၀၀ ကျော် တစ်ခဲနက် တက်ရောက်ကြသည်။

အမှာစကားပြောကြား

ငွေသာရေလှောင်တမံ ဖွင့်ပွဲအခမ်း အနားတွင် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြော ကြားရာတွင် ယနေ့ ဖွင့်လှစ်သည့် ငွေသာရေလှောင်တမံသည် ဆားလင်း ကြီးမြို့နယ် ငွေသာကျေးရွာအနီး ငွေသာချောင်းပေါ်တွင် တည်ဆောက် ထားသော ရေလှောင်တမံဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသသည် ဧရာဝတီ မြစ်၊ ချင်းတွင်းမြစ်နှင့် မူးမြစ်တို့ ဖြတ်သန်းစီးဆင်းရာ ဒေသဖြစ်သည့် အတွက် ဤမြစ်ကြီးများကို အခြေခံ ပြီး စိုက်ပျိုးရေးကို အကျိုးပြုစေမည့် လျှပ်စစ်နှင့် ဒီဇယ်မြစ်ရေတင်စီမံကိန်း များကိုလည်း စီမံဆောင်ရွက်ပေးခဲ့ရာ မြစ်ရေတင်စီမံကိန်းပေါင်း ၄၈ ခု ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဆက်လက် ၍လည်း မြစ်ရေတင်လုပ်ငန်းများ အားလုံးက ကုန်ထုတ်လုပ်မှုလုပ်ငန်း များကို ဖိဖိစီးစီး ကြိုးပမ်းလုပ်ကိုင် သွားကြရန် အထူးလိုအပ်ကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ လက်တွေ့ကျသည့် လမ်းညွှန်မှုများပေး ပြီး စီးပွားရေးဆိုင်ရာ အခြေခံလိုအပ် ချက်များကို စီမံဖန်တီးပေးနေသည့် အပြင် တစ်ဖက်ကလည်း အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်

ဖဲကြိုးဖြတ်ဖွင့်လှစ်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့က ငွေသာ ရေလှောင်တမံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ငွေသာရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံ တော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အစိုးရအား ကျေးဇူးတင်ရှိ ပါကြောင်းဖြင့် ဒေသခံပြည်သူများ ကိုယ်စား မုံရွာခရိုင် ဆားလင်းကြီး မြို့နယ်မှ ဦးအောင်ဇော်ဦးက ကျေးဇူး တင်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ငွေသာ ရေလှောင်တမံကမ္ပည်းကျောက်စာတိုင် ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့က ငွေသာ ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် အဖွဲ့ဝင် များသည် ဒေသခံပြည်သူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက် ကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်ချုပ် ညွန့်တင်နှင့် အဖွဲ့ဝင်များသည် ငွေသာ ရေလှောင်တမံကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သံကူကွန်ကရစ်အမျိုးအစား

ယနေ့ ဖွင့်လှစ်လိုက်သည့် ငွေသာ ရေလှောင်တမံသည် မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအမြင့် ၅၈ပေ နှင့် တမံအလျားပေ ၅၂၈၀ ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏသည် ဧကပေ ၁၅၂၅၀၊ ကန်ရေသေ ရေလှောင် ပမာဏသည် ဧကပေ ၂၄၀၀ ဖြစ် သည်။ ရေထုတ်ပြွန်ကို သံကူကွန် ကရစ် အမျိုးအစားဖြင့် ပြုလုပ်ထား ရှိသည်။

ငွေသာရေလှောင်တမံမှ ဆားလင်း ကြီးမြို့နယ်အတွင်းရှိ လယ်မြေဧက ၃၀၀၀ ကို ရေပေးဝေနိုင်ပြီး အနီး ပတ်ဝန်းကျင် ကျေးရွာနေပြည်သူများ အတွက် သောက်သုံးရေ ဖူလုံစေကာ ဒေသ စိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူ ပေးသွားမည်ဖြစ် သည်။ (သတင်းစဉ်)

ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက် အကူဖြစ်စေရန် တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ရေလှောင်တမံမှ လယ်မြေ ဧက ၃၀၀၀ ကို ရေပေးဝေနိုင်မည် ဖြစ်ပြီး ဒေသတွင်း ကျေးရွာများ သောက်သုံးရေ ဖူလုံခြင်း၊ ဒေသ စိမ်းလန်းစိုပြည်စေခြင်းစသည့် အကျိုး တရားများကိုပါ ဒေသနေ ပြည်သူ အများ ရယူခံစားရတော့မည်ဖြစ် ကြောင်း။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေကလည်း "စိုက်ပျိုးရေးလုပ်ငန်း တွင် ရေရရှိရေးသည် အရေးကြီး ကြောင်း၊ ထို့ကြောင့် ဆည်မြောင်း၊ ကန်ချောင်းများကို အခြေအနေပေး သည့်ဒေသတိုင်း၌ တိုးချဲ့တည်ဆောက် သွားရမည်ဖြစ်ကြောင်း"ဖြင့် လမ်းညွှန် မှာကြားခဲ့ကြောင်း။

နိုင်ငံနှင့်အဝန်း

ဤလမ်းညွှန်ချက်နှင့်အညီ ဆည် မြောင်းတာတမံ လုပ်ငန်းများကို မိမိတို့ အစိုးရလက်ထက်တွင် နိုင်ငံနှင့်အဝန်း ဆောင်ရွက်ပေးလျက်ရှိရာ တစ်နိုင်ငံလုံး အတိုင်းအတာအရ ယနေ့ ဖွင့်လှစ် သည့် ငွေသာရေလှောင်တမံအပါအဝင် ဆည်မြောင်းတာတမံ လုပ်ငန်းပေါင်း ၁၅၉ခုကို ငွေကျပ်သန်းပေါင်း ၆၉၀၀၀ ကျော် အကုန်အကျခံ တည်ဆောက်ပေး ခဲ့ပြီးဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းအတွင်း ၁၉၈၈ ခု နောက်ပိုင်း တည်ဆောက်ပေးခဲ့သည့် ဆည်တမံလုပ်ငန်းများအနေဖြင့် ငွေသာ ရေလှောင်တမံ အပါအဝင် ၁၆ ခုရှိပြီး စုစုပေါင်း ဆည်ရေသောက်ဧရိယာ ဧက ၃၆၀၀၀၀ကျော် အကျိုးပြုနေပြီ ဖြစ်ကြောင်း၊ ယခင်ဆည်များ အပါ အဝင်ဖြစ်ပါက ၅၉၉၄၄၅ ဧက အကျိုး ပြုမည်ဖြစ်ကြောင်း၊ ဤဆားလင်းကြီး မြို့နယ်တွင် ငွေသာရေလှောင်တမံနှင့် ဆားလင်းကြီး ရေလှောင်တမံတို့ကို တည်ဆောက်ပေးခဲ့ကြောင်း၊ ဆားလင်း ကြီးရေလှောင်တမံသည်လည်း မကြာမီ ကာလအတွင်းမှာပင် ဖွင့်လှစ်ပေးနိုင် တော့မည်ဖြစ်ကြောင်း။

ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ စစ်ကိုင်းတိုင်းအတွင်း အချို့ဒေသများ တွင် မြေအောက်ရေစုဖွဲ့မှုများ ရှိခြင်း ကြောင့် ဤရေများကို မြေအောက်မှ မြေပေါ်သို့ရောက်ရှိ အသုံးပြုနိုင်ရေး အတွက် စက်တွင်း၊လက်တွင်း၊ ရေလျှံ တွင်းများဖြင့် စနစ်တကျ တူးဖော်ပေး ခဲ့ကြောင်း၊ ယင်းတို့အနက် ယင်းမာပင် မြို့နယ်အတွင်း ဧက ၁၀၀၀၀ ခန့် ကို ရေပေးဝေနိုင်သည့် ရွာသာယာ ရေလှောင်ကန် ၉၉ ကန် ရေလျှံတွင်း စီမံကိန်းသည် တစ်ခုအပါအဝင်ဖြစ် ကြောင်း။

ဆန်နှင့်ဆီပိုလျှံ

ထိုကဲ့သို့ စီမံဆောင်ရွက်ပေးနိုင်မှု များကြောင့် စစ်ကိုင်းတိုင်းတွင် ဆန်စပါးနှင့် သီးနှံမျိုးစုံ တိုးတက် စိုက်ပျိုးလာနိုင်ခဲ့ပြီး ယခုအခါတွင် ဒေသဆန်နှင့် ဆီဖူလုံသည့်အပြင် ပိုလျှံ နေသော တိုင်းတစ်ခု ဖြစ်နေပြီ ဖြစ်ကြောင်း။

ယနေ့ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း နှင့် မကွေးတိုင်းတို့တွင် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံချက်ကို ၁၃ခရိုင် အထိ တိုးချဲ့ပြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး စီမံချက်အဖြစ် တိုးတက်ပြောင်းလဲ အကောင်အထည် ဖော်လျက်ရှိကြောင်း၊ထိုစီမံချက်လုပ်ငန်း များကို ပြည်သူအများ၏ ပူးပေါင်း ပါဝင် တာဝန်ယူမှုများကြောင့် အကျိုး သက်ရောက်မှုများ မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ဖိဖိစီးစီးကြိုးပမ်း

စစ်ကိုင်းတိုင်းသည် နိုင်ငံတော် အတွက် စီးပွားရေးအရ အလေးထား အားကိုးရသော တိုင်းကြီးတစ်တိုင်း ဖြစ်သည့်အပြင် အထက်မြန်မာနိုင်ငံ၏ စပါးကျီလည်းဖြစ်ကြောင်း၊ ထို့ကြောင့် လည်း နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးရေး ကို ယခုထက်ပိုမိုပြီး အထောက်အကူ ပြုသည့် တိုင်းအဖြစ် ပိုမိုခိုင်မာစွာ ရပ်တည်နိုင်ရေးအတွက် ဒေသခံပြည်သူ သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက် ပေးလျက်ရှိကြောင်း။

ဤလုပ်ငန်းစဉ် များသည်လည်း နိုင်ငံသားတို့၏ ရေရှည်အကျိုးစီးပွား ကို ရှေးရှုပြီး ချမှတ်လိုက်သည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း။

ထွက်ပေါက်လမ်း

နိုင်ငံတော်က စိုက်ပျိုးရေးနှင့် ဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပေးသကဲ့သို့ စစ်ကိုင်းတိုင်း အရှေ့ခြမ်းနှင့် အနောက် ခြမ်း ချင်းတွင်းမြစ်ကူး တံတား များ၊ သွားလာရေးခက်ခဲသော ချင်း ပြည်နယ်အတွက် ထွက်ပေါက်လမ်း များကိုလည်း တည်ဆောက်ဖောက်လုပ် ပေးခဲ့ကြောင်း။

နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝ မြင့်မားလာရေးအတွက် ရည်ရွယ်ပြီး တည်ဆောက်ပေးခဲ့သော ဆည်မြောင်း တာတမံ လုပ်ငန်းများကို ဒေသခံ တောင်သူ လယ်သမားများအနေဖြင့် ထိရောက်စွာ အသုံးပြုပြီး မိမိတို့ စားဝတ်နေရေး ဖူလုံစေရန်နှင့် ဒေသ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းရမည် ဖြစ်ကြောင်း၊ အထူးသဖြင့် စစ်ကိုင်း တိုင်းအတွင်း ချင်းတွင်းမြစ်အနောက် ဘက်ခြမ်း ဒေသများဖြစ်သည့် ယင်းမာပင်၊ ဆားလင်းကြီးနှင့် ပုလဲ စသည့်ဒေသများတွင် ဆန်စပါး ပိုမို စိုက်ပျိုးထွက်ရှိရေးကို အသိတရားရှိရှိ ဖြင့် ဦးတည်ဆောင်ရွက်ရမည်ဖြစ် ကြောင်း၊ စပါးသီးနှံသာမက ဆီထွက် သီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံများပါ တိုးတက်ထွက်ရှိနိုင်ရေး ကြိုးပမ်းကြ ရန် လိုအပ်ကြောင်း။

စိုက်ပျိုးရေးဖြစ်ထွန်းနိုင်သည့် ရေခံ၊ မြေခံကောင်းများရှိသော စစ်ကိုင်းတိုင်း တွင် ဆန်စပါးအပြင် အခြားသီးနှံစုံ တိုးတက်ထွက်ရှိအောင် ကြိုးစားအား ထုတ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး ပိုမိုတိုးတက်တောင့်တင်း ခိုင်မာရေး ကို အထောက်အကူပြု အားဖြည့် သွားနိုင်မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုတည်ဆောက် ပေးသည့် ဆည်တမံများကို ရေရှည် တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြပြီး ဒေသစိမ်းလန်း စိုပြည်သာယာရေးကို ဝိုင်းဝန်းဆောင် ရွက်ကြ၍ မိမိတို့၏ စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက် မြင့်မားသည်ထက် မြင့်မားလာအောင် ကြိုးပမ်း ဆောင်ရွက်သွားကြပါဟု အလေးအနက်ထား မှာကြားလို ကြောင်းဖြင့် ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က အမှာစကား ပြောကြားရာတွင် ဆားလင်းကြီးဒေသ လယ်ယာမြေကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး၊ ကျေးလက်ဒေသများ သောက်သုံးရေ ဖူလုံနိုင်ရေးနှင့် ဒေသ စိမ်းလန်းစိုပြည်သာယာရေး ရည်ရွယ် ချက်များဖြင့် တည်ဆောက်ပေးလိုက် သည့် ငွေသာရေလှောင်တမံသည် အညာဒေသအတွက် အဖိုးမဖြတ်နိုင် သည့် ထာဝရအမွေအနှစ်တစ်ရပ်ဟု မှတ်ယူမိကြောင်း။

ယှဉ်တွဲဖြစ်ထွန်းလာ

နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံကျကျ ပါဝင်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ကြီးတွင် သောက်သုံးရေ ဖူလုံစွာရရှိ ရေးအချက်သည် ပဓာနကျသည့် အခန်းကဏ္ဍက ရှိနေကြောင်း၊ ထို အချက်ကို မျက်မှောက်ပြုပြီး နိုင်ငံ အကြီးအကဲ၏ ညွှန်ပြဦးဆောင်မှုများ နှင့် နိုင်ငံနှင့်အဝန်း အကောင်အထည် ဖော် တည်ဆောက်လိုက်သည့် ဆည်မြောင်းတာတမံစီမံကိန်းများက ယခုငွေသာရေလှောင်တမံ အပါအဝင် ၁၅၉ခု တည်ရှိလာခဲ့ပြီဖြစ်သည့် အလျောက် စိုက်ပျိုးမြေဧက နှစ်သန်း တစ်သိန်းကျော်ကို အချိန်တိုအတွင်း ရေသွင်းစိုက်ပျိုးနိုင်ရန် ဖန်တီးနိုင် သကဲ့သို့ တစ်ဆက်တည်းမှာပင် သောက်သုံးရေဖြည့်ဆည်းပေးနိုင်သော လုပ်ငန်းများနှင့်ပါ ယှဉ်တွဲဖြစ်ထွန်းလာ ရန် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း။

တောင်သူလယ်သမား ပြည်သူများ ပါဝင်လုပ်ကိုင် အသက်မွေးဝမ်းကြောင်း နေကြရသည့် မိမိတို့နိုင်ငံ၏ လယ်ယာ စီးပွားရေးလုပ်ငန်းကြီးသည် တိုင်းပြည် စီးပွားရေး၏ထက်ဝက်မျှကို ဖြည့်ဆည်း အထောက်အကူ ပြုနေခြင်းကြောင့် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေ သည့် လယ်ယာကဏ္ဍရည်မှန်းချက် များ အောင်မြင်အောင် အကောင် အထည်ဖော်ကြရာတွင် အဘက်ဘက် က ဝိုင်းဝန်းကြိုးပမ်း လုပ်ကိုင်ပေးကြ ရန်ဖြစ်ကြောင်း။

အလုပ်ကြိုးစားလုပ်ကိုင်

သီးနှံစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရန် ယခုကဲ့သို့ လိုအပ်သော ရေရရှိရေး အစီအမံများကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ပေးနေခြင်းဖြစ် ကြောင်း၊ဤဒေသတွင်လည်း တိုးတက် ရရှိလာသည့် ရေရရှိရေးစီမံကိန်းကို အမိအရအသုံးချပြီး မိမိတို့ဒေသ ဖွံ့ဖြိုး အောင်၊ လယ်ယာစီးပွားရေးလုပ်ငန်း များ ပိုမိုတိုးတက်လာအောင် အလုပ် ကြိုးစားလုပ်ကိုင်ကြရန် ထပ်လောင်း မှာကြားလိုကြောင်း။

၂၀၀၂-၂၀၀၃ခုနှစ်က စတင်တည် ဆောက်ခဲ့သည့် ယခု ရေလှောင်တမံကို နှစ်နှစ်အတွင်းနှင့် ပြီးမြောက်အောင် မြင်အောင် ကြီးကြပ်စီမံ အကောင် အထည် ဖော်ပေးကြသည့် ဒေသ အာဏာပိုင်အဖွဲ့အစည်းနှင့်ဆည်မြောင်း ဝန်ထမ်းများအား လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အထူး ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း ကို ပြောကြားလိုကြောင်း ပြောကြား သည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး က အမှာစကားပြောကြားသည်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်နှင့်စစ်ဒေသမှူးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာန ဌာနမှူး ဦးစိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်၍ ဈေးများအတွင်း ဈေးရောင်း၊ ဈေးဝယ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ပန်းတျာလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ရောက်ရှိပြီး ပန်းတျာကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင်လည်းကောင်း၊ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင်လည်းကောင်း၊ မရမ်းကုန်း မြို့နယ် ကုန်းမြင့်သာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးနှင့် ကမ္ဘာအေးစေတီလမ်းရှိ နဝဒေးကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတို့တွင်လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်(၂) စက်မှုဝန်ကြီးဌာနရုံးဘေးရှိ ရန်ကင်းကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင်လည်းကောင်း၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင်လည်းကောင်း သွားရောက်၍ ဈေးများအတွင်း ဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များနှင့် တပ်ရင်း/တပ်ဖွဲ့များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ငါးမွေးမြူရေး အထူးဇုန်နှင့် ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူများ၏ ဟင်းသီးဟင်းရွက်၊ သား၊ငါး၊ကြက်ဥနှင့်နို့အရောင်းဆိုင်များ၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးမှ ရေချိုငါးမျိုးစုံ အရောင်းဆိုင်များ၊ အဏ္ဏဝါ၊ ဧရာမြန်မာ၊ မြန်မာမန်းနှင့် ငွေပင်လယ်အစရှိသည့် ကုမ္ပဏီလီမိတက်တို့မှ ပင်လယ်ငါးမျိုးစုံ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၏ ဆီအရောင်းဆိုင်များ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များမှ ဈေးရောင်းချနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဈေးများ၏ အခြေအနေများကို ရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများကို ပြည်သူများ သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များနှင့် သား၊ ငါးများကို အလေးချိန်ခွင်ပြည့်မီစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် ပိတ်ရက်မရှိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဈေးတွင်း ဈေးပြင် သန့်ရှင်းသပ်ရပ်စေရန်၊အမှိုက်များစနစ်တကျ စွန့်ပစ်သိမ်းဆည်းရေး၊ ဈေးအတွင်းရှိ အဆောက်အအုံများ ရေရှည်ခိုင်ခံ့စေရန် ထိန်းသိမ်းပြုပြင်စောင့်ရှောက်ရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့် တောင်ကြီးမြို့နယ် ကျောက်နီစိုက်ကွင်းလယ်ယာမြေဖော်ထုတ်စိုက်ပျိုးမှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၄

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဝင်းမြင့်၊ ဗထူးတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များလိုက်ပါလျက် ဧပြီ ၂၁ရက်နံနက်ပိုင်းက တောင်ကြီးမြို့နယ် ကျောက်နီကျေးရွာအနီးရှိ ကျောက်နီဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ရာ ရှင်းလင်းဆောင်တွင် တိုင်းမှူးအား ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း တာဝန်ခံဗိုလ်မှူးရဲနိုင်က ကျောက်နီစိုက်ခင်းတွင် စိုက်ဧက ၅၀၀၀ ဖော်ထုတ်ရန်လျာထားရာ တိုင်းစစ်ဌာနချုပ်မှ ဧက ၂၀၀၀၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ ဧက ၁၀၀၀၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဧက ၁၀၀၀၊ အထူးဒေသ(၄)မှ ဧက ၁၀၀၀တို့ကို ဖြန့်ခွဲဖော်ထုတ်ဆောင်ရွက်နေမှု၊ နှစ်တိုနှစ်ရှည်သီးနှံပင် စိုက်ပျိုးထားရှိမှုနှင့် ပျိုးပင်များ ပျိုးထောင်ထားရှိမှုအခြေအနေများ၊ နွား၊ ဒေသကြက်၊ တီလားပီးယားငါးနှင့်ငါးမြစ်ချင်းများ မွေးမြူထားရှိမှု အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

— ရှင်းလင်းတင်ပြ —

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောက်နီစိုက်ကွင်းတွင် မြေယာဖော်ထုတ်၍ စိုက်ပျိုးရေးလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ဇယားကားချပ်များဖြင့် အသီးသီး ရှင်းလင်းတင်ပြကြသည်။

— ဖြည့်ဆည်းဆောင်ရွက် —

ယင်းနောက် တိုင်းမှူးက လုပ်ငန်းများ သတ်မှတ်လျာထားချက်အတိုင်း ပြည့်မီအောင် ဆောင်ရွက်ရေး၊ သီးနှံ ပင်များ စီမံချက်ချမှတ်စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ခေတ်မီနည်းစနစ်များ အသုံးပြု စိုက်ပျိုးရေး ဆွေးနွေးမှာကြားပြီး တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ငရုတ်စိုက်ခင်း (ဒေသမျိုး)နှင့် စိုက်ပျိုးရေရရှိရေးအတွက် တမံတည်ဆောက်ထားမှု၊ နွေစပါးစိုက်ပျိုးထားရှိမှု၊ စက်ယန္တရားများဖြင့် ကုန်းမြင့်လယ်ယာဖော်ထုတ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ကျောက်နီ စိုက်ကွင်းရှိ ပျိုးဥယျာဉ်၌ သစ်ဆိမ့်ပျိုးပင် ၁၈၀၀၀၊ ဆိုးဆေးပင် ၁၀၀၀၀ ပျိုးထောင်ထားမှုအခြေအနေများကိုလည်းကောင်း၊ လျှိုပိတ်မြောင်ပိတ် ပြုလုပ်နိုင်သည့် နေရာများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်း လိုအပ်ချက်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်ကလေးဆေးရုံကြီး ခွဲစိတ်ခန်းမကြီး၌ အသုံးပြုရန်အတွက် The Rotary Club of Essendon (Australia) and Europ Continents Myanmar မှ ဒေါ်လာ၁၅၂၈၆တန်ဖိုးရှိ Airsep-centrox Oxygen Concentrator ပေးအပ်လှူဒါန်းပွဲတွင် Dr.Peter Baberက Oxygen Concentratorများ ပေးအပ်လှူဒါန်းရာ ခေတ္တဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာထူးဟန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန်ကလေးဆေးရုံကြီးတွင် အသုံးပြုရန်အတွက် Oxygen Concentrator ပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်ကလေးဆေးရုံကြီး ခွဲစိတ်ခန်းမကြီး၌ အသုံးပြုရန်အတွက် The Rotary Club of Essendon (Australia) and Europ Continents Myanmar မှ ဒေါ်လာ၁၅၂၈၆ တန်ဖိုးရှိ Aisep-centrox Oxygen Concentrator ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂၃ရက် မွန်းလွဲ ၂ နာရီခွဲတွင် ကလေးဆေးရုံကြီး ညှိနှိုင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်ကလေးဆေးရုံကြီးခေတ္တ ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာထူးဟန်နှင့် ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း) ဒေါက်တာမြင့်သောင်း၊ ပါမောက္ခ၊ ကထိက၊ ဆရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များတက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အလှူရှင် Dr. Peter Baber က Oxygen Concentrator များ ပေးအပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူရှင်များက Oxygen Concentrator များပေးအပ်လှူဒါန်းရာ ခေတ္တဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာထူးဟန်ကလက်ခံသည်။ ထို့နောက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ခေတ္တဆေးရုံအုပ်ကြီးက အလှူရှင်အား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

The Rotary Club (Australia)သည် ရန်ကုန်ကလေးဆေးရုံကြီးသို့ ၂၀၀၀ ပြည့်နှစ်တွင် နှလုံးနှိုးဆွစက်၊ ၂၀၀၂ ခုနှစ်တွင် Bio-Chemistry Analyzer၊ ၂၀၀၃ခုနှစ်တွင် Oxygen Concentrator ငါးလုံးတို့ကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၄-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **ဆရာတော်ဦးဃောသိတ တရားတော် "သုညတဆိုက်အောင်ရှုပါ"**
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ သာယာသီကြွေးခေတ်ဆန်းတေး
၄:၃၀	၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Purpose of Accounting and Double Entry Book-Keeping (စီးပွားရေး၊ စီးပွားစီမံ)
၅:၀၀	၆။ **English Premier League** ဘောလုံးပွဲ **Leed United Vs Postmouth**
၆:၅၀	၇။ အမေးကမ္ဘာတွေးစရာ
၇:၄၅	၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၁၂။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
	၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" အပိုင်း (၃၆)**
	၁၄။ သင့်အတွက်မနက်ဖြန်
	၁၅။ အပိတ်နှုတ်ဆက်စကား
	၁၆။ ပြီးပါပြီ။

မြို့သစ်ဓမ္မာရုံကျောင်းတိုက် ၁၀ ရက်တရားစခန်း

ရန်ကုန် ဧပြီ ၂၄

အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမ မြို့သစ်ဈေးအနီး မြို့သစ်ဓမ္မာရုံကျောင်းတိုက်တွင် မေ ၁ ရက်မှ ၁၀ ရက်အထိ ပြည်တွင်း၊ ပြည်ပ မဟာစည်ရိပ်သာများနာယက၊ ဓမ္မကထိက ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တကုသလ (သရက်)၊ အင်းစိန်မြို့ မြို့သစ်ဓမ္မာရုံကျောင်းတိုက် ပဓာနနာယက မဟာစည်ကမ္မဋ္ဌာနာစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တပညာဝရနှင့် မဟာစည်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယဆရာတော်များ ဦးဆောင်၍ မဟာစည် မဟာသတိပဋ္ဌာန်ဝိပဿနာ ၁၀ ရက်စခန်း ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် အဆိုပါကျောင်းတိုက်သို့ ကြိုတင်၍ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က-ပ)

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ပြည်လမ်း၊အမှတ်(၆၁၅-L)နေ ဦးတင်မောင်ဦး(အင်ဂျင်နီယာမှူးကြီး-ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါက်တာဒေါ်တင်မြမေတို့၏ သားကြီး

မောင်မောင်ဦး

B.Sc (Botany),MBA,MA (International Development,IUJ)
Director,MIDMAY International, Incorporated,Japan

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ်(၉၄/၁)နေ (ဒေါက်တာဦးပြည်စိုး)-ဒေါ်ကြူကြူဝင်းတို့၏ သမီးထွေး

ယမင်းကြူစိုး

B.Sc (Hons.) Physics, MBA
Application Engineer, DELMIA Group, Fasotec Co.,Ltd., Japan

တို့သည် နှစ်ဖက်သော မိဘများ၏ သဘောတူညီချက်အရ (၂၂-၄-၂၀၀၄)ရက်နေ့တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုး၍ (၂၄-၄-၂၀၀၄) ရက်နေ့တွင် Sedona Hotel မင်္ဂလာခန်းမ၌ မြန်မာဗုဒ္ဓဘာသာ ဓလေ့ထုံးစံနှင့်အညီ စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

ကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့အား (၂၄-၄-၂၀၀၄)ရက်နေ့တွင် Sedona Hotel ၌ စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်ပေး၍ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ရှေ့နေချုပ် ဦးအေးမောင်နှင့် ဇနီး ဒေါ်ခင်မြမြအားလည်းကောင်း၊ (၂၂-၄-၂၀၀၄)ရက်နေ့တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုး လက်ထပ် ပေးခဲ့သော ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်း ချီးမြှင့်ပေးသော ပါမောက္ခ ဒေါက်တာဦးအောင်စန်း (ဌာနမှူး၊ ဇီဝဓာတုဗေဒဌာန၊ မန္တလေးဆေးတက္ကသိုလ်)နှင့် ဇနီး သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်တင်ရီအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မောင်မင်းပြည့်ဖြိုးနှင့် မဆုဝေရည်၊ သတို့သားအရံ၊ သတို့သမီးအရံများ ဖြစ်ကြသော မောင်ညီညီချစ်၊ မောင်ချမ်းငြိမ်းဟုတ်၊ မသက်သက်စု၊ မမေနင်းဝေတို့အားလည်းကောင်း၊ ရတနာအလှ ဆင်မြန်းပေးသော She Shines Gems & Jewelry၊ အခမ်းအနားမှူး ဦးစိန်လွင်လေး၊ မေတ္တာဖြင့် တီးခတ်ပေးသော တေးဂီတ လီယိုနဒ်မောင်မောင်လွင်နှင့် တေးသံရှင်များ၊ မင်္ဂလာအခါတော်ပေး ဒေါ်ရီရီသန့်၊ မိတ်ကပ်ဆံပင် စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာပွဲဝတ်စုံများအား မေတ္တာဖြင့် ကွန်ပျူတာပန်းထိုး ဖန်တီးပြုလုပ်ပေးသော မပုလဲသူဇာ၊ မင်္ဂလာဝတ်စုံ မမဥူ၊ Kanook၊ မဌေးနှင့် မအေး၊ ပန်းအလှပြင် မစန်းစန်းဦး၊ လင်းလင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုအကိုင်းနှင့်အဖွဲ့၊ သီဂီရှေ့ဝါ ပိုးထည်တိုက်တို့အား လည်းကောင်း၊ Sedona Hotel ၌ ကျင်းပသော ထိမ်းမြားမင်္ဂလာအခမ်းအနားနှင့် Traders Hotel(Pool Side) ၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော် လည်း မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့ အသိအမှတ်ပြုကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ အဘက်ဘက်မှ မေတ္တာဖြင့် ဝိုင်းဝန်းကူညီပေးကြသူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်မောင်ဦး-ယမင်းကြူစိုး။

မင်္ဂလာဆုတောင်း

မောင်မောင်ဦးနှင့် ညီမထွေး ယမင်းကြူစိုးတို့၏ (၂၄-၄-၂၀၀၄)ရက်နေ့မှစတင်သော မင်္ဂလာဦးမှသည် ရာသက်ပန်ရိုးမြေကျ ချစ်ခင်ကြင်နာစွာ တစ်ဦးနှင့်တစ်ဦးဖေးမလျက် သာယာပျော်ရွှင် အောင်မြင်သောမိသားစု ဘဝကို ထူထောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

ကိုကြီး-မမကြီး၊ တူလေး- Shota၊ တူမလေး- Miki
ကိုလေး-မတူး
ကိုထက်-ပုလဲ၊ တူမလေး-ဘုန်းပြည့်ခင်ထက်မြက်

မင်္ဂလာဆုတောင်း

သားကြီး မောင်မောင်ဦးနှင့် ညီမလေး ယမင်းကြူစိုးတို့၏ (၂၄-၄-၂၀၀၄)ရက်နေ့မှစတင်သော မင်္ဂလာဦးမှသည် သက်ဆုံးတိုင် ချစ်ခင်ကြင်နာစွာလက်တွဲ၍ ဘဝခရီးလမ်းတွင် အောင်မြင်မှုများနှင့် လိုအင် ဆန္ဒအားလုံး ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မကြီး၊ ကိုမြ-မငယ်၊ သားငယ်-မေမိုး
တူလေးများ-Justin,Ryan ၊တူမလေး-Cindy

ကျွမ်းကျင်ဝန်ထမ်းများအလိုရှိသည်။
(ပြည်တွင်းရှိမြန်မာကျပ်ငွေဖြင့် သာခန့်ထားရန်)

ဆောက်လုပ်ရေးလုပ်ငန်းများတွင်တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါကျွမ်းကျင်ဝန်ထမ်းများအလိုရှိသည်။

(၁)	Project Engg:	B.E (Civil)	(၃) ဦး	(M)
(၂)	Site Engg:	B.E / A.G.T.I (Civil)	(၁၁) ဦး	(M/F)
(၃)	Estimating Engg:	A.G.T.I (Civil) / EP	(၂) ဦး	(F)
(၄)	W/S & Sanitary Engg:	A.G.T.I	(၅) ဦး	(M/F)
(၅)	Surveyor	A.G.T.I /Any Graduate	(၁) ဦး	(M)
(၆)	Engg: Staff	A.G.T.I	(၄) ဦး	(F)

- အမှတ်စဉ်(၁)(၂)အတွက်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။ အသက်(၄၀)နှစ်အောက်ဖြစ်၍ လုပ်ငန်းခွင် အတွင်းအချိန်ပြည့်တာဝန်ယူဆောင်ရွက်နိုင်သူဖြစ်ရမည်။
- အမှတ်စဉ်(၃)(၄)အတွက်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။ အသက်(၃၅)နှစ်အောက်ဖြစ်၍ လုပ်ငန်းခွင်အတွင်းအချိန်ပြည့် တာဝန်ယူဆောင်ရွက်နိုင်သူဖြစ်ရမည်။
- အမှတ်စဉ်(၅)အတွက် Survey အတွေ့အကြုံအနည်းဆုံး (၅) နှစ်ရှိရမည်။ Total Station အားကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
- အမှတ်စဉ်(၆)အတွက် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂) နှစ်ရှိရမည်။ အသက်(၃၀)နှစ်အောက်ဖြစ်၍ Microsoft Word နှင့် Excel ကျွမ်းကျင်သူဖြစ်ရမည်။

အထက်ပါ အရည်အချင်းများနှင့် ပြည့်စုံ၍ လျှောက်ထားလိုသူများသည် ... ရန်ကုန်မြို့ ... လျှောက်ထားနိုင်ပါသည်။

ထိုင်းနိုင်ငံ ... TV, VIDEO, VCD, CD ... Satellite Receiver ...

မော်ကွန်းဝင် ...

၂၀၀၄ ...

Green Circle Co., Ltd. (Ve Ve)

Climax Business Group Co., Ltd. ☎:01-524790

The Hotel @ Tharabar Gate, Bagan
နှင့် The Hotel @ Ngapali Beach, Thandwe

ဆက်သွယ်ရန်
Tel: 211888/211966 Ext: 201/202
Room No. 201, Summit Parkview Hotel Building

The Hotel @ Tharabar Gate, Bagan
061-60037/ 60042/ 60043/ 60044

MIT Software Promotions
(Economy Versions Only)
BizAcc
MultiPOS
R-POS
50% Discounts
PayMasterLite

သတိပေးတားမြစ်ချက်

ဖိုးလပြည့်ကုမ္ပဏီလီမိတက် PHO LA PYAE COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင် လက်မှတ်အမှတ်-၁၄၁/၁၉၉၈-၁၉၉၉)က အောက်တွင်ဖော်ပြထားသည့် ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်(၅၉/၂၀၀၁)ဖြင့် တစ်ဦးတည်းမူပိုင်အဖြစ် ၅-၁-၂၀၀၁နေ့က တရားဝင် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

ဖော်ပြပါတံဆိပ်အမှတ်အသားဖြင့် အချိုရည်မျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံတို့ကို မြန်မာနိုင်ငံအနှံ့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ အထက်ပါတံဆိပ်အမှတ်အသားဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက် ရှိသော အချိုရည်မျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံထည့်သွင်းသည့် ပလတ်စတစ်ဘူးအမျိုးမျိုး၊ ဖန်ဘူးအမျိုးမျိုး၊ စက္ကူဘူးအမျိုးမျိုး၊ ကော်ဘူးအမျိုးမျိုး၊ သတ္တုဘူးအမျိုးမျိုး၊ စက္ကူပုံးအမျိုးမျိုး၊ ပလတ်စတစ်အိတ်အမျိုးမျိုး၊ ကော်အိတ်အမျိုးမျိုး၊ စက္ကူသေတ္တာအမျိုးမျိုး၊ ပလတ်စတစ်သေတ္တာအမျိုးမျိုး၊ ကော်သေတ္တာအမျိုးမျိုး၊ သစ်သား သေတ္တာအမျိုးမျိုး စသည်တို့အပေါ်တွင် အဆိုပါတံဆိပ်အမှတ်အသားကို ကပ်နှိပ်၍၊ ဖိနှိပ်၍ ရန်ကုန်မြို့နှင့်တကွ မြန်မာပြည်တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ရာ ဖော်ပြပါတံဆိပ်အမှတ်အသားကို မှိုင်းမြင်မှိုင်းကာ အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သွယ်ဝိုက်၍ အတုအပပြုလုပ်ခြင်း စသည်တို့ကိုလုပ်ကိုင်ဆောင်ရွက်ပါက မိမိလုပ်ငန်းအကျိုးစီးပွားကို ထိခိုက် နစ်နာစေမှုအတွက် နစ်နာကြေးငွေ၊လျော်ကြေးငွေများကို တောင်းဆိုနိုင်ရန်နှင့် အဆိုပါ အတုအပ ဆင်တူယိုးမှား ပြုလုပ်ထားသည့် တံဆိပ်များကို ပယ်ဖျက်နိုင်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာတရားရုံး များတွင် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုမည်ဖြစ်ကြောင်း သတိပေးတားမြစ် အပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးဌေးမောင် B.A. (Law),LL.B
တရားရုံးချုပ်ရှေ့နေ(၂၀၂၆)
၅၈၊မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

SPOKEN ENGLISH
Apr - 26 May - 4, 11, 18, 24
SUCCESS LANGUAGE ACADEMY
☎ 202045

B.A(Eng)
SUPER A ONE

(YMBA) အသင်းအဘိဓမ္မာသင်တန်း

ရန်ကုန် ဧပြီ ၂၄

(YMBA) ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(၁၆)ကြိမ်မြောက် အဘိဓမ္မာသင်တန်းဖွင့်ပွဲကို မေ ၈ရက်တွင်စတင်ဖွင့်လှစ်၍သင်တန်းတက် သူများအား အခမဲ့သင်ကြားပေးမည်ဖြစ်ရာ ဝင်ခွင့်ပုံစံများ လာရောက် ထုတ်ယူရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်ဟုသိရသည်။(၂၃)

ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသမီး အသင်းလိုက် ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းမှ စန္ဒာမိုး ယှဉ်ပြိုင်နေစဉ်။
(ကြေးမုံ)

ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ အသင်းလိုက်တွင် ရန်ကုန်တိုင်းအသင်းတို့ဗိုလ်စွဲ

ရန်ကုန် ဧပြီ ၂၄

၂၀၀၄ခုနှစ် (၁၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင် တင်းနစ်ပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်း အသင်းလိုက်ပွဲစဉ်များအပြီးတွင် ရန်ကုန်တိုင်းအမျိုးသားအသင်းနှင့် ရန်ကုန်တိုင်းအမျိုးသမီးအသင်းတို့ ပထမဆုများရရှိသွားသည်။

အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းက ပထမ၊ ဧရာဝတီတိုင်းက ဒုတိယ၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့က ပူးတွဲတတိယရရှိကြပြီး အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ပထမ ရန်ကုန်တိုင်း၊ ဒုတိယ ဧရာဝတီတိုင်း၊ ပူးတွဲတတိယ မန္တလေးတိုင်းနှင့် မွန်ပြည်နယ်တို့က ရရှိသွားကြသည်။

အသင်းလိုက်ပြိုင်ပွဲများအပြီးတွင် အမျိုးသား၊အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲများ၊ အသက်(၁၉)နှစ်အောက် ပွဲစဉ်များ ဆက်လက်ကျင်းပလျက် ရှိသည်။ ပြိုင်ပွဲကို ဧပြီ ၂၈ရက်အထိ ကျင်းပမည်ဖြစ်သည်။

(ကြေးမုံ)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်း မည်။



သင်ရွှေဆိုင်ဖွင့်လိုပါသလား?

သန်းဖြိုးရတနာရွှေဆိုင်မှ အထူးသတင်းကောင်း

ရွှေဆိုင်ဖွင့်လိုသူများနှင့် ရွှေပညာတတ်မြောက်လိုသူများအတွက်

(၁) ရွှေထည်၊ ကျောက်ထည်ရောင်းနည်း
(၂) ရွှေထည်၊ ကျောက်ထည်ဝယ်နည်း
(၃) ရွှေထည်၊ ကျောက်ထည်အပေါင်ခံနည်း
(၄) ရွှေထည်၊ ကျောက်ထည်ပန်းထိမ်အပ်နည်း
(၅) ရွှေမှတ်ကျောက်ရည်ခွဲနည်း
(၆) ရွှေအတု၊ အစစ်ခွဲနည်း
(၇)ရွှေချွတ်နည်း(သို့)ရွှေအခေါက်အဖြစ်သန့်စင်နည်းစသည်တို့အပြင် ရွှေဆိုင်ပိုင်ရှင်တစ်ဦးအနေနှင့် သိသင့်သိအပ်သည့် ပြင်ပဗဟုသုတများစွာကိုပါ (၁)လနှင့်အပြတ် စာတွေ့၊ လက်တွေ့သင်ကြားပေးမည်။ သင်တန်းတက်ရောက်ပြီးသူတိုင်း ကျေနပ်တတ်မြောက်စေရမည်။ ရွှေဆိုင်ဖွင့်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးပါမည်။ တစ်ဆင့်ပြန်လည်ရောင်းချလိုသော သင်တန်းသူ၊ သင်တန်းသားတိုင်းအတွက် ရွှေရည်မီရွှေထည်၊ ကျောက်ထည်ပစ္စည်းများကို ပန်းထိမ်နှုန်းထားအတိုင်း ရောင်းချပေးနေပါပြီ။

သင်တန်းစမည့်ရက်
၄-၅-၂၀၀၄

သင်တန်းချိန် -နံနက် ၁၀း၀၀နာရီမှ ၁၁း၃၀နာရီထိ (သို့)
-ညနေ ၄း၀၀ မှ ၅း၃၀နာရီထိ
သင်ကြားမည့်ရက် -တနင်္လာနေ့မှ သောကြာနေ့ထိ
ဆက်သွယ်ရမည့်လိပ်စာ-သန်းဖြိုးရတနာရွှေဆိုင်နှင့်နာရီစတိုး
အမှတ်-၂၆၅၊ ပြည်လမ်းနှင့်ဗားကရာလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမီးပွိုင့်အနီး၊ ဖုန်း- ၀၉ ၅၀ ၁၄၅၀၄၊ ၅၂၅၅၇၉၊ ၇၂၃၂၇၆၊ ၅၀၅၆၃၆။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော လမ်းမတော်မြို့နယ်၊ လမ်းမတော်ကွန်ဒိုစင်တာအိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ ရရှိထားပြီး အဆောက်အအုံနေထိုင်ခွင့် စာချုပ်ထုတ်ပေးထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါအဆောက်အအုံ နေထိုင်ခွင့်စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားသဖြင့် မိတ္တူမှန်ပြန်လည်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် မိတ္တူမှန်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	မူလပိုင်ရှင်အမည်	မှတ်ပုံတင်အမှတ်	အိမ်ရာအမည် အခန်းအမှတ်
	ဦးစိုးဝင်း	[၁၂/ကမရ(နိုင်) ၀၅၁၉၉၃]	အခန်း(၆၀၄) လမ်းမတော်ကွန်ဒိုစင်တာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ရက်
(၂၀၀၄ခုနှစ် မတ်လ ၃၁ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် ဇွန်လ(၂၆)ရက်မှ ဇူလိုင်လ(၃)ရက်အထိ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ပါသည်။
(က) နိုင်ငံတော်နှင့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ နိုင်ငံခြားငွေ တိုးတက်ရရှိစေရန်။
(ခ) နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကျောက်မျက်ရတနာကဏ္ဍမှ အထောက်အကူပြုနိုင်ရန်။
(ဂ) ကျောက်မျက်ရတနာဈေးကွက် နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ထွန်းစေရန်။
(ဃ) ကျောက်မျက်ရတနာများကို ပြည်ပသို့ တရားမဝင်ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများ လျော့နည်းပပျောက်စေရန်။

၂။ ၂၀၀၄ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာလုပ်ငန်းရှင် အများစုအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲကိုအောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ရောင်းရငွေ ယူရို (၁၈၁သိန်း)သန်းကျော် ရရှိခဲ့ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေးသတ်မှတ်၍ တင်ပြရောင်းချခဲ့ခြင်းနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပမှရတနာကုန်သည် (၆၃၀)ကျော် တက်ရောက်ယှဉ်ပြိုင်ဝယ်ယူကြခြင်းတို့ကြောင့် ရောင်းရငွေများ တိုးတက်ရရှိခဲ့ခြင်းဖြစ်ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှစ၍ ငွေပေးချေရေးစနစ်များ ပြင်ဆင်သတ်မှတ်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာဌာနများနှင့်ညှိ၍ ဝယ်ယူသည့် ကျောက်မျက်ရတနာများကို ပြည်ပသို့လျင်မြန်စွာတင်ပို့ပေးလျက်ရှိခြင်းတို့ကြောင့် ရောင်းချရသည့် နိုင်ငံခြားငွေများ အမြန်ရရှိလျက်ရှိပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်များ တင်ပြရောင်းချသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနက် လုပ်ငန်းသုံးငွေလည်ပတ်စေရန် နိုင်ငံတော်မှ ကြိုတင်ငွေ/ချေးငွေများ ရယူလိုသူများအား သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ငွေ/ချေးငွေများ ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ၄င်းအပြင် ကျောက်မျက်ရတနာရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning)အဖြစ်သတ်မှတ်ရေး၊ ပြည်ပပို့ကုန်ရောင်းရငွေများဖြင့် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုရန်လိုအပ်သည့် လောင်စာဆီ၊ စက်ယန္တရားစသည်များကို ပြည်ပမှတင်သွင်းခွင့်ရရှိရေးအတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းတင်ပြ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် ဇွန်လအတွင်း ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် နိုင်ငံသား/ကုမ္ပဏီ/အသင်းများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၄ခုနှစ် မေလ(၁)ရက်မှ ဇွန်လ(၁)ရက်အတွင်း စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၅။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရန်ကုန်မြို့၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)နှင့်မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် တူးဖော်ရေးစခန်းရုံးများနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ပါသည်။

၆။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက အထက်စာပိုဒ်(၅)ပါ လုပ်ငန်း/ဌာန/ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်က ၄-၁-၂၀၀၄ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၄ ဖြင့် **သီရိသုဓမ္မသီင်္ဂီဘွဲ့တံဆိပ်** ချီးမြှင့်အပ်နှင်းခြင်း ခံရသော **ဒေါ်ဝင်းဝင်းအေး(ခ) မကြီး** U.C.G Co., Ltd. Director, B.O.D အဖွဲ့ဝင်၊ ရတနာဝင်းပွဲရုံ၊ ဘုရင့်နောင်နှင့် **သီဟသုဓမ္မသီင်္ဂီဘွဲ့တံဆိပ်** ချီးမြှင့်အပ်နှင်းခြင်း ခံရသော **ဒေါ်ဝင်းဝင်းဌေး(ခ) မငယ်** U.C.G Co., Ltd. Director, B.O.D အဖွဲ့ဝင်၊ အောင်ရတနာဝင်းပွဲရုံ ဘုရင့်နောင် တို့အား U.C.G Co., Ltd., B.O.D ဒါရိုက်တာ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအားလုံးက ထပ်တူထပ်မျှ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆက်လက်၍လည်း တိုင်းပြည်အကျိုးကို ဆတက်ထမ်းပိုး ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုအပ်ပါသည်။

U.C.G Co., Ltd. မိသားစု။

ကြာပန်းဖြူ

အမျိုးသမီးကိုယ်ကာယအလှသင်တန်း
အမှတ်(၁၁၁)၊ လမ်း(၅၀)အလယ်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 292185.

အမြန်ငှားမည်

ရွှေတောင်တန်းလမ်း၊ ၁၂၅ပေx ၅၀ပေ၊ မြေညီထပ် 60'x80' မြေပေါ်ရှိ တောင်ဒဂုံ စက်ရုံ။ **ဖုန်း-၂၂၅၅၀၈။**

ငှားလိုသည်

Taxi အငှားယာဉ် ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။
ဖုန်း-၂၂၄၃၄၂။

ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

၁။ဗိုလ်ချုပ်လမ်း၊ အိုးအိမ်ရုံးချုပ်အနီး၊ 30'x60'၊ မြေညီ၊ ထပ်ခိုးပါ၊ ဖုန်း၊ ရေ၊ မီး(၂၄)နာရီ။
၂။ဘုရင့်နောင်၊ သစ်တောဦးစီးအနီး၊ 60'x80'၊ ထောင့်ကွက်၊ နှစ်ထပ်တိုက်၊ စက်ရေတွင်း၊ ပါဝါမီတာ၊ ဖုန်း။
ဆက်သွယ်ရန်
၅၀၃၀၉၆၊ ၅၀၃၁၈၄။

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ်(၂၁၆/၂၂၂)၊ ဗိုလ်မြတ်ထွန်းအိမ်ရာ၊ မဟာဗန္ဓုလလမ်းနေ ဦးအောင်ရွှေ-ဒေါ်မြမြလင်း (Fantasy World Co.,Ltd) တို့၏တစ်ဦးတည်းသောသား

မောင်အောင်မျိုးဇော်(ခ)Eric

နှင့်

ရန်ကုန်မြို့၊ အမှတ်(၁၄)၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်နေ ဦးမောင်ချို-ဒေါ်သီတာအောင် (Myanmar Costal Transportation) တို့၏တစ်ဦးတည်းသောသမီး

မအိအိချို

တို့သည် ၂၂-၄-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် နှစ်ဖက်သောလူကြီးမိဘများရှေ့မှောက်၌ ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်မျိုးဇော်-မအိအိချို။

အမည်ပြောင်းခြင်းနှင့် မွေးသက္ကရာဇ်အမှန်

ဦးဝင်းအောင်မြင့်-ဒေါ်သီသီလွင် တို့၏သမီး တာချီလိတ် အထက VII D မှ မအေးမွန်မွန်အောင် (ကျောင်းဝင်အမှတ်-၁၃၂၆၃)အား မအေးမြတ်မွန်ဟု အမည်ပြောင်းလဲ ခေါ်ပါရန်နှင့် မွေးသက္ကရာဇ်အမှန်မှာ ၆-၁၀-၁၉၉၁ ဖြစ်ပါသည်။

အမြန်ဆက်သွယ်ပါ

- ကျောက်ပန်းချီ
- ကနုတ်ပန်းနှင့် ကျောက်စိမ်းပန်းချီ
- ကောက်ရိုး၊ အခြားပန်းချီနှင့် သက်ဆိုင်သော လုပ်ငန်းရှင်များ လုပ်ငန်းအပ်နှံရန် အမြန်ဆက်သွယ်ပါ။

ခန့်ဇော်သူ

Ph:212944 Ex: 107 227743.

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးတင်မောင်-ဒေါ်ခင်မာပြုံး တို့၏သားကြီး

မောင်လေးလွင် B.Sc (Botany)

Director (M.M.G Co.,Ltd.) နှင့်

ရန်ကုန်မြို့နေ ဦးကျော်ဝင်း-ဒေါ်နယ်လီစိုး တို့၏သမီးကြီး

မလေးကလျာကျော် (ခ) ဆုပိုပိုအောင်

B.Sc, M.Sc, M.Res*(Engineering Physics)

တို့၏ ၂၄-၄-၂၀၀၄(စနေနေ့)တွင် Yuzana Garden Hotel တွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ရန်ကုန်တက္ကသိုလ် ရူပဗေဒပါမောက္ခ ဒေါက်တာစိန်ထွန်း (Dean of Eng;)နှင့် ဇနီး ဒေါ်တင်မူသိန်း၊ ၄-၄-၂၀၀၄နေ့တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသောမြို့နယ်တရားသူကြီး ဦးအောင်မြင့်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော လဲ့လဲ့ဝင်း၊ မေတ္တာဖြင့် မင်္ဂလာပန်းကြဲပေးသော ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မြတ်ကေသီအောင်၊ မင်္ဂလာဖန်းကိုင်ဆောင်ပေးသော ညီမငယ် သဲသူသူအိမ့်၊ မေတ္တာဖြင့်ကူညီပေးသော ရုပ်ရှင်သရုပ်ဆောင် ရီဝေယံ၊ မေတ္တာဖြင့် အဘက်ဘက်မှ ကူညီပေးသော မိတ်ကပ်နှင့်ဆံပင် အနုပညာရှင် ဂျော်နီ၊ မိတ်ဆွေများနှင့်အဖွဲ့၊ မင်္ဂလာဓာတ်ပုံများ (Picture man)နှင့်အဖွဲ့၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော ACES တေးဂီတအဖွဲ့၊ Panda Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်အားပေးကြသော မိတ်ဆွေ သူငယ်ချင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ Yuzana Garden Hotel, Panda Hotelတို့မှ မန်နေဂျာ၊ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်လေးလွင်-မလေးကလျာကျော်။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

မြိတ်မြို့၊ အမှတ်(၆)၊ ကြံတောမြေနီလမ်း၊ ကံဖျားရပ်နေ ဦးမြင့်လွင်-ဒေါ်ရှုပ်ကိုတို့၏သားကြီး

ကိုကျော်ခင်

နှင့်

ကော့သောင်းမြို့၊ အမှတ်(၆၂၆)၊ အနော်ရထာ(၅)လမ်း၊ အောင်သုခ ရပ်ကွက်နေ ဗိုလ်ကြီးအောင်မင်း-ဒေါ်ခင်နွဲ့တို့၏သမီးကြီး

မခင်လေးလွင် B.A (Myanmar) Q

တို့သည် ၁၉-၄-၂၀၀၄ရက်တွင် ကမာရွတ်မြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ ထိမ်းမြားလက်မှတ်ရေးထိုးပြီး၊ ကမာရွတ်မြို့နယ်ပရဟိတ(ကျား)ကျောင်းတွင် မင်္ဂလာဦး ဆွမ်းကျွေးပြီးဖြစ်ပါသည်။

ကိုကျော်ခင်-မခင်လေးလွင်။

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ကျိုက်ထိုမြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၂၁၁)နေ (ဦးရှောင်)-ဒေါ်ရှမာ(ဆီစက်)တို့၏သား၊ ကိုဝင်းလှိုင် (WIN EXPRESS)၏ညီ

မောင်မျိုးဇော် B.Sc(Physics)

နှင့်

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ အောက်လမ်းမကြီး၊ အမှတ်(၂၁၇)နေ (ဦးစံတုတ်-ဒေါ်ရွှေရန်)နှင့် ဦးအောင်လွင်-ဒေါ်ခင်မြဝင်း(ခ)မရှုကျင်တို့၏သမီး

မဝါဝါလွင် B.Sc(Hons), M.Sc(Physics)

သရုပ်ပြ၊ ရူပဗေဒဌာန၊

တပ်မတော်ဆေးတက္ကသိုလ်

တို့သည် ၂၄-၄-၂၀၀၄(စနေနေ့)တွင် ရန်ကုန်မြို့ "M3" Food Center ၌ နှစ်ဖက်မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်မျိုးဇော်-မဝါဝါလွင်။

မင်္ဂလာဆုတောင်း

ချစ်ဒယ်ဒီ **ဦးကံညွန့်စိန်**နှင့် မာမီ **ဒေါ်သင်းသင်းထွေး**တို့၏ ၉-၄-၂၀၀၄ရက်တွင် ကျရောက်သော (၃၄)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောက်နှစ်ပေါင်းများစွာတိုင် ကျန်းမာရွှင်လန်း၍ ချစ်သားသမီးမြေးများနှင့်အတူ အသက်ထက်ဆုံးနေနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်. . .။

သမီးကြီး - မခိုင်ကြော့ကြော့စိန် (M.C.Sc)-မောင်မြင့်ထူးအောင် (B.E)

သမီးငယ် - မလှိုင်မြတ်မြတ်စိန် M.B.A(Lodon) -ဒေါက်တာ မိုက်ကယ်ဂယ်ရှန်

ချစ်မြေးများ - ဖြိုးသုခ (Kelvin)၊ ကောင်းဆက်မြင့် (Melvin)။

Garage Sale

(၁-၅-၂၀၀၄) (၂-၅-၂၀၀၄)နှင့် (၃-၅-၂၀၀၄)ရက်များတွင် ပြုလုပ်မည်ဖြစ်ပါ၍ ပစ္စည်းများအပ်နှံနိုင်ပါပြီ။

နေရာ-၆၅(စီ)၊ နဂါးရုံကျောင်းလမ်းသွယ်၊ ကမ္ဘာအေးစေတီလမ်း။

ဖုန်း-၆၆၃၀၁၄၊ ၅၅၄၁၄၀ (ရုံးချိန်ပြင်ပ)။

---

(၁၀)နှစ်မြောက် မင်္ဂလာဆုမွန်လွှာ

ဖေဖေ **ဦးတင်မြင့်သန်း**[အင်ဂျင်နီယာချုပ်(တူးဖော်ရေး) စီမံထုတ်လုပ်(ဒုတိယဆင့်)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း] နှင့် မေမေ **ဒေါ်ခင်စန်းမြင့်**(အထက်တန်းပြ အထက၊ သဲကုန်းမြို့)တို့၏ ၂၄-၄-၂၀၀၄ရက်တွင် ကျရောက်သော (၁၀)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် သာယာချမ်းမြေ့သော ဘဝလမ်းကို လျှောက်လှမ်းနိုင်ပါစေ။

သမီး - လှဲ့သဇင်သန်း B.P.Sc(Radiography)

ဓာတ်မှန်ဌာန၊ ရန်ကုန်ဆေးရုံကြီး။

သား - အောင်စည်သူသန်း B.E(Civil)

လက်ထောက်အင်ဂျင်နီယာ(ဆောက်လုပ်ရေး)

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း။

မွေးနေ့ဆုတောင်း

ချစ်သားငယ်လေး **မောင်ညီမျိုးဇင်** ၏ ၂၄-၄-၂၀၀၄ရက်နေ့တွင် ကျရောက်သော နှစ်နှစ်မြောက် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောက်နှစ်ပေါင်းများစွာတိုင် ကျန်းမာပျော်ရွှင်ချမ်းမြေ့ပြီး၊ ဉာဏ်ပညာထူးချွန်ထက်မြက်သော သားလိမ္မာလေးဖြစ်ပါစေ. . .။

နှစ်ဖက်သော ချစ်ဘိုးဘိုး၊ ဘွားဘွား၊ ဦးဦး၊ အန်တီ

ချစ်ဖေဖေ - ဦးညီညီဦး (အကောက်ခွန်မှူး)

ချစ်မေမေ - ဒေါ်နီနီဇင်ဝင်း

ချစ်မမ - အိမြတ်နိုးဦး Pre. K.G(I.E.C)

"နှစ်သစ်မင်္ဂလာဆုတောင်းခြင်း"

NIKKO BEAUTY & SKIN CARE

NIKKO ကို စတင်မွေးဖွားစဉ်ကတည်းက ... Grace Skin Care Product များကို ...

NIKKO NU NU & FAMILY

နှစ်သစ်မင်္ဂလာတွင် NIKKO BEAUTY & SKIN CARE CENTRE II ကို ...

No. 471, Pyay Road, Kamayut Tsp., Yangon Ph : 524978

ရာလေးလွင် ...

အမှတ် ၃၀၀၀ ...

သင့်ဘဝအောင်မြင်ဖို့တစ်ခုတည်းလိုတယ်

M.A.E Education Centre, The Asia Plaza က ...

English ကို ...

- Grammar --- 2months
- Spoken English --- 2 months
- Basic English --- 3 months
- Business English --- 3 months
- T.O.E.F.L --- 3 months
- I.E.L.T.S --- 3 months
- Self Access Media ပါဝင်သည်

M.A.E Education Centre
Room 535, 5th Floor
The Asia Plaza.
Tel : 254425 Ext 822

CAR RENTAL

ကားအမျိုးမျိုး ...

ဟိုင်းစီးကားသန့်သန့်
ရောင်းမည်

Toyota Cresta/
90 Model/ Diesel
Turbo Engine/၂ ၈
Super Lusent Grade

ဆက်သွယ်ရန်
Ph: 707373

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

1. Supervisor	2 Posts
2. Saleman (ရောင်း/မောင်း)	5 Posts
3. Salepromotor	5 Posts
4. Asst: Account	2 Posts

(B.com or LCCI level III)

အထက်ပါရာထူးများမှ အမှတ်စဉ်(၁)နှင့်(၂)သည် မော်တော်ယာဉ်ကျွမ်းကျင်စွာ မောင်းနိုင်ရမည်။ (၇)ရက်အတွင်း CV အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်တကွ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်သည်။

ရွှေမှူး ကုမ္ပဏီလီမိတက်

(FEEL COSMETIC GROUP)

No. 56, ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကြို့ပင်ကောက်မြို့၊ ရန်ကုန်-ပြည်လမ်းနေ ဦးမြင့်စိုး-ဒေါ်တင်မြတ်ညွန့် တို့၏သား ဖေယျာထွန်း [၇/ကပက(နိုင်)၀၆၁၇၈၈]သည် မိဘများကို အကြိမ်ကြိမ်စိတ်ဆင်းရဲစေခြင်း၊ မိဘ၏ဆိုဆုံးမ လမ်းညွှန်မှုများကို နားမထောင်ခြင်းတို့ကြောင့် ၂၁-၄-၂၀၀၄နေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပါသည်။ ၎င်းနှင့် သက်ဆိုင်သော မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးမြင့်စိုး

ဒေါ်တင်မြတ်ညွန့်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် စာရင်းစစ်ချုပ်ရုံးတို့ ပူးပေါင်းဖွင့်လှစ်မည့် အခြေခံစာရင်းကိုင်သင်တန်း တက်ရောက်ခွင့်လျှောက်လွှာများ ခေါ်ယူခြင်း

သင်တန်းစတင်ဖွင့်လှစ်မည့်နေ့ - ၈-၅-၂၀၀၄ (စနေနေ့)
သင်တန်းဖွင့်လှစ်မည့်နေရာ - စာရင်းစစ်ချုပ်ရုံး၊ သင်တန်းကျောင်း၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်။
သင်တန်းဖွင့်လှစ်မည့်အချိန် - (၉း၃၀)နာရီမှ(၁၄း၃၀)နာရီ(စနေ၊ တနင်္ဂနွေ)
သင်တန်းသူဦးရေ - (၂၀၀)ဦး (အမျိုးသမီးများသာ)
လျှောက်လွှာစတင်ရောင်းချမည့်ရက်-၂၆-၄-၂၀၀၄

သင်တန်းဝင်ခွင့် လျှောက်လွှာများကို တစ်စောင်လျှင် ကျပ်၁၀၀ နှုန်းဖြင့် အောက်ပါလိပ်စာတွင် ဝယ်ယူပြီး (၄-၅-၂၀၀၄)နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

အတွင်းရေးမှူး
စီးပွားရေးလုပ်ငန်းအဖွဲ့၊ မြန်မာနိုင်ငံ
အမျိုးသမီးရေးရာအဖွဲ့ချုပ်"သီတာ" ဓာတ်ပုံဆိုင်
အခန်း (၅)၊ တိုက် (၁)၊ အင်းစိန်လမ်း၊ လှည်းတန်းမီးပွိုင့်အနီး၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန လက်ထောက်ဘူမိဗေဒအရာရှိ ရာထူးများအတွက် လျှောက်လွှာများ ခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)လက်အောက်ရှိ ဘွဲ့လွန်အသုံးချဘူမိဗေဒဌာနတွင် လက်ထောက်ဘူမိဗေဒအရာရှိ (လစာနှုန်း ၅၄၀၀-၁၀၀-၅၉၀၀) ရာထူးများ လစ်လပ်လျက်ရှိပါသည်။
၂။ လျှောက်ထားသူများသည်-
(က)ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ)အနိမ့်ဆုံးပညာအရည်အချင်းမှာ သိပ္ပံဘွဲ့(ဘူမိဗေဒအဓိက) ရရှိပြီးသူ ဖြစ်ရမည်။
(ဂ)ဘွဲ့လွန်အသုံးချဘူမိဗေဒ ဒီပလိုမာ(ဒီ၊ အေ၊ ဂျီ)ရရှိထားသူ၊ ပညာအရည်အချင်းသာသူများနှင့် ကွင်းဆင်းလုပ်ငန်း အတွေ့အကြုံရှိသူများကို ဦးစားပေးမည်။
(ဃ)လျှောက်ထားသူများသည် ကျန်းမာသန်စွမ်းပြီး တာဝန်ပေးစေလွှတ်မည့် မည်သည့်ကွင်းဆင်း ဒေသသို့မဆို တစ်နှစ်လျှင် အနည်းဆုံး (၄)လလတာမျှ သွားရောက်ကွင်းဆင်းတာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(င)အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ)၂၀၀၄ ခုနှစ်၊ မေလ (၃၁)ရက်နေ့တွင် အသက်(၃၀နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက်) မကျော်လွန်သူ ဖြစ်ရမည်။
၃။ ဝန်ထမ်းမဟုတ်သူများသည် မိမိတို့၏ လျှောက်လွှာများကို (၃၁-၅-၂၀၀၄)ရက်နေ့ နောက်ဆုံးထားပြီး အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)သို့ ပေးပို့ရမည်။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာများကို သက်ဆိုင်ရာဌာနမှတစ်ဆင့် ပေးပို့၍ မိတ္တူတစ်စောင်ကို အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)သို့(၃၁-၅-၂၀၀၄) ရက်နေ့ နောက်ဆုံးထားပြီး တိုက်ရိုက်ပေးပို့ရမည်။
၄။ သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)တွင် ဝယ်ယူ၍ (၃၁-၅-၂၀၀၄)ရက်နေ့ နောက်ဆုံးထားပြီး တင်သွင်းလျှောက်ထားနိုင်ပါသည်။
၅။ လျှောက်လွှာနှင့်အတူ လိုင်စင်အရွယ် ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်း အထောက်အထားများနှင့် အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူကို ပူးတွဲတင်ပြရမည်။
၆။ လူတွေ့စစ်ဆေးခံရမည့်သူများစာရင်းကို (၁၆-၆-၂၀၀၄)ရက်နေ့တွင် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး (၁၉-၆-၂၀၀၄) ရက်နေ့တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။
၇။ အသေးစိတ်အချက်အလက်များကို အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဝန်ထမ်းရေးရာဌာနတွင် ရုံးချိန်အတွင်းဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)။

မကျော့ (ခ) မဝင်းဝင်းသန်းနှင့် အများသိစေရန် ပြန်လည်ရှင်းလင်း သတိပေးကြေညာခြင်း

ကျွန်ုပ်အမှုသည် ဦးသောင်းလွင် [၁၂/ကမတ(နိုင်)၀၃၉၈၇၄]၏ လွှဲအပ်ချက်နှင့် အညီ ၂၅-၃-၂၀၀၄နေ့စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၁၈) ကော်လံ(၅+၆)တွင် တရားရုံးချုပ်ရှေ့နေ ဒေါ်အေးညိုညိုလွင်၏ "တိုင်းရင်းဆေးဆရာ- ဦးသောင်းလွင်နှင့် အများသိစေရန်" ကြေညာချက်အား အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း သတိပေးကြေညာအပ်သည်မှာ-

မဝင်းဝင်းသန်း(ခ) မကျော့၏ ကြေညာချက်ပါ တီဗွီအပေါ်စက်၊ အောက်စက်၊ ဆေးပစ္စည်းများပါ ဆေးဗီရိုတို့နှင့် ဦးသောင်းလွင်ပိုင်ဆိုင်သမျှ ပစ္စည်းများသည် မဝင်းဝင်းသန်း(ခ)မကျော့နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိကြောင်းကိုလည်းကောင်း၊ မဝင်းဝင်းသန်း(ခ)မကျော့၏ အိမ်ထောင်ရေးပြစ်မှုများကို ခွင့်မလွှတ်နိုင်၍ ဦးသောင်းလွင်က "လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးပါရန်" ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်(၁၄၃/၂၀၀၄)တွင် တရားစွဲဆိုထား၍ အတူတကွမနေထိုင်ခြင်းဖြစ်သည်ကိုလည်းကောင်း၊ မဝင်းဝင်းသန်း(ခ) မကျော့ ကိုယ်တိုင် သိရှိပါလျက် ၂၅-၃-၂၀၀၄နေ့ ကြော်ငြာတွင် ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာကို တမင်ထိခိုက်ညှိုးနွမ်းစေရန် ဖော်ပြကြေညာခြင်းဖြစ်၍ အဆိုပါကြေညာချက်အား ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်၊ နောက်နောင် ဤကဲ့သို့ မမှန်မကန်ထည့်သွင်းကြေညာခြင်းမပြုရန် တောင်းဆိုလိုက်ပါသည်။

အထက်ပါ တောင်းဆိုချက်များအပေါ် လိုက်နာခြင်းမရှိ ပျက်ကွက်ခဲ့သော် ကျွန်ုပ်အမှုသည်က တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း သတိပေးကြေညာအပ်ပါသည်။

ဦးသောင်းလွင်၏ လွှဲအပ်ချက်အရ-
ဦးဌေးဦး(ကို့ပင်ကောက်) LL.B (တရားရုံးချုပ်ရှေ့နေ)
ရုံး - ၅၆၁(ပထပ်)ကုန်သည်လမ်း၊ ရန်ကုန်မြို့။
အိမ် - အမှတ်(၅၀)တတိယထပ်၊ ဌာနာလမ်း၊ မကျည်းတန်းမြောက် (အရှေ့)ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

Diploma in IT

Diploma in Information Technology

CHRD (UDEY)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး (ရုံးချုပ်) အမှတ်-၃၇၅၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့ ချိပ်ပိတ်တင်ဒါအမှတ်-၀၀၁/ အမ်အီး/ ၂၀၀၄-၂၀၀၅

၁။ ကုန်းလမ်းပို့ဆောင်ရေးရှိ ယာဉ်များတွင် တပ်ဆင်အသုံးပြုရန်အတွက် Reconditioned HO 7C/HO 7D, Engine Ass'y e Gear Box Ass'y (H.P 175) (46)Setsနှင့် Reconditioned Hino/Nissan Rear Axle Ass'y (47) Setsများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
(က) **တင်ဒါပုံစံများရောင်းချမည့်**-ပစ္စည်းဝယ်ယူရေးနှင့်သိုလှောင်ရေးဌာန၊
နေရာ ကုန်းလမ်းပို့ဆောင်ရေး (ရုံးချုပ်)
(ခ) **တင်ဒါပုံစံများရောင်းချမည့်ရက်**-၂၆-၄-၂၀၀၄
(ဂ) **တင်ဒါပိတ်မည့်နေ့ရက်/အချိန်**-၄-၅-၂၀၀၄ (၁၂း၀၀)နာရီ
၂။ ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် တင်ဒါကိုအကြောင်းတစ်စုံတစ်ရာမပြဘဲ ပယ်ဖျက်ခွင့်ရှိသည်။
၃။ အသေးစိတ်သိလိုသောအချက်အလက်များအား ပစ္စည်းဝယ်ယူရေးနှင့် သိုလှောင်ရေးဌာနတွင်လည်းကောင်း၊ ဖုန်း-၀၁-၂၅၂၅၇၄နှင့် ၀၁-၃၇၆၅၄၉သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
ကုန်းလမ်းပို့ဆောင်ရေး။

အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Project Manager, B.E (မြို့ပြ) သို့ (ဗိသုကာ) (၁) ဦး
(အသက် ၂၅နှစ်အထက်၊ အတွေ့အကြုံ ၃နှစ်)
၂။ Marketing (Interior Decoration) (၂) ဦး
(တက္ကသိုလ်ပညာသင်ဆဲ၊ အသက် ၂၀နှစ်အထက်၊ အတွေ့အကြုံ ၂နှစ်၊ ရုပ်ရည်သန့်ပြန့်)
၃။ စီမံလုပ်ငန်းကျွမ်းကျင်သူ၊ အတွေ့အကြုံ ၅နှစ် (၂) ဦး
၄။ စကားပြန် (ဘွဲ့ရ၊ အသက် ၂၀အထက်၊ တရုတ်-မြန်မာ ကျွမ်းကျင်၊ အိမ်တွင်းအလှဆင်လုပ်ငန်းကျွမ်းကျင်သူဦးစားပေး) (၁) ဦး

လိုအပ်သော အထောက်အထားအပြည့်အစုံဖော်ပြ၍ ကြော်ငြာသည့်နေ့မှ နှစ်ပတ်အတွင်း အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်သည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

Art Wave Co., Ltd. (Sea Green Tower)
အမှတ်(၂၃၂)၊ (၁၀)ထပ်၊ ဗိုလ်အောင်ကျော်လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ညွန့်ရီ (၆၈)နှစ် (ကျေးတောရွာ၊ တောင်ငူမြို့)

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သင်္ဘောသားအလုပ်အကိုင်ကြီးကြပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသောင်းကြိုင်၏မိခင် ဒေါ်ညွန့်ရီသည် ၁၇-၄-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဌာနေကိုယ်စားလှယ်နှင့်ကုမ္ပဏီဝန်ထမ်းများ
Century Shipping Pte.,Ltd.

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အောင်လံမြို့၊ ဇေယျဝတီရပ်ကွက်၊ (၁၀)လမ်း၊ တိုက်အမှတ်(၄၁)နေ အဘ ဦးတင်သန်း(ခ)ဦးဌေးလွင် [၈/မထန(နိုင်)၀၁၁၁၇၄]၊ အမိ ဒေါ်တင်တင်လေး (ခ) ဒေါ်စာပေါ[၈/အလန(ဧည့်)၀၀၀၁၀၁]တို့၏ သားဖြစ်သူ မောင်စိုးလွင်ဦး [၈/အလန (နိုင်) ၁၂၁၃၁၄]သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုများကို အကြိမ်ကြိမ် လိုက်နာမှုမရှိဘဲ ၎င်း၏သဘောဖြင့် ၎င်းပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ မောင်စိုးလွင်ဦးနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါ။ စုံစမ်း မေးမြန်းခြင်းသည်းခံပါ။

မိဘများ
ဦးတင်သန်း(ခ)ဦးဌေးလွင်-ဒေါ်တင်တင်လေး(ခ)ဒေါ်စာပေါ။

JOB VACANCY

INTERGRAPH
Myanmar Intergraph

Myanmar Intergraph, leading GeoSpatial IT Solutions Provider in Myanmar, invites suitable candidates for the position of:

Office Administrator

To be qualified for this position, you are expected to have
- a Bachelor Degree
- effective communications skills in English
- PC Skills with office applications
- office administration and accounting skills
- good interpersonal skills, the ability to communicate at all levels, diligence, self-motivation and innovation.

The successful candidate can expect attractive remuneration package with excellent opportunities for career advancement.

Please apply in writing with full resume, recent photo, and labor registration card to Myanmar Intergraph, Unit 07, Building 1, Myanmar ICT Park, Hlaing, Yangon, Myanmar.

Local Service Only. Only short-listed candidates will be notified.

RUBYLAND TOURISM SERVICES

☎ 380183

လှထု
သံပန်းသံတံခါး
၁၄၊ ၁၆၇လမ်း၊ တာမွေမြို့နယ်၊
ဖုန်းနံပါတ်-၅၄၁၇၂၂

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ဆွေစိုး အသက်(၅၉)နှစ်
ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း

၂၀-၄-၂၀၀၄နေ့တွင် ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စန္ဒီဒေဝီ အမျိုးသမီးများကျန်းမာရေးဝန်ဆောင် သမဝါယမအသင်းလီမိတက်။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဆွေစိုး (ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း)ကွယ်လွန်ခြင်းအတွက် ကျွန်တော်၊ ကျွန်မတို့၏ ဆရာမိဘသဖွယ်ဖြစ်ပါသော ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် မိသားစုနှင့်ထပ်တူများစွာ ကြေကွဲဝမ်းနည်းရပါကြောင်းနှင့် အစ်မကြီးကောင်းမွန်မြင့်မြတ်သော ဘုံဘဝသို့ ရောက်ရှိစေကြောင်း မေတ္တာပို့သအပ်ပါသည်။

ဒုတိယညွှန်ကြားရေးမှူး/သံမှူးများ
(1985 P.S.C Batch)

ဝမ်းနည်းကြေကွဲခြင်း
ဦးစောထွန်းအောင် (၇၅)နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်း EMPA (2nd Batch)မှ ဒေါ်သန္တာအောင်၏ ဖခင် ဦးစောထွန်းအောင်သည် ၂၀-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်၊ ဌာနမှူး၊ ဆရာ/ဆရာမများ
သင်တန်းသား/သင်တန်းသူများ။

ဝမ်းနည်းကြေကွဲခြင်း

United Pacific Co., Ltd.

အမည်ပြောင်းခြင်း

အထက(၂) လသာ၊ ဆဋ္ဌမတန်း (F)မှ အဘ ဦးမြင့်ဦး၏ သမီးဖြစ်သူ မဝတ်ရည်ထက်အား ယနေ့မှစ၍ မအေးချမ်းမြင့်မိုရ်ဟု ပြောင်းလဲခေါ်ပါရန်။

အေးချမ်းမြင့်မိုရ်။

အမည်မှန်

ဒဂုံမြို့သစ်မြောက်ပိုင်း အထက(၃) ဒသမတန်း(I)မှ မောင်ထွန်းထွန်းလှိုင်(ခ)မောင်အောင်ခန့်သော်၏အမည်မှန်မှာ မောင်အောင်ခန့်သော် ဖြစ်ပါသည်။

အောင်ခန့်သော်။

ဒေါ်မြမြစန်း
အသက်(၆၈)နှစ်

(ဦးမောင်မောင်-ဒေါ်သန်း)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၃၈)နေ (ဦးမြင့်စိုး၊ အငြိမ်းစား ဒုတိယရဲမှူးကြီး၊ အောက်မြန်မာနိုင်ငံသတင်းတပ်ဖွဲ့)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်သိန်း-ဒေါ်တင်တင်ရီ၊ ဦးပါကြီး-ဒေါ်ခင်စန်းမွန့်တို့၏ညီမ၊ ဒေါ်စန်းစန်း၊ ဒေါ်စိန်စိန်၊ ဦးအောင်ဆန်း၊ ဒေါ်သိန်းသိန်းတို့၏အစ်မသည်၂၁-၄-၂၀၀၄ ရက် ည ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၃း၀၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ နေအိမ်မှကားများ မွန်းလွဲ (၁း၃၀)နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူ မောင်နှမများ။

MIT MPEC

Software Engineering & Project Management Course
-Introduction to Software Engineering & IT Architecture
-Methodologies and Design Technique
-Requirement Engineering
-Software Quality Assurance
15% Off
သင်တန်းကို Queensland University of Technology (Australia) မှ Bachelor of Information Technology ကို Software Engineering အဓိကဖြင့်ဘွဲ့ရရှိခဲ့သော MIT မှ Director ဦးရဲသူရ ကိုယ်တိုင် သင်ကြားပေးမည် ဖြစ်ပါသည်။
ဆက်သွယ်ရန်လိပ်စာ
Room1, Padonmar Stadium, Bargayar Road, Sanchaung T/S, Yangon. Phone: 505278, 502801, 539151, 668779

" ညီနိုင်ငံစျေးဖြင့် အမြန်ရောင်းမည် "
မရမ်းကုန်းမြို့နယ် ရွှေနှင်းဆီကျောင်းလမ်း မြေအကျယ် ပေ(41' x 70') (ဂရန်)အမည်ပေါက် နေ(ချိုင်ဖြူ)
ဆက်သွယ်ရန် - ၅၀၀၅၉၅၊ ၅၀၀၆၄၃၊ ၅၀၂၅၁၇

TOP ☎ 243363 705877

Golden Hope

(၁၇-၄-၂၀၀၄) နေ့တွင် ဒေါ်သီသီအောင်၏ နိုင်ငံကူးလက်မှတ် ပျောက်သွားအတွက် အရေးကြီး စာအိတ်တစ်ခု ပျောက်ဆုံးခဲ့ပါသည်။ တွေ့ရှိသူများ ဖုန်းနံပါတ် ၅၃၈၃၅၀ ကို အမြန်ဆုံး ဆက်သွယ်ပါ။

ကန့်ကွက်နိုင်ပါသည်

ဆိုင်ကယ်နံပါတ် ၁ယ-၂၇၂၇၄အား (ကမ-၃)မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၃၀ရက်အတွင်း ကညနခရိုင် (လှိုင်လင်)သို့လာရောက် ဆက်သွယ်နိုင်ပါရန်။

ကညန၊ လှိုင်လင်ခရိုင်။

NPE NPE

စာမေးပွဲဖြေဆိုမည့်သူများအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်

(၂၁၂) သိမ်ဖြူလမ်း ရန်ကုန်မြို့။
☎ ၂၉၅၃၀၆

ဝမ်းနည်းကြေကွဲခြင်း

ကျွန်တော်၊ ကျွန်မတို့၏ မိဘသဖွယ်၊ ဆရာသဖွယ်ဖြစ်သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ ချစ်လှစွာသော ဇနီးဖြစ်သူ ဒေါ်ခင်ဆွေစိုး (ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း) ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ မမတူး ကောင်းရာသုဂတိရောက်ရှိစေကြောင်း ကောင်းမြတ်သော စိတ်နှလုံးဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

လက်ထောက်ညွှန်ကြားရေးမှူး/ပထမအတွင်းဝန်များ။
(1990 P.S.C. Batch)

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီး မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယက အဖွဲ့ဝင် ဒေါ်ခင်ဆွေစိုး (ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမဝန်ကြီးဌာန)သည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအောင်မြင့်-ဒေါ်ဥမ္မာနီမိသားစု
မြန်မာသံရုံး၊ လန်ဒန်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)၏ ဥက္ကဋ္ဌ(ဟောင်း)နှင့် နာယက ဦးမော်သန်း(ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ငြိမ်း)၏ ဇနီး ဒေါ်သန်းသန်းအေး(ခ)မာလွင် B.A, B.L, C.P.A ဒုလက်ထောက် ညွှန်ကြားရေးမှူး (ငြိမ်း) ကြွေ/မြေ စက်မှု(၁)သည် ၂၀-၄-၂၀၀၄ရက်နေ့တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နာယကများနှင့်အမှုဆောင်အဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ညွှန့်ရီ (၆၈)နှစ်
(ကျေးတောရွာ၊ တောင်ငူမြို့)

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ သင်္ဘောသားအလုပ်အကိုင်ကြီးကြပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူးဦးသောင်းကြိုင်၏မိခင် ဒေါ်ညွှန့်ရီသည် ၁၇-၄-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Ray Shipping Enterprise Ltd မိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ညွှန့်ရီ (၆၈)နှစ်
(ကျေးတောရွာ၊ တောင်ငူမြို့)

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ သင်္ဘောသားအလုပ်အကိုင်ကြီးကြပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသောင်းကြိုင်၏မိခင် ဒေါ်ညွှန့်ရီသည် ၁၇-၄-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Mani Sanda Maritime Service Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဆရာဦးခင်မောင်မြင့်
(မဟာသီမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ)(၁၉၄၅-၂၀၀၄)

မြန်မာမဂ္ဂဇင်းလောကမှာ အယ်ဒီတာကောင်းတစ်ယောက် မမျှော်လင့်ဘဲ ဆုံးရှုံး ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းမဆုံးဖြစ်ကြရပါတယ်။ ဆရာကောင်းရာသုဂတိ လားပါစေ။ **ညီပုလေး၊ ကျော်ရင်မြင့်၊ ဆူးငှက်၊ ကျော်စွာထက်၊ နေဝင်းမြင့်။**

ဝမ်းနည်းကြေကွဲခြင်း
ဆရာဦးသိန်းထွန်း (၄၉)နှစ်

၁၈-၄-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တိုင်းရင်းဆေးဆရာ၊ ဆရာမများနှင့် တိုင်းရင်းဆေးဝါသနာရှင်များ။

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ကျောင်းအမကြီး
ဒေါ်စောတင် (ခ) ရှန်စောတင် (၈၈)နှစ်

Sri Asia Tourism Service Co., Ltd. မှ ဒါရိုက်တာ ဦးလှသိန်း၏ မိခင် ဒေါ်စောတင်(ခ)ရှန်စောတင်သည် ၂၀-၄-၂၀၀၄ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါကြောင်း။

ဝန်ထမ်းအားလုံး
ရွှေကျွန်းမျှော်ဟိုတယ်အုပ်စု(အင်းလေးကန်)။

ဒေါ်မြမြစန်း
အသက်(၆၈)နှစ်

(ဦးမောင်မောင်-ဒေါ်သန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊အမှတ်(၁၃၈)နေ (ဦးမြင့်စိုး) အငြိမ်းစား ဒုတိယရဲမှူးကြီး၊ အောက်မြန်မာနိုင်ငံသတင်းတပ်ဖွဲ့၏ ချစ်လှစွာသောဇနီး၊ ဦးသန်းနိုင်ဦးစိုး-Ms Gem၊ ဦးမင်းသူလင်း (မြန်မာ့စီးပွားရေးဘဏ်)-ဒေါ်အေးအေးမာ(M.Sc Bot ကထိက၊ မြစ်ကြီးနားကောလိပ်)၊ ဦးညီညီစိုး(B.Sc (Zoo)၊ မသီတာစိုး(M.Sc Physic) တို့၏ချစ်လှစွာသော ကျေးဇူးရှင် မွေးသမိခင်သည် ၂၁-၄-၂၀၀၄ရက် ည၉း၂၀ နာရီအချိန်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၀၄ရက် တနင်္ဂနွေနေ့ ညနေ ၃နာရီအချိန်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း နေအိမ်မှကားများ ညနေ ၁း၃၀နာရီတွင် ထွက်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၀၄ (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာသို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်
အသက်(၇၄)နှစ်
သဲအင်းယောဂီ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၃၄ ရပ်ကွက်၊ အမှတ်(၁၀၄၃)၊ သင်းဝင်လမ်းသွယ်(၄)နေ (ဦးကြည်-ဒေါ်နီထွေး) တို့၏သမီး၊ (ဦးကြိုင်)၏ဇနီး၊ မောင်ထွန်းထွန်းလွင်(စိုက်ပျိုးရေး၊ တာချီလိတ်မြို့)၊ မောင်အောင်ကျော်မြင့်(KMD)-မမွန်မွန်အေး(KMD)၊ မသန္တာမြင့် (တနစ်၊ ဥပဒေ၊ ဒဂုံတက္ကသိုလ်)၊ မောင်အောင်ဇော်မြင့်(ဒုနစ်၊ စီမံ)၊ မောင်သုတအောင် (တနစ်၊ မြန်မာစာ)၊ မောင်ဥက္ကာကျော် [2ndMBIM(1)]၊ မောင်စောလှိုင်ဆွေ (အထက-၄၊ တ/ဥက္ကလာ)၊ မခင်ဝါဝါမြတ် (အထက-၃၊ တာမွေ) တို့၏ ဘွားဘွားကြီးသည် ၂၁-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၃-၄-၂၀၀၄ ရက်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမြေးများ။

စလောင်း
ဟိုတယ်နှင့်နေအိမ်များတွင် ဘောလုံးလိုင်းချပ်ချင်လိုင်းများ ကြည့်လိုပါက ဖုန်းတစ်ချက် သာလှမ်းဆက်လိုက်ပါ။
ZN SATELLITE GROUP
Tel: 727548

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး
ဒေါ်ဝိုင်း(လယ်ဝေး)
အသက်(၈၃)နှစ်

မန္တလေးတိုင်း၊ လယ်ဝေးမြို့နယ်၊ နောင်ဘိုအရှေ့စုံပြကျေးရွာနေ (ဦးဘိုးမှင်-ဒေါ်အေးကောင်း) တို့၏သမီးကြီး၊ (ဦးမောင်ပု)၏ဇနီး၊ ကိုသိန်းနိုင်ဦး-မစမ်းကလျာဝင်း၊ မောင်အောင်ဇော်ဖြိုး၊ မစုသွဲ့ဖြူ၊ မလဲ့ရည်နှင်း၊ မောင်ထူးဇေလင်း၊ မောင်အောင်ဇေလင်း၊ မောင်ဟန်မင်းသိန်း၊ မသိမ့်သဥ္ဇာနှင်းလွင်၊ မောင်ဟိန်းထက်ဝေယံလွင်တို့၏ဘွားဘွားကြီးသည် ၂၀-၄-၂၀၀၄ ရက်တွင် ကွယ်လွန် သွားပါ၍ ယင်းနေ့တွင် သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမြေးများ။

ဘုရား၊ စေတီပုထိုး(ထွန်းရတနာဆွမ်းစားကျောင်း)ကျောင်း၊ ရဟန်းအမကြီး
ဒေါ်ကြူ (၆၉)နှစ်
တွံတေးမြို့နယ်၊ ကျွန်းဘက်ကျေးရွာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အမှတ် (၁၁)၊ ၁၆၅ လမ်းနေ (ဦးထွန်းကြည်) ဇနီး၊ ကိုမြင့်သန်း-မအေးအေးရီ (မင်္ဂလာမြင့်သန်းပုဆိုးဆိုင်)၊ ကိုခင်မောင်သန်း-မသန်းသန်းလွင် (ထွန်းမိသားစု ပုဆိုးဆိုင်)၊ ကိုဘိုဖြူ-မနုနုရီ၊ ကိုသောင်းထိုက်-မရှုကြည်၊ ကိုဝင်းကြိုင်-မစုစုခင် တို့၏ မွေးသမိခင်၊ မြေး ၁၀ ယောက်၊ မြစ် တစ်ယောက်တို့၏ အဘွားသည် ၁၉-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၀၄ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါက်တာအမ်ဆိုင်းတောင်
အသက်(၆၈)နှစ်
ဆေးရုံအုပ်ကြီး(ငြိမ်း)
တက္ကသိုလ်များဆေးရုံ၊ရန်ကုန်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့၊ ဃ/၂၁၄၊ တာမိုးနဲလမ်းနေ (ဖုန်ရွှေဒူဝါအမ်ဇော်လ) နှင့် (ဒူဂျန်အယ်(လ်)နန်ကိုင်)တို့၏သမီးကြီး၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ အမှတ်(၁၂)၊ စကြာလမ်း၊ ကျောက်မြောင်းနေ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးဇာခေါင်း၏ ချစ်လှစွာသော ဇနီး၊ ဦးဇခုံဇော်ခွန်-ဒေါ်ဖောင်ဝန်ခေါန်တောင်၊ ဦးဇခုံဇော်ဖန်-ဒေါ်R ဂျူးလောက်၊ ဦးဇခုံဇော်ဆိုင်း-ဒေါ်လဖိုင်နန်ဖန်၊ (ဦးဇခုံဇော်ပန်)-ဒေါ်လဘော်ထောနော၊ ဒေါ်ဇခုံနန်ရော်-ဦးဖော်ယမ်လဆိုင်း၊(ဒေါ်ဇခုံနန်ဒွဲ)-ဦးခန်းဒါးယော်ဆန့်၊ ဦးဇခုံဇော်ခါး-ဒေါ်ဝေါ့လောင်ဒေါင်ယန်း၊ ဒေါ်ဇခုံနန်ခါး-ဦးမရန်ထွဲဝါ၊(ဦးဇခုံဇော်နော်)-ဒေါ်ထုတောင်၊ ဦးဇခုံဇော်လ-ဒေါ်ဂျာဖာ၊(ဦးဇခုံဇော်ထန်)-ဒေါ်အင်ဂျုံလု၊ ဒေါ်ဇခုံနန်ရွယ်-ဦးလကျမ်ခါလွမ်းတို့၏ အစ်မကြီး၊ ဒေါ်ဇက်နန်ရော်-ဗိုလ်မှူးဘီလုမ်းဇေ(ငြိမ်း)၊ဒေါ်ဇက်ဂျာဘန်-ဦးလမိုင်နော်တောင်၊ဒေါ်ဇက်နန်ဆမ်-ဦးခက်ဆိုင်းတူး၊ မဇက်ခေါင်ခယမ်းတို့၏ ချစ်လှစွာသော မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည်၂၂-၄-၂၀၀၄ရက် ည ၇း၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆-၄-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ နေအိမ်နှင့်ရန်ကုန်ကချင်နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်းမှကားများနံနက် ၈နာရီတွင်ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

မောင်စိုးစိုး (မြင်းခြံ)
B.A (မြန်မာစာ)
အသက် (၃၃)နှစ်

မြင်းခြံမြို့၊ ၄၅ လမ်းနေ ပွဲစားကြီး၊ ဦးဘလွင်-ဒေါ်စိန်ညွှန့်၊ မန္တလေးမြို့၊ ၄၂ လမ်းနေ ဦးဘထွေး-ဒေါ်ကျန်တို့၏ မြေး၊ မြင်းခြံမြို့၊ ၄၅လမ်းနေ ပွဲစား (ဦးရှည်)-ဒေါ်ရီရီတို့၏ ဒုတိယသား၊ မြင်းခြံမြို့နေ ဦးသောင်း (မီးသတ်ဦးစီး၊ ငြိမ်း)-ဒေါ်သိန်းညွှန့်၊ (ဦးထွန်းတင်)-ဒေါ်ရီ၊ ရန်ကုန်မြို့နေ ဗိုလ်မှူးဘိုနီ-ဒေါ်ညိုညိုသောင်း၊ မန္တလေးမြို့နေ ဦးစိန်ရ-ဒေါ်လှဝင်း၊ ဦးဘိုသိန်း-ဒေါ်ကြည်ကြည်ထွေး၊ ဦးအောင်ကြည်-ဒေါ်ခင်နု၊ ဒေါ်ခင်ဥ၊ ဒေါ်တင်တင်ဝင်း၊ တောင်သာမြို့နေ ဦးကျော်ကျော်-ဒေါ်မြင့်မြင့်၊ မန္တလေးမြို့နေ ဦးမော်မော်-ဒေါ်မြင့်မြင့်ဟန်တို့၏ တူ၊ ရန်ကုန်မြို့နေ ကိုမျိုးမျိုး-မမီမီအောင်တို့၏ ညီ၊ မြင်းခြံမြို့နေ မဖြူဖြူသွယ်၏ အစ်ကို၊ မောင်အာကာမင်း၊ မမီးမီးတို့၏ ဦးလေးသည် ၁၀-၄-၂၀၀၄ တွင် ကွယ်လွန်သွားပါ၍ ၁၁-၄-၂၀၀၄ (တနင်္ဂနွေနေ့)တွင် မန္တလေးမြို့ တောင်မြင့်သုသာန်၌သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)
နာယက ဒေါ်သိန်းမြင့်
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ်(၃၅)(မြေညီ)နေ ရာသက်ပန်အသင်းဝင် ဦးသောင်းထိုက်၏မိခင် နာယက ဒေါ်သိန်းမြင့်သည် ၁၃-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၅-၄-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်းအသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့။

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကိုပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီး ရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက် ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။ **ကျန်းမာရေးဝန်ကြီးဌာန။**

ဦးချန်ကာဘော
အသက်(၈၉)နှစ်
(ခရမ်း)

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း၊ အမှတ်(၁၅၁) (B)မြေညီထပ်နေ (ဦးချန်ကောင်းဝန်း-ဒေါ်ပူးဝါး) တို့၏သား၊ ဒေါ်ကီး(ခ) တန်ကျင်ကီး၏ခင်ပွန်း၊ (ဦးလှမောင်) ဒေါ်ရွယ်ဂျီ၊ ဒေါ်ခင်ဝင်း၊ ဦးဖေခင်-ဒေါ်ခင်ဝေ၊ ဦးလှကြည်-ဒေါ်သန်းသန်းဌေး၊ ဦးလှအောင်-ဒေါ်တင်တင်တို့၏ မွေးသဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးဖြစ်သူ ဦးချန်ကာဘောသည် ၂၂-၄-၂၀၀၄ရက်တွင် အမှတ်(၈၀)၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ် နေအိမ်၌ ကွယ်လွန်ပါ၍ ၂၆-၄-၂၀၀၄ ရက်နေ့ နံနက် ၁၁ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်၊ အမှတ်(၈၀)ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ် နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးမောင်ကြည် (ခ) ဦးခီးယာ
အသက်(၈၁)နှစ်
(မြိတ်)

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ်ရပ်ကွက်၊ သူဌေးလမ်း၊ အိမ်အမှတ်(၁၂)၄လွှာနေ ဒေါ်သိန်း၏ခင်ပွန်း၊ ဦးသက်လွင်-ဒေါ်အာယု၊ဦးမောင်မောင် - ဒေါ်ခင်ယုလွင်(မော်လမြိုင်)၊ CAPT- သိန်းအင် (Skyline Shipmanagement) - ဒေါ်စပယ်ခိုင်၊ ဦးကျော်ညွှန့်-ဒေါ်အေးအေးယု၊ ဦးစင်းအင် - ဒေါ်စောကြည်၊ ဦးဝွမ်အင်- ဒေါ်တင်တင်လှိုင်၊ (ဦးအင်စိုး)၊(ဦးထွေးအင်) - ဒေါ်သန်းသန်းနွယ်၊ မဆွေဆွေယု၊ မဝေဝေယု (ယုဇနကုမ္ပဏီ)၊ ကိုသက်ထွေး(ယုဇနကုမ္ပဏီ) - မငြိမ်းပပ (နည်းပြ မြန်မာစာဌာန) တို့၏မွေးသဖခင်၊ မြေး၁၅ယောက်တို့၏ အဘိုးသည် ၂၂-၄- ၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၀၄ရက်(စနေနေ့)တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅။

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ ဇနီး ဒေါ်ခင်ဆွေစိုး(အသက်၅၉နှစ်) (ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန)သည် ၂၀-၄-၂၀၀၄(အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ဆွေစိုး (၅၉)နှစ်
ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း
သမဝါယမဝန်ကြီးဌာန

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊အမှတ်(၃)၊ မကြီးကြီးလမ်းနေ ဦးခင်မောင်ဝင်း (ဒုတိယဝန်ကြီး၊နိုင်ငံခြားရေးဝန်ကြီးဌာန)၏ဇနီးသည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။ **ဒါရိုက်တာအဖွဲ့၊ ရန်ကုန်တိုင်းအထွေထွေစီးပွားရေးလုပ်ငန်း၊ သမဝါယမအသင်းစုချုပ်။**

ဦးမျိုးညွန့် (၅၆)နှစ်

မုဒုံမြို့နေ (ဦးပါစိန်)၊ ဒေါ်ကျင်မြိုင်(ခ) ဒေါ်မဘီတို့၏ သား၊ မုဒုံမြို့နေ ဒေါ်လှထားရီ၏ခင်ပွန်း၊ မော်လမြိုင်မြို့နေ ဦးတင်အေး-ဒေါ်ဝင်းနု၊ ရန်ကုန်မြို့၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်-ဒေါ်စန်းစန်းတို့၏ ညီ/မောင်၊ မုဒုံမြို့နေ ဦးကျော်လှိုင်-ဒေါ်ထွေးရီတို့၏ အစ်ကို၊ တောင်ကြီးမြို့နေ ဒေါက်တာမျိုးစည်သူ၊ မမိုးသီတာ၊ မော်လမြိုင်မြို့နေ ဒေါက်တာမျိုးကြည်ဖြူတို့၏ ဖခင်၊မြေးငါးယောက်တို့၏အဘိုး ဦးမျိုးညွန့် (သတ္တုတွင်းဦးစီးဌာန)သည် ၂၃-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၄-၂၀၀၄ ရက်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒေါ်စန်းစန်းတို့ ညီ/မောင် ဦးမျိုးညွန့်(၅၆)နှစ်သည်၂၃-၄-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲခံစားမိပါကြောင်း။
ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဇနီး၊ ဝန်ထမ်းမိသားစုများ၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း။

Capt.ခင်မောင်ဝေ
CDC-4385
ကုန်သွယ်ရေကြောင်းအရာရှိလောင်းအပတ်စဉ်(၅)
အသက်(၅၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ အမှတ်(၄၉-၂)၊ မဂ္ဂင်လမ်းနေ ဦးတင်အောင်-(ဒေါ်ခင်ခင်)တို့၏သား၊ (ဦးတင်မောင်)-ဒေါ်ခင်သန်းတို့၏သားသမက်၊ဒေါ်ဆွေဆွေမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်မောင်ဝေ-(ဒေါ်သင်းသင်းဌေး)၊ ဦးမြတ်ဇော်ဦး-ဒေါ်ခင်မာဝေ၊ ဦးမြင့်ဦး-ဒေါ်တင်မာဝေ၊ (ဦးဇော်ဝင်း)-ဒေါ်တင်သန်းနု၊ Capt.တင်ဝင်းမောင်-ဒေါ်မေသက်လွင်၊ ဦးဇော်ဝင်း-ဒေါ်ဖြူဖြူ၊ ဦးမောင်မောင်မြင့်- ဒေါ်လှလှထွေးတို့၏အစ်ကို၊ ညီ/မောင်၊ မောင်ဟိန်းထက်ဝေ (VII C,TTC)၊ မခင်နှံ့သာဝေတို့၏ ချစ်လှစွာသောဖခင် ဦးခင်မောင်ဝေသည် ၂၃-၄-၂၀၀၄(သောကြာနေ့) ညသံုးနာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍၂၅-၄-၂၀၀၄(တနင်္ဂနွေနေ့) ညနေ၃နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
Capt. ခင်မောင်ဝေ
CDC-4385
ကုန်သွယ်ရေကြောင်းအရာရှိလောင်း အပတ်စဉ်(၅)
အသက်(၅၀)

သူငယ်ချင်း Capt.ခင်မောင်ဝေသည် ၂၃-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် သူငယ်ချင်း၏မိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။**ကုန်သွယ်ရေကြောင်းအရာရှိလောင်းအပတ်စဉ်(၅)မှသူငယ်ချင်းများ။**

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ရေကန်ဒါယိကာမကြီး
ဒေါ်သောင်းသောင်း(၈၈)နှစ်
(ကသာ)

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ်(၂၇/ဘီ)၊ အောင်ဇေယျလမ်းသွယ်(၂)နေဒေါက်တာ ဦးသိန်း၏ချစ်လှစွာသောဇနီး၊ ဒေါ်သင်းလှိုင်၊ ဦးဗလ၊ဦးသန်းမောင်၊ ဒေါက်တာသန်းညွန့်-ဒေါ်လှလှအေးတို့၏ ညီမ/အစ်မ၊ ဒေါက်တာခင်ဝင်းသိန်း၊ ဦးကျော်မြင့်သိန်း၊ ဒေါ်တင်တင်လွင်၊ ဦးဝင်းမြင့်သိန်း (C/E, P.I.L)၊ ဦးသောင်းထွဋ်မောင် (O/W)၊ ဒေါ်ချိုချိုသိန်း(ဒု-လ/ထညွှန်မှူး၊ M.I.C.S၊ ငြိမ်း)၊ ဒေါ်ခင်ကြည်ကြည်သိန်း(ကထိက၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏ချစ်လှစွာသောမိခင်ကြီး၊ လွင်အိအိသိန်း၊လွင်ဇော်ဟိန်း(P.I.L)၊ လွင်ကြော့ကြော့သိန်း(တ-နှစ်၊ စီးပွားရေး)၊ ပိုင်စိုးဦး (T.T.C)တို့၏ ချစ်လှစွာသောအဘွားသည် ၂၄-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၀၄ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ချင်းပြည်နယ်၊ ဟားခါးမြို့၊ ခွာရုံထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း
ဦးစီးပဓာန နာယက
ချင်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သိရိန္ဒ
သိက္ခာတော်(၅၅)ဝါ၊သက်တော်(၇၅)နှစ်

ချင်းပြည်နယ်၊ ဟားခါးမြို့၊ ခွာရုံထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၏ ဦးစီးပဓာနနာယက၊ ချင်းပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သိရိန္ဒသည်(၁၃၆၆ခု၊ ကဆုန်လဆန်း၂ရက်) ၂၀-၄-၂၀၀၄ (အင်္ဂါနေ့)နံနက် ၆း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်ကို (ကဆုန်လဆန်း ၁၁ရက်) ၂၉-၄-၂၀၀၄ (ကြာသပတေးနေ့)တွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးနေ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။ တပည့်သံဃာများ၊ ဒါယကာ၊ ဒါယိကာမများ။

ခရစ်တော်၌အိပ်ပျော်ခြင်း
နော်ရှသ်
အသက်(၇၃)နှစ်
မရမ်းချိုကျေးရွာ၊ပုသိမ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၁၄၈)၊ မင်းကြီးလမ်း၊ တောင်သူကုန်း ရပ်ကွက်နေ(ဦးဘစိန်-နော်အေးစာ)တို့၏ သမီးလတ်၊ဦးရွှေသိန်း၏ဇနီး၊ (နော်အယ်ထူး)၊ သိက္ခာတော်ရဆရာစောလယ်ထူး (ယုဒသန်ကရင်မိတ်သဟာယ)-ဆရာမ မာလင်းအားမူဖိုး (ကရင်နှစ်ခြင်းဓမ္မတက္ကသိုလ်)၊ နော်အယ်စေး(B.Mir. MICT)-စောမောင်မောင်တို့၏ ချစ်လှစွာသောမိခင်၊နော်အဲနာမောင်၊ စောဂျွန်အေးမောင်၊နော်ဖေရယ်မောင်၊ စောတဲရင့်ကဲဘလုထူး၊ စောကလဲရင်မားဘလုထူးတို့၏ အဘွားသည် ၂၁-၄-၂၀၀၄ရက်တွင်ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၅-၄-၂၀၀၄(တနင်္ဂနွေနေ့) နံနက်၁၁နာရီတွင် တက္ကသိုလ်နယ်မြေ ယုဒသန်ဗိမာန်တော်၌ ဝတ်ပြုကိုးကွယ်ပြီးရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ရီရီခင်
အသက်(၇၁)နှစ်
တိုက်ကြီး

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊အမှတ်(၁၁၅) ဘူတာရုံလမ်း၊ ကံဘဲ့၊ (၁၁)ရပ်ကွက်နေအကန်တော့ခံစာပေပညာရှင် အမျိုးသားစာပေပထမဆုရ စာရေးဆရာ ညိုဝင်း(ခ) ဦးကျော်ဝင်း၏ ချစ်လှစွာသောဇနီး၊ ဦးဇော်ဝင်း(ပန်းချီဝေမွန်လင်း)-ဒေါ်မြင့်မြင့်ရည်၊ ဦးအောင်ဇင်-ဒေါ်ဒေဇီ၊ ဦးအောင်ကြည်(ဥက္ကဋ္ဌ၊စက်မှုဇုန်-၃၊ တောင်ဒဂုံ)၊ ဒေါ်ခင်သီတာဝင်း (ပြည်ဖြိုးဆန်ရောင်းဝယ်ရေး)၊ ဦးအောင်စိုးဝင်း (တွဲဖက် ပညာရေးမှူး၊ ရန်ကင်းမြို့နယ် ရိုးရာ ပန်းအစည်းအရုံး၊ Royal Artisan Co., Ltd) ဒေါ်နွယ်နီ၊ ဦးသိန်းထွန်း-ဒေါ်ခင်မြင့်မြင့်မော်၊ ဦးမြင့်သိန်း၊ ဒေါ်ခင်စန္ဒာမိုး၊ ဦးနေလင်းနိုင်-ဒေါ်ခင်ဝေလှိုင်၊ ဦးခင်မောင်ညို-ဒေါ်ခင်နုကြည်၊ ဦးရဲမင်းမောင်-ဒေါ်ခင်သူဇာဝင်းတို့၏ မိခင်သည် ၂၁-၄-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂၅-၄-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရားဒါယကာကြီး
ဦးတင်လှ
အသက်(၇၀)

ချောင်းဆုံမြို့နယ်၊ ရွာလွတ်ကျေးရွာနေ (ဦးပဲ-ဒေါ်သင်)တို့၏သား၊ ဦးကြိုင်တို့၏ညီ၊ ဒေါ်မြင့်၊ ဒေါ်ဆွေတို့၏ အစ်ကို၊ ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ကျောင်းလမ်းသွယ်(၃) လမ်း၊အမှတ်(၁၅)နေ ဦးထွန်းဖဲ-(ဒေါ်လှကြည်)တို့၏သားသမက်၊ အမှတ်(၁၂)နေ ဒေါ်သိန်းညွန့်၏ခင်ပွန်း၊ ဦးချစ်သိန်း-ဒေါ်တင်လှတို့၏အစ်ကို၊တပ်ကြပ်ကြီးမြင့်စိုး-ဒေါ်စန်းစန်းအေး(မုန်စက်ရုံ၊ ပုသိမ်)၊ ဦးအောင်မြင့်-ဒေါ်မိငယ်၊ ဦးနေဦး-ဒေါ်နုနုရီ၊ ဦးမြဌေး-ဒေါ်မိမာ၊ ဦးနေလွင်-ဒေါ်တင်တင်ဝင်း၊ ဦးမောင်မောင်လွင်-ဒေါ်ကေသီခိုင်၊ ရန်နောင်လင်း-မစန်းစန်းလွင်၊ ကျော်နိုင်ထွေး-နော်အဲဖော၊ အောင်ဘိုဘို နေလွင်အောင်-မစန်းစန်းဌေးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး၁၇ယောက်တို့၏အဘိုးသည် ၂၃-၄-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅-၄-၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း
ဒေါက်တာအမ်ဆိုင်းတောင်
ဆေးရုံအုပ်ကြီး(ငြိမ်း)
တက္ကသိုလ်များဆေးရုံ၊ ရန်ကုန်
အသက်(၆၈)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့၊ ဃ/၂၁၄၊ တာမိုးနဲလမ်းနေ (ဖုန်ရွှေဒူဝါအမ်ဇော်လ)-[ဒူဂျန်အယ်(လ်)နန်ကိုင်]တို့၏ သမီးကြီး၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ အမှတ်(၁၂)၊ စကြာလမ်း၊ ကျောက်မြောင်းနေ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးဇာခေါင်း၏ ချစ်လှစွာသောဇနီး၊ (ဦးမရန်ဇော်ဆိုင်း)၊ ဦးမရန်ဇော်တောင်-ဒေါ်ဖော်ယူးဂျိုးနန်၊ ဒေါ်မရန်ဂျာဘောက် - ဦးဆွမ်လွတ်နော်၊ဒေါ်မရန်နန်ဒွဲ-ဦးလဖိုင်ဇော်မွန်း၊ ဒေါ်မရန်နန်ရှန်-(ဦးပေါလ်ဇင်ဟန်တူးနန်)၊ ဒေါ်မရန်ဂျာနူး-ဦးလဖိုင်ဒေးဗစ်ဝွန်း၊ ဒေါ်မရန်ဂျာခါးမိုင်-ဦးလဗျနော်ဒင့်၊ဒေါ်မရန်နန်ပန်-(ဦးလထော်လဂျာ)၊ ဒေါ်မရန်နန်ရောင်-ဦးမဂျီတန်နိုင်တို့၏ အစ်မကြီး၊ဒေါ်ဇက်နန်ရော်ဗိုလ်မှူးဘီလုမ်းဇေ(ငြိမ်း)၊ ဒေါ်ဇက်ဂျာဘန်-ဦးလမိုင်နော်တောင်၊ ဒေါ်ဇက်နန်ဆမ်-ဦးခက်ဆိုင်းတူး၊ မဇက်ခေါင်ခယမ်းတို့၏ ချစ်လှစွာသော မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၂-၄-၂၀၀၄ရက် ည ၇း၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၆-၄-၂၀၀၄(တနင်္လာနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။
(နေအိမ်နှင့်ရန်ကုန် ကချင်နှစ်ခြင်း ခရစ်ယာန် ဘုရားရှိခိုးကျောင်းမှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သန်း
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ခြံအမှတ်(၇၂)၊ နတ်မောက်လမ်း၊ ဗိုလ်ချိုရပ်ကွက်နေ (ဦးမောင်မောင်-ဒေါ်ခင်ကြည်)တို့၏ သမီး၊ ဦးစံမြင့်၏ ဇနီး၊ ကိုဇော်မင်းအောင် (ဒုအရာခံဗိုလ်၊ တပ်မတော်ရေ)-ဒေါ်ကေသွယ်ခိုင်(ကညန၊ ရုံးချုပ်)၊ အရာခံဗိုလ်ကျော်မင်း(တပ်မတော်ရေ)၊ ကိုစိုးမင်းတို့၏ မွေးသမိခင်သည် ၂၄-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၄-၂၀၀၄ရက် နံနက် ၁၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်ခင်သန်း
အသက်(၇၀)
(ဓနုဖြူ)

(ဦးဘအေး-ဒေါ်စိန်ပု)တို့၏ သမီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လှိုင်မြင်းမိုရ်အိမ်ရာ၊ မာဃလမ်း၊ တိုက်(၁၀)၊ အခန်း(၄)နေ (ဦးယုကျွန်ဟင်)၏ဇနီး၊ ဦးဝင်းဖေ၊ ဦးခင်အောင်(ကျားမင်းတရုတ်မဆလာ)၊ ဦးတင်ထွန်း-ဒေါ်ကြည်ကြည်ညွန့်၊ ဦးအောင်မြင့်-ဒေါ်သန်းသန်းမြင့်၊ မသိန်းသိန်းမြင့်၊ ဦးဝင်းညွန့်-ဒေါ်ရီရီသန်း၊ မမြင့်မြင့်သန်း၊ မမာမာလွင်၊ မောင်တော်အောင်တို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂၂-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၀၄(စနေနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ၂၈-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားနာပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးဝေလင်း
အသက်(၅၇)နှစ်
လ/ထညွှန်ကြားရေးမှူး
တနင်္သာရီတိုင်းသမဝါယမဦးစီးဌာန
(ထားဝယ်)

ထားဝယ်မြို့၊ အိုးလုပ်ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၉၄)နေ (ဦးကျော်စံ-ဒေါ်ထွားရင်)တို့၏သား၊ ဦးအောင်မြင့်-ဒေါ်မာဂရက်ဖိုး၊ ဦးတင်မြင့်-ဒေါ်မြအေး၊ ဦးကံမြင့်-ဒေါ်မြသန်းတို့၏ညီ၊ ဒေါ်ခင်မျိုးအိ၊ ဦးစိုးဝင်း၊ ဦးအုန်းမြင့်-ဒေါ်မြင့်မြင့်သန်း၊ ဦးအောင်အောင်စိုး-ဒေါ်ခင်မျိုးဆွေတို့၏ အစ်ကို၊ ဒေါ်လွှမ်းကြည်(ခ) ဒေါ်ငြိမ်းငြိမ်းမြတ်၏ ခင်ပွန်း၊ ကိုဝင်းမင်းဦး၊ မဖြူဖြူသင်း၊ ကိုဇော်မင်းဦး၊ ကိုကျော်ကျော်လင်း၊ မတိုးနန္ဒာလင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၂၄-၄-၂၀၀၄(စနေနေ့)တွင် ရန်ကုန်မြို့ ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။
(ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ကားများ နံနက် ၁၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရီတေ (၈၃)နှစ်
(ဒေါင့်ကြီး-ဟင်္သာတမြို့)

ဟင်္သာတမြို့နယ်၊ ဒေါင့်ကြီးရွာနေ ဦးကမ်းနား-ဒေါ်ဟုတ်တို့၏ သမီး၊ (ဦးတင်ထွန်းလွင်) ဒေါ်တင်ကြွေ၏ ညီမ၊ ဦးမျိုးဇင်၊ ဦးမျိုးလွင်(မြန်မာ့မီးရထား-ငြိမ်း)၊ ဦးမောင်ဝင်း-ဒေါ်ခင်မာလွင်၊ ဒေါ်ခင်တာလွင်(အလက-၁၊ ဒဂုံ)တို့၏ အဒေါ်၊ မောင်မျိုးထက်ဝင်း၊ မောင်မျိုးဆက်ဝင်း(တ-နှစ်၊ ဥပဒေ)၊ မောင်မျိုးခိုင်ဝင်း(ဒု-နှစ်၊ ကွန်ပျူတာ၊ D.S.A)၊ မအိရွှေစင်ဝင်းတို့၏အဘွားလေးသည် အမှတ်(၁၂၁/ခ)၊ မြေညီထပ်၊ (၄၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်နေအိမ်၌ ၂၃-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၄-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်အေးစီ (၆၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၇၂၅၊(၄)လမ်း၊ ၁ရပ်ကွက်၊သမိုင်း၊မရမ်းကုန်းမြို့နယ်နေ (ဦးဘမူ-ဒေါ်သန်းခင်)တို့၏ သမီး၊ ရဟန်း၊ ကျောင်းဒါယကာကြီး(ဦးမောင်ခင်)၏ဇနီး၊ အင်းစိန်နေ ဦးကြီးညို-(ဒေါ်ဌေးကြည်)တို့၏အစ်မ၊ ဦးမျိုးညွန့်-ဒေါ်တင်တင်ဝင်း၊ဦးစိုးသိန်း-ဒေါ်တင်တင်နွဲ့၊ ဦးမျိုးဆွေ-ဒေါ်ကြည်ကြည်လှိုင်၊ ဦးတင့်လွင်-ဒေါ်ခင်ခင်နွဲ့၊ ဒေါ်တင်တင်အေး (ခ)ဒေါ်ချယ်ရီ၊ ဦးသိန်းထိုက်(ဦးစီးအရာရှိ၊ အင်းစိန် အား/ကာ)-ဒေါ်ခင်စန္ဒာဝင်း၊ ဦးအေးထွန်း-ဒေါ်ခင်လေးမြင့်တို့၏ မွေးသမိခင်၊ မြေး ၂၁ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၄-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်ဝိုင်း(၆၅)နှစ်

(ဦးလိုင်ကျင်ဖန်း - ဒေါ်ကျင်မြိုင်)တို့၏ သမီးထွေး၊ (ဦးကျံယုလင်)-ဒေါ်ဝမ်ရန်ကျင်တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၂၂)၊ရွာမကျောင်းလမ်းနေ ဦးကျော်ဝင်း(ကျော်ညွန့်နှင့် ညီများ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ဇနီး၊ ဦးခင်ထွန်း-ဒေါ်ဘေဘီ၊ဦးထွန်းမြင့်-ဒေါ်ချွေးလေးတို့၏ညီမ၊ ဦးထွန်းခင်-ဒေါ်ကြည်ဝင်း၊ ဦး သောင်း-ဒေါ်ထွေးကြည်၊ဦးကောက်-ဒေါ်မော်မော်တို့၏အစ်မ၊ ဦးလှဝင်း (ဆရာသွယ်)-ဒေါ်သင်းသင်းလှဲ့၊ ဦးကိုကိုနိုင်-ဒေါ်နီနီဝင်းတို့၏မိခင်၊ မချောသန္တာ၊မသွယ်မှူးခင်၊မသွယ်ဖူးဇင်၊ မသွယ်ချူးဇင်တို့၏ အဘွားသည် ၂၂-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၀၄(တနင်္လာနေ့)နံနက်၁၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများနံနက်၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးထွန်းအောင်(၉၁)နှစ်
(ကျောက်မြောင်း၊ ရွှေဘို)

ရွှေဘိုမြို့နယ်၊ဟံလင်းကြီးမြို့ဟောင်းနေ (ဦးချိမ့်-ဒေါ်ကြီး)တို့၏ သားထွေး၊ (ဦးလမ်း-ဒေါ်ဖော့အူ)တို့၏သားသမက်၊ ရန်ကုန်မြို့၊အမှတ်(၃၃၄)၊ဆရာစံလမ်း၊(၂/ခ)ရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ကျင်မေ၏ခင်ပွန်း၊ ဒေါ်ခင်မြင့်၊ ဒေါ်ကြည်ကြည်လွင်၊ဦးခင်မောင်တိုး၊ ဒေါ်ခင်စောဦး၊ ဦးစောရွှေအောင်-ဒေါ်နုနုရီ(ရွှေမိုးပြည့်စုံဆောက်လုပ်ရေး)၊ ဒေါ်နုနုကြည်တို့၏ မွေးသဖခင်၊မြေးရှစ်ယောက်တို့၏ အဘိုးသည် ၂၃-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေး အအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မြင့် အသက်(၅၀)
အောင်သူရ TV(Flyback) ပြုပြင်ရေး

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ အမှတ်(၄၂၂)၊ ဓမ္မာရုံ(၁)လမ်းနေ (ဦးသိန်းမောင်)-ဒေါ်တင်ကြည်တို့၏ သား၊ ညောင်တုန်းမြို့နယ်၊ မယ်ဇလီကျေးရွာနေ ဦးမောင်ပို-(ဒေါ်ခင်အေး)တို့၏ သားသမက်၊ (ဦးတင်ဌေး)-ဒေါ်နုရွှေတို့၏ မောင်၊ ဦးသန်းဦး-ဒေါ်ဌေးဌေး၊ ဦးဗိုလ်ဆန်း-ဒေါ်အေးအေး၊ ဦးအောင်သိန်း-ဒေါ်ချိုချို၊ ဦးအောင်သိန်းထွန်း(ခ)ဦးသိန်းလွန်း-ဒေါ်နီနီဝင်းတို့၏ အစ်ကိုကြီး၊ ဒေါ်မြင့်မြင့်စန်း၏ ခင်ပွန်း၊ မခင်မျိုးမျိုးမြင့်၊မောင်အောင်သူ၊မမေသူမြင့်တို့၏ဖခင်သည် ၂၄-၄-၂၀၀၄ (စနေနေ့)တွင် ကွယ်လွန်ပါ၍ ၂၆-၄-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။
(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

မဝင်းဝင်းတင့် အသက်(၄၀)
ဂုန်နီကော်ဇောစက်ရုံ၊ ဒေါပုံ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)မာန်ပြေရပ်ကွက်၊ သုမနလမ်း၊ အမှတ်(၂၃၃)နေ ဦးထွန်းရွှေ (ပြည်တွင်းအခွန်များ ဦးစီးဌာန)-ဒေါ်သောင်းငွေတို့၏ သမီးကြီး၊ (ဦးဝင်းနိုင်-မလှလှအေး)၊ ကိုခင်မောင်ဝင်း (အခွန်ဦးစီး အောင်ဘာလေဌာနခွဲ)-မသင်းသင်းခိုင်၊ မသန်းသန်းအေး (ကုန်ပဒေသာဆိုင်-သာကေတ)၊ ဦးကျော်လင်း-မသင်းသင်းအေး၊ မသိန်းသိန်းအေး (သမာဓိ ကုန်ပဒေသာဆိုင်)၊ မောင်ထွန်းထွန်းဝင်းတို့၏ အစ်မ၊ မအိအိဖြိုး (ထ-၃၊ သာကေတ)၏ မိခင်သည် ၂၄-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၆-၄-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလှူသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးဘသောင်း (၈၂)နှစ်
SAT (ငြိမ်း)၊ အထက-၁၊ သံတွဲ
(ရမ်းဗြဲ၊ သံတွဲ)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၈၆၅)၊ အောင်သပြေ(အနောက်)၊ (၁၀)လမ်းနေ (ဦးမဲချေ-ဒေါ်အောင်မညို)တို့၏ သား၊ (ဒေါ်မြစိန်)၏ ခင်ပွန်း၊ ဦးတင်ဝင်း(ဒု-ညွှန်မှူး၊ မြစ်ချောင်းဖြိုး၊ မကွေး)-ဒေါ်ခင်စန်းဝင်း၊ ဦးခင်မောင်သောင်း၊ ဒေါ်ခင်ခင်သောင်း(အထက-၂၊ သာကေတ)၊ ဦးခင်ဖေသောင်း(S.Y Co., Ltd)-ဒေါ်သင်းသင်းမာတို့၏ ဖခင်၊ဦးကျော်ထက် (SAE၊မြစ်ချောင်းဖြိုး၊ရန်ကုန်)၊ မသက်လှိုင်ဆွေ(နည်းပညာတက္ကသိုလ်၊မကွေး)၊ မနှင်းရည်ဖွေး(B.A, Business Science)၊ မမြတ်ဆု(X အထက-၂၊ သာကေတ)တို့၏ အဘိုးသည် ၁၄-၄-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၄-၂၀၀၄ရက်တွင်ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ထွေးစိန် (၇၇)နှစ်

ပဲခူးတိုင်း၊ နတ်တလင်းမြို့နယ်၊ နွယ်ခွေရွာနေ (ဦးပိုးဖြူ-ဒေါ်ခိုင်)တို့၏ သမီးထွေး၊ (ဦးချစ်တင်)၏ဇနီး၊ အမှတ်(၈၀)၊ မာလာမြိုင်(၃)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဦးမြသိန်း-ဒေါ်သန်းသန်းဝင်းတို့၏ မိခင်၊ မောင်လွှမ်းမိုးသိန်း၊ မသူဇာသိန်း၊ မချိုမာသိန်း၊မပပသိန်း၊မောင်အောင်ဇော်သိန်းတို့၏ အဘွားသည် ၂၃-၄-၂၀၀၄ (သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၅-၄-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ဝေဝေစိုး (၃၆)နှစ်
လက်ထောက်ကထိက၊ သမိုင်းဌာန၊
မော်လမြိုင်တက္ကသိုလ်
မွန်ပြည်နယ်၊ အမျိုးသမီးရေးရာအဖွဲ့၊
စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီ
အတွင်းရေးမှူး

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၅၄၃)နေ ဦးစိုးညွန့်(ဘုရင်မဓာတ်ပုံ) (သတင်းထောက်မှုခင်းရှုထောင့်)-ဒေါ်သန်းဟန်တို့၏ သမီး၊ဦးကြည်လွင်စိုး၊ ဦးဇော်မြင့်စိုး (ဓာတ်ပုံဇော်ဇော်မော်လမြိုင်တက္ကသိုလ်)-ဒေါ်ခင်ခင်ချို၊ ဒေါ်ကေသီစိုး၊ ဦးစိုးမောင်မောင် - ဒေါ်လဲ့လဲ့ချို(အထက-၃၊ ပဲခူး)၊ ဒုရဲအုပ်မျိုးလွင် (ရန်ကုန်တိုင်းရဲတပ်ဖွဲ့)-ဒေါ်နှင်းနှင်းစိုး(အထက-၃၊ အင်းစိန်)တို့၏ ညီမ၊ ဦးကျော်မောင်မောင်-ဒေါ်မြတ်မြတ်စိုးတို့၏ အစ်မ၊ တူ၊တူမ၅ယောက်တို့၏အဒေါ် ဒေါ်ဝေဝေစိုးသည် ၁၃-၄-၂၀၀၄(အင်္ဂါနေ့)က ကွယ်လွန်သွားခဲ့ပြီး ၁၅-၄-၂၀၀၄ရက်က သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျေးဇူးတင်ရှိခြင်း

ဈာပနကိစ္စအဝဝတွင် ငွေအား၊ လူအားပါဝင်ကူညီခဲ့ကြသော မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်နှင့် စီမံရေးရာဌာန အကြီးအကဲများ၊ ဌာနအသီးသီးမှ ပါမောက္ခများနှင့် ဆရာ၊ ဆရာမများ၊ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ မွန်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မွန်ပြည်နယ်(ပရက)အဖွဲ့၊ အဲရိုးမြန်မာကုမ္ပဏီလီမိတက်၊ မော်လမြိုင် ကျန့်တိတ် တောင်ဘုံလူကြီးများ၊ ဟုတ်ကျန့်အမျိုးသားများ၊ ကွမ်ရင်နန်ချွမ်ကျုံးဘုရားကျောင်း ဂေါပကအဖွဲ့ဝင်လူကြီးများနှင့် ဂုဏ်သရေရှိလူကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။
ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယကာကြီး
ဦးစိန်ညွန့် (၈၃)နှစ်
(ဆင်ကူး၊ လှိုင်းဘွဲ့မြို့)

လှိုင်းဘွဲ့မြို့နယ်၊ ဆင်ကူးကျေးရွာနေ (ဦးမောင်မွဲ-ဒေါ်စိန်ထွေး)တို့၏ သားကြီး၊ ဦးမောင်သိန်း-ဒေါ်သိန်းကြည်၊ (ဦးတင်ကြည်)-ဒေါ်မမ၊ (ဦးသက်ကယ်)-ဒေါ်သန်းမြင့်၊ ဦးအေးဖေ-ဒေါ်မသိန်း၊ ဦးချစ်ဖေ-ဒေါ်သန်းနွယ်တို့၏ အစ်ကို၊ (ဒေါ်ရှုဝေ)၏ ခင်ပွန်း၊ ဘားအံမြို့နေ (ဦးဝင်းလွင်)-ဒေါ်အေးအေးသန်း၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ ပုဇွန်တောင်ရဲရိပ်သာနေ ဒုရဲမှူးတင်လင်း-ဒေါ်မြင့်မြင့်အေး၊ ဦးစောညွန့်ဝေ-(ဒေါ်ခရစ္စတီးမူး)တို့၏ ချစ်လှစွာသော ဖခင်၊မြေးကိုးယောက်တို့၏ ဘိုးဘိုးသည် ၂၄-၄-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။
(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

လင်ကျင်စွိ(ခ)ဒေါ်ကျင်ရွှေ
အသက်(၈၀)

ရန်ကုန်မြို့၊ အမှတ်(၆၈)၊ တတိယထပ်၊ လမ်းမတော်၊ လသာမြို့နယ်နေ (ဦးစိန်ဖေ-ဒေါ်ကြွေ)တို့၏သမီး၊ ဦးပု၏ ဇနီး၊(ဦးကံကြာ)-ဒေါ်ဝက်မတို့၏ ညီမ၊ ဦးမောင်မောင်သိုင်း - (ဒေါ်ညိမ်းတီ၊ ပုဇွန်တောင်)၊ ဦးအန်းခွေး-ဒေါ်လေးခင်(ကဝ)တို့၏အစ်မ၊ ဦးစော-ဒေါ်နု(တ/ဥက္ကလာ)၊ ဦးထွန်းနိုင်-ဒေါ်ရင်ရင်မြ၊ ဦးထွန်းထွန်း-ဒေါ်တင်တင်အေး၊ ဒေါ်မြမြရီ၊ ဦးထွန်းဝင်း-ဒေါ်နွယ်နွယ်အေး(တ/ဥက္ကလာ)၊ ဦးကျော်ဖဲ-ဒေါ်စိုးသန္တာထွန်းတို့၏ မွေးသမိခင်၊ မြေး၁၀ယောက်တို့၏အဘွားသည် ၂၃-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၄-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမင်းအောင် (၆၇)နှစ်
(လဝကဒု-ဦးစီးမှူး၊ငြိမ်း)၊ (ထားဝယ်)

ထားဝယ်မြို့နေ (ဦးသိန်းမောင်-ဒေါ်မိမိလှိုင်)တို့၏ သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၂၄လမ်း၊ အမှတ်(၇၁၀)နေ ဦးလှမောင်-(ဒေါ်ဆုံ)တို့၏ သားသမက်၊ ဒေါ်ဝင်းကြည်၏ ခင်ပွန်း၊ ဦးငြိမ်းမောင်(လဝကဒု-ဦးစီးမှူး၊ငြိမ်း)-ဒေါ်အေးကြိုင်တို့၏ အစ်ကို၊ မမော်မော်အောင်၊ ကိုထင်အောင်ဝင်း၊မမင်းသွယ်သွယ်အောင်၊ကိုရှိန်အောင်ဝင်း၊ မသဲသုသုအောင်(ပ-နှစ်၊ ဓာတု၊ ဒဂုံတက္ကသိုလ်)တို့၏ မွေးသဖခင်သည် ၂၁-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၄-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများနံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
မောင်ဆန်နီ(ခ)မောင်ဆန်းဝင်း
အသက်(၃၉)နှစ်
တပ်မတော်ဘိလပ်မြေစက်ရုံ၊
အမှတ်(၁)မြိုင်ကလေး

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၈)ရပ်ကွက်၊ ဇာဒက်ကြီးကျွန်းလမ်း၊ အမှတ်(၉၇)နေ(ဦးဂျော့ထွန်းဝင်း-ဒေါ်မာဂရက်)တို့၏ သားလတ်၊ မဒေဇီဝင်း-ကိုသန်းဝင်း၊ မစန်းရီတို့၏ မောင်၊ ကိုအောင်ဝင်း(ဘိလပ်မြေစက်ရုံ)-မအမာဘီ၊ မအယ်မာဝင်း၊ မောင်ကျော်ကျော်ဝင်းတို့၏အစ်ကို၊ မသန်းသန်းခိုင်၏ခင်ပွန်း၊ မရွှယ်ရီဆန်နီ၊ သားသားလေးတို့၏ မွေးသဖခင်၊ မောင်ဆန်နီ(ခ) မောင်ဆန်းဝင်းသည် ၂၃-၄-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၅-၄-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကျော်မြင့်(ခ)အီစိမ်း(ခ)
George
အသက်(၈၀)

ရန်ကုန်မြို့နေ (ဦးချစ်စိန်-ဒေါ်လေးတင်)တို့၏ သား၊ (ဦးမောင်မောင်တင်-ဒေါ်ဒေစီကိုဘန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ နီလာ(၂)လမ်း၊ အမှတ်(၄၁၇)နေ ဒေါ်နီရင်း၏ ခင်ပွန်း၊ (ဦးလှမြင့်)၊ (ဒေါ်ကြင်)၊ (ဦးရင်စိန်-ဒေါ်စောရန်)၊(ဒေါ်တီ)တို့၏ မောင်၊ ဒေါ်အိမ်၏ အစ်ကို၊ Dr.လှဇော်-ဒေါ်နီလာအောင်၊ Dr.လှဝင်း-ဒေါ်အေးအေးမွန်၊ ဦးထူးမြင့်-ဒေါ်ခင်စောဝင်း၊ဦးလှပေါ်-ဒေါ်နန်းမြမြဝင်းတို့၏ဦးလေး၊ ဦးအဲဝင်းကျော်မြင့်၊ ဦးအိုင်ဗင်ကျော်မြင့်၊ ဦးအဲရစ်ကျော်မြင့်-ဒေါ်မူမူ၊ ဦးအဲလန်ကျော်မြင့်-ဒေါ်စန်းကေသီ၊ နန့်ဟားနာလင်းတို့၏ ချစ်လှစွာသော မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၃-၄-၂၀၀၄ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် မြောက်ဥက္ကလာပ အထွေထွေဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၂၉-၄-၂၀၀၄(ကြာသပတေးနေ့)နံနက်တွင် အထက်ပါနီလာ(၂)လမ်း၊ အမှတ်(၄၁၇) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသာထွန်းမောင်(ခ)သာသာ
အသက်(၅၆)နှစ်
(မြောက်ဦးမြို့)

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ကံလှရပ်နေ (ဦးစံလှဘော်-ဒေါ်အောင်ကြွဖံ)တို့၏သားထွေး၊ ရန်ကုန်မြို့၊ အောင်ဆန်းအားကစားပြိုင်ဝင်း၊ ဝန်ထမ်းအိမ်ရာနေ (ဦးကျော်ကျော်)-ဒေါ်ဦးစိန်၊ ဦးမြစိန်-ဒေါ်ခင်စု၊ ဦးသာထွန်းလှ-ဒေါ်အေးခင်တို့၏ ညီ/မောင်၊ ကိုအေးလှိုင်(အကောက်ခွန်)-မဝင်းဝင်းရွှေ၊ ကိုဝင်းမြိုင်(ဒုရဲအုပ်)-မခင်ကျော့၊ မမိမိလှိုင်(အား/ကာ)၊ ကိုဝင်းမောင်၊ ကိုစောကျော်လှိုင်(ရဲတပ်ကြပ်)-မတင်တင်ယု၊ မအေးအေးမြင့် (နည်းပြ-YEC)နှင့် တူ၊တူမခြောက်ယောက်တို့၏ ချစ်လှစွာသော ဦးလေးသည် ၂၃-၄-၂၀၀၄ရက်တွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၅-၄-၂၀၀၄ (တနင်္ဂနွေနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အောင်ဆန်းကွင်းနေအိမ်မှကားများ နံနက်၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်စိုး(ခ)ဦးတင်စိုးမြင့်(ခ)
ဦးတူး အသက်(၅၀)
K.M.K အအေးခန်းစက်ရုံ

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေအရှေ့(၁၀)လမ်း၊ အမှတ်(၄၃၆)နေ(ဦးကိုကိုကြီး- ဒေါ်အေးမှီ)တို့၏သား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးသာကြွယ်-ဒေါ်လှမြင့်တို့၏ သားသမက်၊ ဒေါ်ခင်ပြုံး၏ ခင်ပွန်း၊ မဇာဇာစိုးမြင့် (စက်မှုလက်မှုဘဏ်)၊ မောင်အောင်လှိုင်စိုးမြင့်တို့၏ဖခင်၊ ဦးစိုးလင်း-ဒေါ်တင်ဥ၊ ဦးထွန်းဝင်း-ဒေါ်စန်းတို့၏မောင်၊ ဦးထွန်းရွှေ-ဒေါ်တင်တင်ကြူ၊ဦးသန်းမင်း-ဒေါ်မြမြခက်(ပုံနှိပ်ရေး)၊ ဦးထွန်းညွန့်-ဒေါ်ခင်စိုးမော်၊ ကိုအေးလွင်-မခင်စိုးဝေ၊ အလုံမြို့နယ်နေ ဦးစိန်ဝင်း-ဒေါ်သန်းလှ၊ ဦးဖုန်းမြင့်-ဒေါ်ရီ၊ ကိုအောင်ဖုန်း-မမြင့်မြင့်ကြည်၊ ကိုဟန်သိန်း-မဇင်မာ၊မစိန်အေးတို့၏ အစ်ကိုသည် ၂၄-၄-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပါရမီခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ စစ်ဆေး စံချိန်စံညွှန်းမီပြီး သတ်မှတ်ချိန်ထက်စော၍ပြီးစီးအောင် ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဧပြီ ၂၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၉နာရီခွဲတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ပါရမီခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၄ သို့

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ပါရမီခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆားလင်းကြီးမြို့နယ် ငွေသာရေလှောင်တမံမှ လယ်မြေဧက ၃၀၀၀ ကို ရေပေးဝေနိုင် သောက်သုံးရေဖူလုံခြင်း၊ ဒေသစိမ်းလန်းစိုပြည်ခြင်း အကျိုးတရားများ ခံစားရမည် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားသည်ထက်မြင့်မားအောင် ကြိုးပမ်း

ရန်ကုန် ဧပြီ ၂၄

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ငွေသာကျေးရွာအနီး ငွေသာချောင်းပေါ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ပြီးစီးသွားသည့် ငွေသာရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီ ၄၅မိနစ်တွင် ငွေသာရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး ရေလှောင်တမံကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ငွေသာရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းနှင့် မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းနှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မုံရွာခရိုင်အတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့ဝင်များ၊ ငွေသာ ရေလှောင်တမံ တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ ဝန်ထမ်းများ၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

လေပြင်းတိုက်ခတ်မည့် သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဧပြီ ၂၄

အနောက်တောင် မုတ်သုံလေ မကျရောက်မီ ကာလအတွင်း မြန်မာနိုင်ငံ အရပ်ရပ်တို့တွင် မွန်းလွဲ၊ ညနေပိုင်းတို့၌ နေရာကွက်၍ မိုးထစ်ချုန်းရွာပြီး မိုးသက်လေပြင်းများ ကျရောက်နိုင်သည်။ တစ်ခါတစ်ရံ မိုးသက်လေပြင်းနှင့်အတူ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ မိုင် ၅၀အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတိပေးချက် ထုတ်ပြန်သည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့် မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ငွေသာရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားတွင် ရေလှောင်တမံကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)